# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

**၁၃၈၆ ခုနှစ် ၊ တပေါင်းလဆန်း(၇)ရက် ၊ ဗုဒ္ဓဟူးနေ့ ၊ (5-3-2025) ၊ အတွဲ (၃၃) ၊ အမှတ် (၃၀၉)**


**ဒို့တာဝန်အရေးသုံးပါး**

- ❖ ပြည်ထောင်စုမပြိုကွဲရေး။
- ❖ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- ❖ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။


၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့်ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် NCA ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတ H. E. Vladimir Vladimirovich Putin နှင့် သီးခြားတွေ့ဆုံဆွေးနွေး



နေပြည်တော် မတ် ၄

ရုရှားဖက်ဒရေးရှင်းနိုင်ငံ သမ္မတ H.E. Vladimir Vladimirovich Putin ၏ ဖိတ်ကြားချက်အရ ရုရှားဖက်ဒရေးရှင်းနိုင်ငံသို့ တရားဝင်ချစ်ကြည်ရေးခရီး ရောက်ရှိနေသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ယနေ့ ဒေသစံတော်ချိန် ညနေပိုင်းတွင် မော်စကိုမြို့ ကရင်မလင်နန်းတော်၌ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သမ္မတ H.E. Vladimir Vladimirovich Putin နှင့် သီးခြားတွေ့ဆုံဆွေးနွေးသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်အား ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတက ရင်းရင်းနှီးနှီးကြိုဆိုနှုတ်ဆက်ပြီး သီးခြားတွေ့ဆုံဆွေးနွေးသည်။

**စာမျက်နှာ ၁၆ ကော်လံ ၁ ☞**

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ သမ္မတ H.E.Vladimir Vladimirovich Putin တို့ သီးခြားတွေ့ဆုံဆွေးနွေးစဉ်။**


အီတလီနိုင်ငံထုတ် ခေတ်မီစက်ကိရိယာများအသုံးပြုကာ အီတလီနည်းပညာဖြင့်ထုတ်လုပ်ထားသည့်အရည်အသွေးကောင်းမွန်သော နေပူခံကျောက်ပြား၊ အိမ်တွင်းအလှဆင် ကျောက်ပြားနှင့်ရေချိုးခန်းသုံးကျောက်ပြား အရွယ်အစားမျိုးစုံ . .

**CNC 3D** ရုပ်လုံးဖော်စက်ကြီးများအသုံးပြု၍ ဗုဒ္ဓဆင်းတုတော်များ၊ ရုပ်ထုများကျောက်ထွင်းပန်းချီကားများ၊ လူသုံးကုန်ပစ္စည်းများ အား ထုတ်လုပ် ဖြန့်ဖြူး ရောင်းချလျက်ရှိပါသည်။

**မာဘယ်ကျောက်ပြားစက်ရုံ (မန္တလေး)**

ဆက်သွယ်ရန် ဖုန်း – ၀၉ ၆၉၁၂၃၁၆၃၉ ၊ ၀၉ ၆၆၉၂၅၉၉၅၄



ရတနာပုံ

၂၀၂၅ ခုနှစ် မတ် ၅ ရက်

အယ်ဒီတာ့အာဘော်

## ချစ်ကြည်ရေးခရီးစဉ်တစ်လျှောက် ကောင်းကျိုးမင်္ဂလာ ဝေဖြာထွန်းတောက်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတ မစ္စတာဗလာဒီမာပူတင်၏ ဖိတ်ကြားချက်အရ နိုင်ငံတော်အဆင့် ချစ်ကြည်ရေးခရီးစဉ်ကို မတ် ၃ ရက်တွင် နေပြည်တော် တပ်မတော်လေဆိပ်မှ စတင်အောင်မြင်စွာ ထွက်ခွာခဲ့သည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့သည် ဒေသစံတော်ချိန် ညနေပိုင်းတွင် မော်စကိုမြို့ရှိ ဘနုကာဘာအပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိကြသည်။ လေဆိပ်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ကို ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုင်ငံတော်ဂုဏ်ပြုတပ်ဖွဲ့က နိုင်ငံတော်အဆင့် ချစ်ကြည်ရေးခရီးစဉ်လာရောက်သည့် နိုင်ငံ့ခေါင်းဆောင်များကို ကြိုဆိုသည့်အစဉ်လာနှင့်အညီ ဂုဏ်ပြုကြိုဆိုသည့်မြင်ကွင်းမှာ နိုင်ငံတော်ကိုချစ်မြတ်နိုးသူ၊ တပ်မတော်ကိုအားပေးထောက်ခံသူများအတွက် မိမိနိုင်ငံ့ခေါင်းဆောင်အပေါ် ယုံကြည်ကိုးစားမှုအပြည့်အဝဖြင့် အထူးအားရကျေနပ်ဖွယ်ကောင်းလှသော မြင်ကွင်းတစ်ခုဖြစ်ခဲ့ရသည်။

လက်ရှိအချိန်တွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံသို့ တရားဝင်ချစ်ကြည်ရေးခရီးစဉ်ရောက်ရှိနေသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့သည် ခရီးစဉ်အတွင်း ရုရှားဖက်ဒရေးရှင်းနိုင်ငံ သမ္မတအပါအဝင် ဝန်ကြီးချုပ်၊ လွှတ်တော်ဥက္ကဋ္ဌများ၊ တာဝန်ရှိသူများနှင့်တွေ့ဆုံဆွေးနွေးရန်ဖြစ်သော်လည်း နိုင်ငံတော်အကြီးအကဲသည် မိုင်ထောင်ချီခရီးသွားရစဉ် ခရီးပန်းပေမဲ့ နားနေအပန်းဖြေခြင်းမျိုးမလုပ်ဘဲ ဒေသစံတော်ချိန် ညနေပိုင်း၌ မော်စကိုမြို့ရှိ မြန်မာထေရဝါဒဗုဒ္ဓစင်တာသို့ သွားရောက်၍ ကျောင်းထိုင်ဆရာတော်ကို ဖူးမြော်ကြည်ညိုခဲ့သည်။ ရုရှားနိုင်ငံတွင် ဗုဒ္ဓသာသနာပြုလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများနှင့်ပတ်သက်၍ မေးမြန်းလျှောက်ထား၍ လိုအပ်သည်များဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

အဆိုပါ မော်စကိုမြို့ရှိ မြန်မာထေရဝါဒဗုဒ္ဓစင်တာကို ၂၀၂၁ ခုနှစ်တွင် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အလှူရှင်များက ရေစက်ချလှူဒါန်းခဲ့ခြင်းဖြစ်သည်။ ယခုအခါတွင် ရုရှားနိုင်ငံရှိ ဗုဒ္ဓဘာသာဝင်များနှင့် အိမ်နီးချင်းနိုင်ငံများမှ ဗုဒ္ဓဘာသာဝင်များ သာသနာရေးလုပ်ငန်းများဆောင်ရွက်ရာတွင် အလေးထားရသည့်နေရာအဖြစ် ရပ်တည်နေပြီဖြစ်သည်။ ရုရှားနှင့်မြန်မာ နှစ်နိုင်ငံတို့ကြား တည်ရှိပြီးသော ချစ်ကြည်ရင်းနှီးမှုကို အချိုပေါ်သကာဆင့်သကဲ့သို့ ထပ်လောင်းအားဖြည့်ခိုင်မာစေမည့် ချစ်ကြည်ရေးခရီး၏ နိဒါန်း၌ အမျိုးဘာသာ သာသနာကို ဦးထိပ်ပန်ဆင်မှုပြုခဲ့သော နိုင်ငံတော်ဝန်ကြီးချုပ်ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့၏ ဆောင်ရွက်မှုသည် ကောင်းသောကုသိုလ်ကံဖြင့်အစချီခြင်းဖြစ်သည့်အတွက် ခရီးစဉ်တစ်လျှောက် ကောင်းကျိုးမင်္ဂလာ ဝေဖြာထွန်းတောက်နေမည်သာဖြစ်ပါသည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဦးဆောင်သော မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့သည် ချစ်ကြည်ရေးခရီးစဉ်အတွင်း ရုရှားသမ္မတ၊ ရုရှားနိုင်ငံဝန်ကြီးချုပ်၊ လွှတ်တော်ဥက္ကဋ္ဌများ၊ ရုရှားအစိုးရအဖွဲ့မှ တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးခြင်းကို ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ မြန်မာ-ရုရှား နှစ်နိုင်ငံအစိုးရနှင့် ကဏ္ဍပေါင်းစုံတွင် မဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာကိစ္စရပ်များ ပိုမိုတိုးတက်ခိုင်မာအောင် ဆွေးနွေးဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းထုတ်ပြန်ထားပြီးလည်းဖြစ်ပါသည်။ ခရီးစဉ်၏ အစအဦးတွင် ဆောင်ရွက်ခဲ့ကြသော ကုသိုလ်အရှိန်အဟုန်နှင့် ကံ၊ ဉာဏ်၊ ဝီရိယ အစွမ်းတို့ကြောင့် နိုင်ငံနှင့်ပြည်သူများ ဖွံ့ဖြိုးတိုးတက်ကြီးပွားချမ်းသာရေး လက်တွေ့ကျသော ရည်မှန်းချက်များသည် မလွဲဧကန် အမှန်ပင်အောင်မြင်လာမည်ဟု အလေးအနက်ယုံကြည်ပါကြောင်း ရေးသားလိုက်ရပါသည်။

## ၂၀၂၅ ခုနှစ်၊ နှစ် ၈၀ ပြည့် တပ်မတော်နေ့ ဦးတည်ချက်များ

(က) ဒို့တာဝန်အရေး(၃)ပါးကို အစဉ်အမြဲဦးထိပ်ပန်ဆင်ပြီး တပ်မတော်၏အဓိကလုပ်ငန်းကြီး (၃)ခုဖြစ်သည့် နိုင်ငံတော်ကာကွယ်ရေးတာဝန်၊ လေ့ကျင့်ရေးတာဝန်နှင့် ပြည်သူ့အကျိုးပြုလုပ်ငန်းတာဝန်များအား ကျရာအခန်းကဏ္ဍမှ အားသွန်ခွန်စိုက် ပါဝင်ဆောင်ရွက်ရေး။

(ခ) နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် လက်နက်ကိုင်ပဋိပက္ခများချုပ်ငြိမ်းပြီး စစ်မှန်သည့်ထာဝရငြိမ်းချမ်းရေးရရှိရန် ဆောင်ရွက်ရာတွင် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဦးတည်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံတော်နှင့်နိုင်ငံသားများအပေါ်ကျရောက်လာနိုင်သည့် ဘေးအန္တရာယ်များမှ ကာကွယ်စောင့်ရှောက်ရေး၊ ပြည်သူလူထု၏ လူမှုဘဝလုံခြုံရေးနှင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးတို့ကို ဘက်ပေါင်းစုံကကူညီဆောင်ရွက်ပေးရေး။

(ဃ) ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကြီးပေါ်ထွန်းလာစေရေး အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပနိုင်ရေး တပ်မတော်က လိုအပ်သည်များ ကူညီဆောင်ရွက်ပေးရေး။

## မန္တလေးမြို့တွင် မြန်မာ့ရိုးရာနှစ်သစ်ကူးအတာသင်္ကြန်ပွဲတော် စည်ကားသိုက်မြိုက်စွာကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး




**မန္တလေး မတ် ၄**

မန္တလေးမြို့တွင် ယခုနှစ် မြန်မာ့ရိုးရာ နှစ်သစ်ကူးအတာသင်္ကြန်ပွဲတော်စည်ကားသိုက်မြိုက်စွာကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို မတ် ၃ ရက် မွန်းလွဲပိုင်းက မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ မြန်မာ့ရိုးရာနှစ်သစ်ကူး အတာသင်္ကြန်ပွဲတော်ကျင်းပရေးကော်မတီများမှ အဖွဲ့ဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

ရှေးဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်ဦးမျိုးအောင်က နှစ်စဉ်နှစ်တိုင်း အစဉ်အလာမပျက် ကျင်းပလျက်ရှိသည့် မြန်မာ့ရိုးရာ နှစ်သစ်ကူး အတာသင်္ကြန်ပွဲတော်ကို မန္တလေးမြို့တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေးအတွက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးဖြစ်ကြောင်း၊ ကော်မတီများအလိုက် လုပ်ငန်းများခွဲဝေချထားပေးပြီးဖြစ်ကြောင်း၊ မြန်မာ့ရိုးရာ နှစ်သစ်ကူးအတာသင်္ကြန်ပွဲတော်သည် ရှေးနှစ်ပေါင်းများစွာမှ ယနေ့ထိ မြန်မာတစ်မျိုးသားလုံး ပါဝင်ဆင်နွှဲလျက်ရှိသည့် ပွဲတော်ဖြစ်ပြီး ယူနက်စကို၏ လူသားမျိုးနွယ်ကိုယ်စားပြု ဒြပ်မဲ့ယဉ်ကျေးမှု အမွေအနှစ်စာရင်းဝင် အတည်ပြု သတ်မှတ်ခံရသည့် ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်ရိုးရာ ပွဲတော်တစ်ခုဖြစ်ကြောင်း၊ ဖွင့်ပွဲ၊ ပိတ်ပွဲအခမ်းအနားများကို ယခင်နှစ်များထက် ပိုမိုအနှစ်သာရရှိစွာဖြင့် အေးချမ်းပျော်ရွှင်စွာ ပါဝင်ဆင်နွှဲ၍ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ရာ အတွေ့အကြုံများအပေါ် အားသာချက်၊ အားနည်းချက်များသုံးသပ်ကာ တစ်တပ်တစ်အားကြိုးပမ်းသွားကြရမည် ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးများက မြန်မာ့ရိုးရာ နှစ်သစ်ကူး အတာသင်္ကြန်ပွဲတော် ဖွင့်ပွဲ၊ ပိတ်ပွဲအခမ်းအနားများနှင့် ပတ်သက်၍ ဖြည့်စွက်ဆွေးနွေးပြောကြားပြီး လုပ်ငန်းကော်မတီဝင်များက လုပ်ငန်းကဏ္ဍများအလိုက် ဆောင်ရွက်မည့်အစီအမံများကို ရှင်းလင်းတင်ပြကြရာ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်က ဖြည့်စွက်ဆွေးနွေးချက်များနှင့် ရှင်းလင်းတင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**မျိုးကျော်**

## မုံရွာမြို့နယ်တွင် မိုးသီးနှံပဲစင်းငုံ ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီး တစ်ဧကလျှင် ၁၅ ဒသမ ၃၂ တင်း ထွက်ရှိ

**မုံရွာ မတ် ၄**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် မုံရွာမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သည့် ပဲစင်းငုံ ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၁၅ ဒသမ ၃၂ တင်း ထွက်ရှိကြောင်း မုံရွာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မုံရွာမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲစင်းငုံ ၁၂၃၅၅ ဧကထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါစိုက်ပျိုးထားသော ပဲစင်းငုံစိုက်ခင်းများကို ၂၀၂၄ ခုနှစ် ဒီဇင်ဘာလမှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၁၅ ဒသမ ၃၂ တင်း ထွက်ရှိကြောင်း သိရသည်။

"မိုးသီးနှံစိုက်ပျိုးရာသီ မုံရွာမြို့နယ်မှာ ပဲစင်းငုံ ၁၂၃၅၅ ဧကထိ စိုက်ပျိုးနိုင်ခဲ့ပါတယ်။ လက်ရှိမှာတော့ အဲဒီစိုက်ပျိုးထားတဲ့ ပဲစင်းငုံစိုက်ခင်းတွေအားလုံး ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ ပဲစင်းငုံစိုက်ပျိုးမှုအနေနဲ့ လျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ပါတယ်။ ပဲစင်းငုံစိုက်ပျိုးရာမှာ အထွက်နှုန်း ကောင်းမွန်ဖို့လဲ ဆောင်ရွက်ပေးခဲ့ပါတယ်။ ပဲစင်းငုံကို သီးသန့်စိုက်ပျိုးကြသလို သီးထပ်သီးညှပ်အနေနဲ့လဲ စိုက်ပျိုးကြပါတယ်" ဟု မုံရွာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုးသက်အောင်က ပြောပြသည်။

ပဲစင်းငုံကို အထွက်နှုန်းကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက နိုင်ငံတွင်း စားသုံးမှုဖူလုံစေသည့်အပြင် ပြည်ပသို့ပါ တင်ပို့ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများဖွံ့ဖြိုးလာမည်ဖြစ်သောကြောင့် ပဲစင်းငုံကို ပိုမိုတိုးချဲ့ စိုက်ပျိုးနိုင်ရန် ဒေသမရွေး ကြိုးပမ်းသင့်ကြောင်း မုံရွာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုးသက်အောင်က ပြောပြ၍ သိရသည်။ (၂၀၆)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၀၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊ ၀၉-၄၅၈၈၈၉၁၃၀၀၊ ကြော်ငြာ-၈၄ လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊ E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဧဝရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# ဝမ်းတွင်းမြို့နယ် သံဘိုကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေမှု ကွင်းဆင်းစစ်ဆေး

**ဝမ်းတွင်း မတ် ၄**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် ဝမ်းတွင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာနမှ သံဘိုကျေးရွာ၌ မြစိမ်းရောင် ကျေးရွာစီမံကိန်း လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို မတ် ၃ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဝမ်းတွင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုဦးနှင့် မြို့နယ်စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက သံဘိုကျေးရွာရှိ မြစိမ်းရောင်ကျေးရွာ စီမံကိန်း ရန်ပုံငွေဖြင့် ၅၂ ဒသမ ၉ သန်းဖြင့် ဆောင်ရွက်ထားသည့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကုန်ထုတ်လုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြစိမ်းရောင် ကျေးရွာစီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များနှင့်တွေ့ဆုံကာ လစဉ်ဖြည့်သွင်းရမည့် ငွေစာရင်းဇယားများ ပြည့်စုံမှန်ကန်မှုရှိမရှိ စစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လိုအပ်သည်များ ဆွေးနွေးမှာကြားသည်။

အဆိုပါသံဘိုကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၄၃ ဦးကို ငွေကျပ် ၁၆ ဒသမ ၅၅ သန်း၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၁၀၄ ဦးကို ငွေကျပ် ၃၃ ဒသမ ၁၅ သန်းနှင့် ကုန်ထုတ်လုပ်ငန်း လုပ်ကိုင်သူ လေးဦးကို ငွေကျပ် ၃ ဒသမ ၈၂ သန်း စုစုပေါင်းအသင်းသား၊ အသင်းသူ ၁၅၁ ဦးကို အရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် ၅၂ ဒသမ ၉ သန်း ထုတ်ချေးပေးထားကြောင့် ဝမ်းတွင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**အောင်ရဲကျော်**



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဇီဝိတဒါနသံဃာ့ဆေးရုံကြီးတွင် မန္တလေးမြို့ မဟာမြိုင်အပိုင်း(၂) နေ ကွယ်လွန်သူ အဖိုး ဦးရွှေထွန်းအောင် တစ်နှစ်ပြည့်ရည်စူး၍ ညီမ ဒေါ်ခင်ထားဆွေ၊ ဒေါ်ခင်သီတာ ကောင်းမှု ဆေးပဒေသာပင်အတွက် အလှူငွေကျပ် ၅၀၀၀၀၀၊ ဆိုလာမီးတိုင်နှစ်တိုင်အတွက် အလှူငွေကျပ် ၃၀၀၀၀၀ စုစုပေါင်း ငွေကျပ် ၈၀၀၀၀၀ လှူဒါန်းရာ နာယက ဂုဏ်ထူးဆောင်ပါမောက္ခ ဒေါက်တာဦးမိတ်၊ ဆေးရုံအုပ်ကြီး ဒေါက်တာဦးခင်မောင်၊ ဆေးရုံအုပ် ဒေါက်တာဦးတင်ဝင်းတို့က လက်ခံရယူစဉ်။

# ယင်းမာပင်ခရိုင်တွင် မြေပဲ ၁၄၅၇၅ ဧက နုတ်သိမ်းပြီးစီး တစ်ဧကလျှင် ၆၃ ဒသမ ၂ တင်း ထွက်ရှိ



**ယင်းမာပင် မတ် ၄**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင်တွင် မြေပဲ ၁၄၅၇၅ ဧက နုတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၆၃ ဒသမ ၂ တင်းထွက်ရှိကြောင်း ယင်းမာပင်ခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယင်းမာပင်ခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၃၃၄၂၄ ဧကထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါစိုက်ပျိုးထားသော မြေပဲစိုက်ခင်းများကို ယခုနှစ် ဇန်နဝါရီလမှစတင်နုတ်သိမ်းခဲ့ရာ ယနေ့ထိ ၁၄၅၇၅ ဧကနုတ်သိမ်း ပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၆၃ ဒသမ ၂ တင်းထွက်ရှိကြောင်း သိရသည်။

"ယင်းမာပင်ခရိုင် ဆောင်းသီးနှံ စိုက်ပျိုးရာသီမှာ မြေပဲ ၃၃၄၂၄ ဧကထိ စိုက်ပျိုးနိုင်ခဲ့ပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့ မြေပဲခင်းတွေ အခုလက်ရှိအချိန်မှာတော့ နုတ်သိမ်းလျက်ရှိပါတယ်။ ဒီနေ့ထိ ၁၄၅၇၅ ဧက နုတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧကထက် တိုးချဲ့စိုက်ပျိုးနိုင်ခဲ့ပါတယ်။ မြေပဲစိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက် တစ်နှစ် တိုးတက်လာပါတယ်"ဟု ယင်းမာပင်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မြတ်မိုးဝင်းက ပြောပြသည်။

ယင်းမာပင်ခရိုင်တွင် မြို့နယ်အလိုက် မြေပဲနုတ်သိမ်းပြီးစီးမှုအနေဖြင့် ယင်းမာပင်မြို့နယ်တွင် ၄၆၅ ဧက၊ ကနီမြို့နယ်တွင် ၂၇၆၂ ဧက၊ ဆားလင်းကြီးမြို့နယ်တွင် ၁၀၂၆၈ ဧကနှင့် ပုလဲမြို့နယ်တွင် ဧက ၁၀၅၀ စုစုပေါင်း ၁၄၅၇၅ ဧက တို့ဖြစ်ကြောင်း သိရသည်။

ယင်းမာပင်ခရိုင်တွင် မြေပဲစိုက်ခင်းများကို အောင်မြင်ဖြစ်ထွန်းနိုင်ရေး၊ ပိုးမွှားရောဂါကျရောက်မှုမရှိစေရန် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

မြေပဲကို အထွက်နှုန်းကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးဆီဖူလုံစေသည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးလာမည်ဖြစ်သောကြောင့် မြေပဲကို ပိုမိုတိုးချဲ့စိုက်ပျိုးနိုင်ရန် ဒေသမရွေး ကြိုးပမ်းသင့်ကြောင်း ယင်းမာပင်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မြတ်မိုးဝင်း ထံမှ သိရသည်။

(၂၀၆)

# ကြံခင်းမြို့နယ် စမ်းကြီးကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း စစ်ဆေး

**ကြံခင်း မတ် ၄**

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်ခရိုင် ကြံခင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက စမ်းကြီးကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း (VDP)ဖြင့် ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုကို မတ် ၃ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့သည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကြံခင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးယဉ်မင်းဦးနှင့် တာဝန်ခံဝန်ထမ်းများကကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း အဖွဲ့ဝင်များနှင့်အတူ စမ်းကြီးကျေးရွာ၌ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်း လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာရှိ ရပ်မိရပ်ဖများ၊ ကျေးရွာသူ၊ ကျေးရွာသားများနှင့်တွေ့ဆုံကာ လုပ်ငန်းများ သတ်မှတ် စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးရေး မှာကြားခဲ့သည်။

ကြံခင်းမြို့နယ် စမ်းကြီးကျေးရွာ၌ အရှည်ပေ ၅၄၀၊ အကျယ်ကိုးပေ၊ အမြင့် ခြောက်လက်မရှိ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းပံ့ပိုးရန်ပုံငွေကျပ် ၁၅ သန်း၊ ကျေးရွာနေ ပြည်သူထည့်ဝင်ငွေကျပ် သုံးသန်းဖြင့် အဆိုပါဦးစီးဌာန ဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ယခုနှစ် ဖေဖော်ဝါရီလ ပထမပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၉၀ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်းသိရသည်။ **သံသာ**

# ညောင်တုန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဖေဖော်ဝါရီလအတွင်း နှစ်လခွဲစပါး တင်းရေ ၆၇၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

**ညောင်တုန်း မတ် ၄**

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ပြီးခဲ့သည့် ဖေဖော်ဝါရီလအတွင်း နှစ်လခွဲစပါးတင်းရေ ၆၇၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ညောင်တုန်းမြို့နယ်မှ ဆန်စပါးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ချိုချိုမာက ပြောပြ၍ သိရသည်။

ညောင်တုန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ယခုနှစ် ဇန်နဝါရီလ တစ်လအတွင်းက နှစ်လခွဲစပါး အမျိုးအစား တင်းရေ ၅၂၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဖေဖော်ဝါရီလ ၁ ရက်မှ ၂၈ ရက်ထိ တစ်လအတွင်း နှစ်လခွဲစပါး အမျိုးအစားတင်းရေ ၆၇၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

''ဖေဖော်ဝါရီလအတွင်း နှစ်လခွဲစပါး တင်းရေ ၆၇၀၀၀ ထိ ရန်ကုန်ဈေးကွက်ကို တင်ပို့ရောင်းချခဲ့ရပါတယ်။ ညောင်တုန်းမြို့နယ်ကနေ စပါးတွေ၊ ဆန်တွေနဲ့အခြားလယ်ယာထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်ထဲ အများဆုံး တင်ပို့ရောင်းချနေပါတယ်။ နှစ်လခွဲစပါး အမျိုးအစားက အချောအုပ်စုထဲမှာပါတဲ့ စပါးအမျိုးအစားဖြစ်ပါတယ်။ အဲဒီစပါးတွေကို ရန်ကုန်ဈေးကွက်က ဝယ်ယူအားများနေလို့တင်ပို့အား ကောင်းခဲ့တာဖြစ်ပါတယ်။ တခြားစပါး တွေနဲ့ယှဉ်ရင်ပြီးခဲ့တဲ့ တစ်လအတွင်းမှာကော၊ လတ်တလောအနေနဲ့ပါ နှစ်လခွဲစပါးအမျိုးအစားက အရောင်းအဝယ်ပိုကောင်းနေပါတယ်''ဟု ညောင်တုန်းမြို့နယ်မှ ဆန်စပါးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ချိုချိုမာက ပြောပြသည်။

ညောင်တုန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် တစ်လအတွင်းတင်ပို့ရောင်းချခဲ့သည့်နှစ်လခွဲစပါး အမျိုးအစားတင်းရေ ၁၀၀ လျှင် ငွေကျပ် ၁၇၈၀၀၀၀ ထိ ပေါက်ဈေးရှိကြောင်း၊ အဆိုပါ စပါးများ အရောင်းအဝယ်ကောင်းလာသည့်အတွက် တောင်သူများ၊ ကုန်သည်များ၊ ကုန်တင်ကုန်ချလုပ်သားများ၊ ကုန်တင်ယာဉ်အငှားလိုက်သူများ အလုပ်အကိုင် အဆင်ပြေလျက်ရှိကြောင်း ဆန်စပါးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ချိုချိုမာက ပြောပြ၍ ဆက်လက်သိရသည်။ **ကျော်ကျော်လင်း**



# တတိယဖွားစောကျောက်စာ

**မောင်သာ(ရှေးဟောင်းသုတေသန)**

မြန်မာ့သမိုင်း၌ စည်းလုံးညီညွတ်သော ပထမမြန်မာနိုင်ငံတော်ဟု သမိုင်းပညာရှင်များသတ်မှတ်ထားသည့် ပုဂံခေတ်တွင် ဖွားစောအမည်ဖြင့် မိဖုရားလေးပါးရှိခဲ့ရာ ပထမဖွားစောသည် နရသိင်္ခဥစ္စနာမင်း (၁၂၃၁-၁၂၃၅)၏ မိဖုရားကြီး အမိဖုရားစောဖြစ်သည်။ ဒုတိယဖွားစောသည် ထိုမင်း၏ အခြားမိဖုရားတစ်ပါးဖြစ်သော မင်းဝိုင်းဖွားစောဖြစ်၍ တတိယဖွားစောသည် နရသီပတေ့မင်း(တရုတ်ပြေးမင်း) (၁၂၅၆-၁၂၈၇) ၏မိဖုရားတစ်ပါးဖြစ်သော လှဝန်းဖွားစောဖြစ်သည်။ စတုတ္ထဖွားစောမှာမူ ကျော်စွာမင်း (၁၂၈၈-၁၂၉၈)၏ မိဖုရားသစ်မထီး ဖွားစောဖြစ်ကြောင်း ဗိုလ်မှူးဘရှင်ပြုစုသည့် ပုဂံခေတ်ဖွားစောများစာတမ်းတွင် ဖော်ပြထားသည်။

မိဖုရားဖွားစော လေးပါးစလုံးသည် ဘုရားတည်၊ ကျောင်းဆောက်၊ ကျွန်လှူ စသည့်အလှူဒါနများကို ပြုလုပ်၍ ကျောက်စာများ ရေးထိုးခဲ့ကြသည်။ ထို့ကြောင့် ဖွားစောကျောက်စာဟုဆိုလျှင် ဖွားစောများရောထွေးနိုင်သဖြင့် ကျောက်စာရေးထိုးသည့် ဘုရားကိုအစွဲပြုလျက် ကျောက်စာအမည်များ ပေးခဲ့ကြသည်။

ပထမဖွားစောဖြစ်သည့် အမိဖုရားစောသည် ဓမ္မရံကြီးဂူဘုရား၏ အနောက်တောင်ဘက်ရှိ မြောက်ဂူနီဘုရားတွင် ကျောက်စာရေးထိုးခဲ့သဖြင့် ထိုကျောက်စာကို မြောက်ဂူနီဖွားစောကျောက်စာဟု ခေါ်တွင်ခဲ့သည်။ ဒုတိယဖွားစောဖြစ်သည့် မင်းဝိုင်းမိဖုရားက မင်းဝိုင်းဂူဘုရားတွင် ကျောက်စာတစ်ချပ်ကိုရေးထိုးခဲ့ရာ မင်းဝိုင်းဖွားစောကျောက်စာဟုလည်းကောင်း၊ သခင်ဖွားစောကျောက်စာဟုလည်းကောင်း အမည်တွင်ခဲ့သည်။

တတိယဖွားစောဖြစ်သည့် လှဝန်းဖွားစောက ပုဂံ၊ မင်းနန်သူရွာရှိ စောလှဝန်းဘုရားဝင်းအတွင်း၌ ကျောက်စာစိုက်ထူခဲ့ရာ သားတော်ဖြစ်သူ ရာဇသူကို အစွဲပြုလျက် သခင်ရာဇသူနှင့် အမိဖွားစောကျောက်စာ သို့မဟုတ် ရာဇသူဖွားစော ကျောက်စာဟုထင်ရှားခဲ့သည်။ သခင်ရာဇသူသည် ဖွားစော၏ သားတော်ဖြစ်၍ သားတော်အနိစ္စရောက်ပြီးနောက် ကျောက်စာရေးထိုးခဲ့သဖြင့် ကျောက်စာအမည်ကို သားတော်အမည်နှင့် ပူးတွဲမှတ်သားခဲ့ကြသည်။ တတိယဖွားစောရေးထိုးခဲ့သည့် ကျောက်စာသည် နှစ်ချပ်ဖြစ်၍ ကျောက်စာတစ်ချပ်စီတွင် နှစ်မျက်နှာစီ ရေးထိုးထားပြီး ထိုကျောက်စာကို မြန်မာတိုင်းရင်းကျောက်စာများစာအုပ် တတိယတွဲတွင် ခတ်ပုံဖြင့် ဖော်ပြခဲ့သည်။

**တတိယဖွားစော သို့မဟုတ် လှဝန်းဖွားစော**

သမိုင်းပညာရှင်အချို့က လှဝန်းဖွားစောဟု အမည်ပေးထားသည့်ဖွားစောသည် ပုဂံခေတ် ဖွားစောများအနက် တတိယမြောက်ဖြစ်သည်။ တတိယဖွားစောသည် နားတောင်းများမင်း(၁၂၁၁-၁၂၃၁)၏ သားတော်ဖြစ်သော ကျစွာမင်း (၁၂၃၅-၁၂၄၉)နှင့် မိဖုရားစောမင်းလှတို့၏မြေးဖြစ်သည်။

တတိယဖွားစော၏မိခင်သည် ကျစွာမင်းနှင့် စောမင်းလှတို့၏သမီးတော် မင်းမိဖြစ်၍ ခမည်းတော်သည် ဟန်လင်းသည်၏မြေးအမတ်သရေဖြစ်သည်။ ဥဇနာမင်း(၁၂၄၉-၁၂၅၆)၏ မိဖုရားသုံးလုလှသည် ဖွားစော၏အဒေါ်ဖြစ်သဖြင့် ဖွားစောသည် မင်းမျိုးမင်းနွယ်မှ ဆင်းသက်လာသူဖြစ်သည်။ ဖွားစော၏ အစ်မရင်းသည် ရတနာပုံဖြစ်သည်။

ဥဇနာမင်းနှင့် ပန်းပွတ်သည်သမီး စုလည်းထုံးတို့၏သားတော်ဖြစ်သည့် နရသီဟပတေ့ နန်းတက်ချိန်တွင် ဖွားစော၏အစ်မရတနာပုံကို မိဖုရားမြှောက်ခဲ့သည်။ ၁၂၆၂ ခုနှစ်တွင် ရတနာပုံမိဖုရား အနိစ္စရောက်ခဲ့ပြီးနောက် နရသီဟပတေ့သည် ညီမဖြစ်သူ ဖွားစောကို မိဖုရားမြှောက်ခဲ့သည်။ ဖွားစောသည် သားတော်ရာဇသူကို ဖွားမြင်ခဲ့သည်။

၁၂၈၇ ခုနှစ်တွင်နန်းတက်သည့် ဘုရင်ကျော်စွာ (၁၂၈၇-၁၂၉၈)သည် ဖွားစော၏ သားတော်ဖြစ်သည်ဟု အဆိုရှိသော်လည်း ဆွေတော်စဉ်မှတ်တမ်းတွင် ဘုရင်ကျော်စွာ၏ မိခင်ကိုရှင်ဘားဟု ပြဆိုသည်။ ထို့အတူ ကျော်စွာမင်းလက်ထက်တွင် ဖွားစောသည် မိဖုရားအရာကို ဆက်လက်ရရှိသည်ဟုလည်း ဖော်ပြကြသည်။ သို့သော် ကျော်စွာမင်း၏မိဖုရား ဖွားစောသည် လှဝန်းဖွားစောမဟုတ်ဘဲ အခြားဖွားစောတစ်ဦးဖြစ်သည့် သစ်မထီးဖွားစောဖြစ်ကြောင်း ပုဂံခေတ်ဖွားစောများစာတမ်းတွင် ဖော်ပြထားသည်။

**တတိယဖွားစောကျောက်စာ**

တတိယဖွားစောသည် မင်းနန်သူရွာရှိ စောလှဝန်းဘုရားဝင်းအတွင်း၌ ကျောက်စာတိုင်နှစ်တိုင်ကိုစိုက်ထူခဲ့သည်။ ကျောက်စာတိုင်နှစ်ခုလုံးသည့် နှစ်မျက်နှာထိုးကျောက်စာများဖြစ်၍ မြောက်ဘက်ကျောက်စာတိုင်၌ ရှေ့မျက်နှာတွင် စာကြောင်း ၃၇ ကြောင်းနှင့် ကျောဘက်မျက်နှာတွင်

**❖ကျောက်စာတိုင်နှစ်တိုင်တွင် ရေးထိုးသည့်အရေးအသားများသည် အနည်းအကျဉ်းမျှသာ ကွဲလွဲမှုရှိ၍ တောင်ဘက်ကျောက်စာက ပိုမိုပြည့်စုံမှုရှိကြောင်း ပုဂံခေတ်မြန်မာစာ စာအုပ်တွင်သုံးသပ်ထားသည်။ ထိုစာအုပ်မှာပင် ရာဇသူဖွားစောကျောက်စာသည် စာပေအဆင့်ဝင်သည့် ကျောက်စာဖြစ်ကြောင်းနှင့် အလှူစာရင်းများကြောင့် စာအရသာ လျော့သွားသယောင်ရှိသော်လည်း ဖွားစော၏ဘဝကို စာနာခံစားရမှုသည် ပျောက်ပျက်မသွားနိုင်ကြောင်း ဖော်ပြခဲ့သည်။ ဖွားစောသည် သက္ကရာဇ် ၆၂၆ ခုတွင် သာသနာနှစ် ၅၀၀၀ တည်စိမ့်သောငှာ အဖကျောင်းသို့ လယ်နှင့်ကျွန်များလှူခဲ့သည်။ ။❖**

စာကြောင်း ၃၆ ကြောင်းပါရှိသည်။ တောင်ဘက်ကျောက်စာတိုင်တွင်မူ ရှေ့ဘက်မျက်နှာတွင် စာကြောင်း ၃၇ ကြောင်းနှင့် ကျောဘက်မျက်နှာတွင် စာကြောင်း၂၉ ကြောင်းပါရှိသည်။

ကျောက်စာနှစ်ချပ်လုံးကို နမောသဗ္ဗဗုဒ္ဓါနံ (အလုံးစုံသော ဘုရားရှင်အပေါင်းကို ရှိခိုးပါ၏)ဟု အစချီလျက် မြောက်ဘက်ကျောက်စာကို သက္ကရာဇ် ၆၂၆ ခု တန်ဆောင်မုန်းလဆန်း ၁၁ ရက် သောကြာနေ့တွင် ရေးထိုးကြောင်းဖော်ပြထားရာ ခရစ်နှစ်နှင့်ဖလှယ်ပါက ၁၂၆၄ ခုနှစ် အောက်တိုဘာ ၃၁ ရက်ဖြစ်သည်။

တောင်ဘက်ကျောက်စာကို သက္ကရာဇ် ၆၃၁ ခု တန်ဆောင်မုန်းလဆန်း ၁၂ ရက်တွင် ရေးထိုးခဲ့ရာ ထိုရက်သည် ၁၂၆၉ ခုနှစ် အောက်တိုဘာ ၇ ရက် တနင်္လာနေ့ဖြစ်သည်။

ကျောက်စာတိုင်နှစ်တိုင်တွင် ရေးထိုးသည့်အရေးအသားများသည် အနည်းအကျဉ်းမျှသာ ကွဲလွဲမှုရှိ၍ တောင်ဘက်ကျောက်စာက ပိုမိုပြည့်စုံမှုရှိကြောင်း ပုဂံခေတ်မြန်မာစာ စာအုပ်တွင်သုံးသပ်ထားသည်။ ထိုစာအုပ်မှာပင် ရာဇသူဖွားစောကျောက်စာသည် စာပေအဆင့်ဝင်သည့် ကျောက်စာဖြစ်ကြောင်းနှင့် အလှူစာရင်းများကြောင့် စာအရသာလျော့သွားသယောင်ရှိသော်လည်း ဖွားစော၏ဘဝကိုစာနာခံစားရမှုသည် ပျောက်ပျက်မသွားနိုင်ကြောင်းဖော်ပြခဲ့သည်။

ဖွားစောသည် သက္ကရာဇ် ၆၂၆ ခုတွင် သာသနာနှစ် ၅၀၀၀ တည်စိမ့်သောငှာ အဖကျောင်းသို့ လယ်နှင့် ကျွန်များလှူခဲ့သည်။ သက္ကရာဇ် ၆၃၁ ခုတွင် လယ်နှင့်ကျွန်များကို ထပ်မံလှူဒါန်းခဲ့ပြီး ကျော်စွာမင်းလက်ထက် (၁၂၈၇-၁၂၉၈)တွင်လည်း အလှူဒါနများပြု၍ သက္ကရာဇ်၆၅၃ ခုတွင် စေတီတစ်ဆူတည်ခဲ့သည်။

တတိယဖွားစောရေးထိုးခဲ့သည့် ကျောက်စာများသည် အခြားသောပုဂံကျောက်စာများကဲ့သို့ အလှူမှတ်တမ်းပင်ဖြစ်သော်လည်း ဖွားစော၏ဘဝပုံရိပ်များနှင့် တွေ့မြင်ခံစားမှုများပါရှိနေသဖြင့် စိတ်ဝင်စားဖွယ်၊ နှစ်သက်ဖွယ်ကျောက်စာတစ်ချပ်ဖြစ်လာခဲ့သည်။

**ဖွားစောနှင့် မြေအလှူပြဿနာများ**

ဖွားစောသည် သက္ကရာဇ် ၆၅၂ ခုတွင် အလှူနှစ်ကြိမ်ပြုလုပ်ခဲ့ရာ မြတ်ကြီးအစလဗုဒ္ဓိကို ကျောင်းတင်သော အလှူပွဲတွင် ဖွားစောနှင့်အတူ သားတော်ရာဇသူပါဝင်ခဲ့သည်။

ဖွားစောသည် ကျောင်းတင်လှူပွဲနှင့်အတူ မြေများကိုမလှူမီ ထိုမြေများနှင့် ဆက်စပ်နေသည့် အကြောင်းခြင်းရာများကို စဉ်းစားဆင်ခြင်ခဲ့သည်။ ထိုမြေများသည် မူလက မင်းအမတ်လက်ဝဲ ရဲဆုရခဲ့သည့် မြေများဖြစ်သည်။ လက်ဝဲမရှိတော့ချိန်တွင် ဖွားစော၏ခမည်းတော်က အမှုခပ်သိမ်းကို အရေးယူစောင့်ရှောက်ခဲ့သဖြင့် လက်ဝဲ၏မယားသည် ဖွားစော၏ခမည်းတော်(အမတ်သရေ)၏ ကျေးဇူးကို အောက်မေ့ခဲ့သည်။ ထို့ကြောင့် လက်ဝဲမယားက ဖွားစော၏ခမည်းတော်ကို ရဲဆုရခဲ့သည့် မြေအချို့ကိုပေးခဲ့ကြောင်း ခမည်းတော်ပြောပြသဖြင့် ဖွားစောသိရှိထားခဲ့သည်။ ထို့ကြောင့် ထိုမြေများသည် စင်ကြယ်စွာရခဲ့သောမြေများဖြစ်သဖြင့် လှူဒါန်းကြောင်း"ဤမြေကားအရစင်၏။ ငါကျောင်းလှူ၏" ဟု ကျောက်စာတွင်ရေးထိုးခဲ့သည်။

ထိုမြေများကို ခမည်းတော်ကိုယ်တိုင်က လှူဒါန်းလိုခဲ့သော်လည်း အထမမြောက်ခဲ့သဖြင့် ခမည်းတော်၏အကြံအစည်ဖြစ်မြောက်စေရန် သမီးဖြစ်သူ ဖွားစောက ဆောင်ရွက်ပေးခဲ့ခြင်းဖြစ်ကြောင်း "ခမည်းအသံတိုင်းလျှင် ခမည်းကျောင်းလှူသတည်း"ဟူသည့် ကျောက်စာအရေးအသားအရ သိရှိနိုင်ခဲ့သည်။

သက္ကရာဇ် ၆၅၂ ခု တန်ဆောင်မုန်းလပြည့်နေ့ ကထိန်အလှူတွင် ဖွားစောသည် သားတော်ရာဇသူနှင့်တိုင်ပင်ပြီး မြေ ၂၀၀၀ နှင့် ကျွန်များလှူခဲ့ရာ ပုစ်တိုက်သူကြီး ကုသဝတ်၊ မုန်တောင်သူကြီး သတ္တပိုတို့နှင့် အချင်းများခဲ့သည်။ ထိုသူကြီးနှစ်ဦးက ဖွားစောလှူသောမြေများသည် မိမိတို့ပိုင်သည့် မြေများအတွင်းဝင်နေသည်ဟုဆိုကာ ထိုအကြောင်းကို ဖွားစောနှင့်သခင်လေးပါး ကြားသိအောင် ပြောဆိုခဲ့ကြသည်။

တိုင်ကြားမှုကို ဖျက္ကသူပုညာက မေးမြန်းရာ ကျစွာမင်းကြီး၏မြေးဖြစ်သည့် ဖွားစောကို မြေများပေးကြောင်း၊ ဖွားစောက အဖကျောင်း၌လှူကြောင်း အမိန့်ရှိကြသည်။ စစ်မေးသူ အသင်္ချာကလည်း မြေများကို ဖွားစောလှူနိုင်ကြောင်း ပြောခဲ့ကာ မင်းကြီးကိုယ်တိုင်စစ်မေး၍ ကျစွာမင်းကြီး၏မြေးဖြစ်သောကြောင့် ပေးခဲ့ခြင်းဖြစ်သည်။ လှူစေဟု အမိန့်ချမှတ်ခဲ့သဖြင့် ဖွားစောနှင့် သားတော်ရာဇသူတို့က ရေစက်သွန်းချခဲ့ကြသည်။

နောက်ကာလကြာလာချိန်တွင် အငြင်းပွားမှုမဖြစ်စေရန် အမတ်များဖြစ်သည့် အသင်္ချာ၊ ရာဇသင်္ကြံ၊ သိင်္ခသူ၊ စတ္တလက်ပိစည်၊ တက္ခန၊ ဉာဏ္ဍပစ္စရာနှင့် ဗျက္ကသူပညာနှင့်တကွ သံပျင်၊ ကလန်၊ သူငယ်တော်၊ ဟူးရား၊ သမား၊ သုခမိန်များ ရှေ့မှောက်တွင် စာချုပ်ချုပ်ဆိုခဲ့ကြောင်း ကျောက်စာတွင်ထည့်သွင်းရေးထိုးခဲ့သည်။

သက္ကရာဇ် ၆၅၃ ခုနှစ်တွင် သားတော်ရာဇသူ နာမကျန်းဖြစ်ကာ အဖကျောင်း(ရာဇသူ၏ အဘိုးကျောင်း)၌ သာသနာ နှစ် ၅၀၀၀ တိုင် အခါခပ်သိမ်းတည်တံ့စေရန် ရတနာသုံးပါးကို မြေနှင့် ကျွန်များလှူခဲ့ပြန်သည်။ ထိုမြေများသည် ဖွားစောများစွာမြတ်နိုးခဲ့သည့် လယ်မြေများဖြစ်၍ "ဤမြေကား ငါငယ်ကလျှင် ထမင်းရည်လယ်ဟု အစောပေးတော်မူသတည်း"ဟုဖော်ပြခဲ့သည်။ ထိုမြေများသည် နားတောင်းများမင်းလက်ထက်တွင် အသဝတ်သမီး တလုပ်ကြပိုဝ်နှင့် တရားဆိုင်ခဲ့ရသည့် မြေများဖြစ်ကြောင်းကိုပါ ဖော်ပြခဲ့သည်။

ဖွားစောသည် သားတော်ရာဇသူ၏ ကျန်းမာရေးအတွက် ကောင်းမှုပြုခြင်းဖြစ်ကြောင်း "အမိမင်းနှင့်အသက်အလှူဟူ၍ ရေသွန်း"ဟု ကျောက်စာတွင် ရေးထိုးထားသည်။ ကုသိုလ်ကောင်းမှုဖြင့် အသက်အန္တရာယ်ကာကွယ်ခဲ့ခြင်းဖြစ်သောကြောင့် ယတြာချေခဲ့ခြင်းဖြစ်ကြောင်း ပါမောက္ခဆရာစောလူက ကောက်ချက်ချခဲ့သည်။

**စေတီနှင့် ကျွန်အလှူ**

မိဘများမရှိတော့သည့် ဖွားစောသည် သားရာဇသူကပါ မိမိကိုစွန့်ခွာသွားပြီးနောက် ပူဆွေးသောကများစွာဖြင့် သက္ကရာဇ် ၆၅၃ ခုတွင် စေတီတစ်ဆူတည်ခဲ့သည်။ စေတီတည်ပြီးချိန် သက္ကရာဇ် ၆၅၃ ခုနှစ် နယုန်လဆန်း ၁၀ ရက်၌ ကျော်စွာမင်းကြီး(၁၂၈၇-၁၂၉၈)သည် ထွက်တော်မူခဲ့သည်။ မိမိချစ်လှစွာသော အမိအဖနှင့်သားကို ဆုံးရှုံးခဲ့ပြီးနောက် ဖွားစောသည် မိမိတွင်ရှိသမျှကျွန်များကို လှူခွင့်ပေးပါရန် ကျော်စွာမင်းကြီးကို လျှောက်တင်ခဲ့သည်။

ဖွားစော၏ စိတ်ခံစားမှုသည် ကျောက်စာတွင် ပေါ်လွင်နေခဲ့သည်။ အတို့ကျွန် ဖလည်းမရှိ၊ အတို့ကျွန် မိလည်းမရှိ၊ အတို့ကျွန် သားလည်းမရှိ၊ အတို့ကျွန် ဖကျွန်၊ အတို့ကျွန်မိကျွန်၊ အတို့ကျွန် ကျွန်ခပ်သိမ်းသောကျွန်ကား အတို့ကျွန်မိကျောင်း၊ အတို့ကျွန် ဖကျောင်း၊ အတို့ကျွန်သားစေတီ၊ ဤသုံးပါးကိုလှူရကား လှူသောမူပါစေချင်ဟု သနားဖွယ်ရေးထိုးခဲ့ပေသည်။

ကျော်စွာမင်းသည် လှူမည့်ကျွန်များကိုစိစစ်ရန် အမတ်သင်္ချာ၊ ရာဇသင်္ကြံနှင့် သင်္ခသူတို့ကို မိန့်တော်မူ၍ မည်သည့်ကျွန်မှအငြင်းပွားဖွယ်မရှိကြောင်းလျှောက်တင်သည့်အခါ ဖွားစောသည် ကျွန်များကို ကျောင်းနှင့်စေတီသို့ ရေစက်သွန်းချလှူဒါန်းခဲ့သည်။ နောက်ရက် နယုန်လဆန်း ၁၁ ရက်တွင် မြေနှင့် ဥယျာဉ်များကိုပါ ထပ်ဆင့်လှူဒါန်းခဲ့သည်။

**ဆုတောင်းစာနှင့် ကျိန်စာ**

ဖွားစောသားအမိတို့၏ မြေအလှူဆုတောင်းစာတွင် အကြင်လိုသောဆု မရောက်သေးသရွေ့ကား အရွယ်မရောက်တဲ့ အနာညှဉ်းဆဲခြင်း၊ သေခြင်း အန္တရာယ်ကားမဖြစ်ရစေဟု သားအတွက် ဆုတောင်းခဲ့သည်။

စာမျက်နှာ ၅ သို့ ➤

# လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

**“လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အဓမ္မဝင်ရောက်နေထိုင်နေသည့်မြို့ရွာများ၌ တပ်မတော်၏တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန်ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကိုလုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေ ကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါလက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလိုတုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အဓမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့ရွာများရှိပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။”**

( ၃-၉-၂၀၂၄ ရက်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအားပြောကြားသည့် အမှာစကားမှကောက်နုတ်ချက် )

## အရာတော်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော ဖူးစားပြောင်းကေအားလုံး ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီး



**မုံရွာ မတ် ၄**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် အရာတော်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော ဖူးစားပြောင်းဧကအားလုံး ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း မုံရွာခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

အရာတော်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဖူးစားပြောင်းသီးနှံ ၄၂၄၄ ဧကထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါစိုက်ပျိုးထားသော ဖူးစားပြောင်းစိုက်ခင်းများကို ယခုနှစ် ဇန်နဝါရီလမှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ပြောင်းအဖူးရေ ၁၅၀၀၀ ထွက်ရှိခဲ့ကြောင်း သိရသည်။

"ဆောင်းသီးနှံစိုက်ပျိုးရာသီက အရာတော်မြို့နယ်မှာ ဖူးစားပြောင်း ၄၂၄၄ ဧကထိ စိုက်ပျိုးခဲ့ပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့ ပြောင်းခင်းတွေကို လက်ရှိအချိန်မှာတော့ ဧကအားလုံးရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီ ဖြစ်ပါတယ်။ ပြောင်းသီးနှံတွေ ဖြစ်ထွန်းအောင်မြင်ဖို့အတွက် စိုက်ပျိုးရေးဆိုင်ရာ အသိပညာပေးတာတွေ၊ ပိုးမွှားရောဂါကျရောက်မှုမရှိအောင် အသိပညာပေးတာတွေ ဆောင်ရွက်ပေးခဲ့ပါတယ်"ဟု မုံရွာခရိုင်စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်စန်းစန်းမြင့်က ပြောပြသည်။

အရာတော်မြို့နယ်တွင် ဖူးစားပြောင်းစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက သင်တန်းပေးခြင်း၊ ကွင်းသရုပ်ပြပွဲများ ဆောင်ရွက်ပေးခြင်း၊ ဖောင်မြှောင်တောင်ပိုး ကြိုတင်ကာကွယ်ရေး၊ ဘက်စုံသီးနှံ ကာကွယ်ရေးစနစ်ဖြစ်သည့် တမာပိုးသတ်ဆေး၊ ချင်း၊ ငရုတ်ပိုးသတ်ဆေး အသုံးပြုရေး စသည့်စိုက်ပျိုးရေးဆိုင်ရာ အသိပညာများ ဆောင်ရွက်ပေးခဲ့ကြကြောင်း၊ အရာတော်မြို့နယ်၌ ဖူးစားပြောင်းတစ်ဧက စိုက်ပျိုးပါက ငွေကျပ် ငါးသိန်းကျော်ကုန်ကျစရိတ်ရှိကြောင်း သိရသည်။

ဖူးစားပြောင်းသီးနှံများကို အထွက်နှုန်း ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ရာ ဖူးစားပြောင်းသီးနှံများကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း ခရိုင်ဦးစီးမှူး ဒေါ်စန်းစန်းမြင့်က ပြောပြ၍ သိရသည်။(၂၀၆)

➤ စာမျက်နှာ ၄ မှအဆက်

ထို့အတူ မိမိပြုခဲ့သည့် ကောင်းမှုကုသိုလ်အစုစုအတွက် ဆုတောင်းစကားဆိုရာတွင် အဘိုးကျစွာ မင်းကြီး၊ အဘွားစောမင်းလှ၊ မိမိ၏ ခင်ပွန်းသခင်မင်းကြီး၊ မိဘနှစ်ပါးနှင့် ချစ်သားနှစ်ပါး ၊ ဦးရီးတော် သိင်္ဃသူ၊ မိထွေး(အဒေါ်)သုံးလုလှ၊ အစ်မရတနာပုံ၊ မောင်သုံးယောက်၊ ညီမနှစ်ယောက်နှင့် ကွယ်လွန်ခဲ့သော အမျိုးခပ်သိမ်း၊ လက်ရှိအမျိုးခပ်သိမ်း၊ ကျွန်ခပ်သိမ်း၊ အမတ်ခပ်သိမ်း၊ မောင်းမမိသံခပ်သိမ်း အထက်ဘဝဂ်၊ အောက်အဝီစိတိုင်လေးမျက်နှာ အနန္တခပ်သိမ်းရပါစေကြောင်း ဆုတောင်းအမျှဝေခဲ့သည်။

မိမိအတွက် ဆုတောင်းကိုရေးထိုးရာတွင် ငါလည်း ဤကောင်းမှုအကျိုးဖြင့်ကား ဤမှသေလျှင် စွယ်တော်ကိုလျှင် မကွေမကွင်း ညနံနက်လျှင် ရှိခိုးရသော နတ်သားဖြစ်ရလို၏။ ငါလိုသော ဆုမရောက်သောကြားကား ဘုရားလောင်းတကာ ဖြည့်ရာသော ဒသပါရမီကို ဖြည့်ရလိုသတည်းဟု လေးနက်စွာ ဆုတောင်းခဲ့ကြောင်း ဖတ်ရှုရပေသည်။

တောင်ဘက်ကျောက်စာတိုင်တွင် ဆုတောင်းစာကို ကျယ်ကျယ်ပြန့်ပြန့်ရေးထိုးထားရာ လူ၊ နတ်ဖြစ်လျှင် ကြီးမားသောစည်းစိမ်ရရှိပါစေ၊ သဒ္ဓါတရားပြည့်စုံ၍ ဇာတိသရဉာဏ်ပြည့်စုံပါစေ၊ အရိမေတ္တေယျဘုရားရှင်လက်ထက်တွင် အသဒိသအလှူဒါနကြီး ပေးရပါစေ၊ အဆုံးစွန်၌ သဗ္ဗညုတဉာဏ်ဘုရားဆုရရှိ၍ နိဗ္ဗာန်ရပါစေဟု ဘုရားဆုကိုပန်ခဲ့သည်။

ကျိန်စာကိုမူ ငါ့ကောင်းမှုကိုဖျက်ဆီးသော သူကား ထိုမျှလည်း ကောင်းသော ဘုရားတိုင်းကိုမဖူးရ၍ နိယတမိစ္ဆာတိတ္ထိခံခြင်းလျှင် ခံစေကုန်သတည်းဟုသာ တိုတောင်းစွာရေးထိုးခဲ့သည်။

တတိယဖွားစောခေါ် လှဝန်းဖွားစော၏ကျောက်စာသည် ပုဂံခေတ်ထိုး ကျောက်စာအများစုနှင့်မတူဘဲ မိမိ၏ဘဝအစိတ်အပိုင်းတချို့နှင့် ဆင်ခြင်ပိုင်းခြားမှုများကို ရသပေါ်လွင်အောင်ရေးထိုးထားသဖြင့် အလှူနှင့်ဘဝမှတ်တမ်းကျောက်စာအဖြစ် လေ့လာနိုင်ကြမည်ဖြစ်ပါပေသည်။

**ကိုးကား**

- **သခင်ရာဇသူနှင့် အမိဖွားစောကျောက်စာ**
- **မြန်မာ့ရှေးဟောင်းကျောက်စာများ(တတိယတွဲ)(ဦးငြိမ်းမောင်)**
- **ပုဂံခေတ် မြန်မာစာ(စောလူ)**
- **ပုဂံခေတ်ဖွား စောများ(ဗိုလ်မှူးဘရှင်)**

## လတပေါင်း

- လတပေါင်းတွင်  
မြူမင်းလွင်  
ဝန်းကျင်ပတ်ကုန်း ဖုံးသလေ့။

- လတပေါင်းမှာ  
ရော်ရွက်ဝါ  
ကြွေကာဝဲပျံ မှန်သလေ့။

- လတပေါင်းမှာ  
တောင်လေလာ  
ဝဲယာတိုက်ခတ် ပတ်သလေ့။

- လတပေါင်းတွင်  
ရွက်သစ်လွင်  
မြသွင်မြင်ရ လှသလေ့။

- လတပေါင်းမှာ  
နွေပွင့်လွှာ  
ဝေဆာပွင့်လန်း ဆန်းသလေ့။

- လတပေါင်းနွေ  
ဥဩဆွေ  
တေးစေလွမ်းဆဲ မြဲသလေ့။

- လတပေါင်းခါ  
တို့လယ်ယာ  
ရိက္ခာထွက်တိုး ဖြိုးသလေ့။

- လတပေါင်းမီ  
သဲစေတီ  
မျှော်ရည်တည်ထား ပွားသလေ့။ ။

**မန်းတင့်မော်**

## နိုင်ငံတကာ သတင်းများ

# ကနေဒါ၊ တရုတ်နှင့်မက္ကဆီကိုသွင်းကုန်များအပေါ် အမေရိကန်၏အခွန်စည်းကြပ်မှု စတင်အာဏာသက်ဝင်

**ဝါရှင်တန် မတ် ၄**

အမေရိကန်သမ္မတ ဒေါ်နယ် ထရန့်က ကနေဒါနှင့် မက္ကဆီကို သွင်းကုန်များအပေါ် ချမှတ်ထားသော ၂၅ ရာခိုင်နှုန်း အခွန်စည်းကြပ်မှုစည်းမျဉ်းများမှာ ယနေ့တွင်စတင် အာဏာသက်ဝင်ခဲ့ကြောင်း အမေရိကန်မီဒီယာများက သတင်းထုတ်ပြန်ထားသည်။

အလားတူ တရုတ်သွင်းကုန်များအပေါ် ၂၀ ရာခိုင်နှုန်းထိ အခွန်စည်းကြပ်မှု စည်းမျဉ်းသည်လည်း ယနေ့တွင် စတင်အာဏာသက်ဝင်ခဲ့သည်။

ကနေဒါ၊ မက္ကဆီကိုနှင့် တရုတ်နိုင်ငံတို့အနေဖြင့် အမေရိကန်နိုင်ငံအတွင်းသို့ ဖန်တနိုင်ဆေးဝါးများနှင့် ယင်းဆေးများအတွက်လိုအပ်သည့် ဓာတုပစ္စည်းများဝင်ရောက်မှုကို ထိထိရောက်ရောက်တားဆီးနိုင်မှုမရှိခဲ့ကြောင်း အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်ကကြေညာခဲ့ပြီးနောက် အခွန်စည်းကြပ်မှုစည်းမျဉ်းများ စတင်အာဏာသက်ဝင်ခဲ့ခြင်းဖြစ်သည်။

သမ္မတဒေါ်နယ်ထရန့်၏သွင်းကုန်အခွန်စည်းကြပ်မှုစည်းမျဉ်းများ စတင်အာဏာသက်ဝင်ခဲ့ပြီးနောက် အမေရိကန်နိုင်ငံနှင့် တရုတ်၊ မက္ကဆီကိုနှင့် ကနေဒါသုံးနိုင်ငံတို့ကြား ကုန်သွယ်ရေးစစ်ပွဲ ပိုမိုပြင်းထန်လာနိုင်သည်။

တရုတ်နိုင်ငံသည် အမေရိကန်အစိုးရ၏ အခွန်စည်းကြပ်မှုစည်းမျဉ်းများကို ယနေ့မှာပင် တုံ့ပြန်ခဲ့ပြီး အချို့သော အမေရိကန်သွင်းကုန်များကို ၁၀ ရာခိုင်နှုန်းမှ ၁၅ ရာခိုင်နှုန်းထိ မတ် ၁၀ ရက်မှစ၍ အခွန်စည်းကြပ်မည်ဖြစ်ကြောင်း ကြေညာထားသည်။

အလားတူ ကနေဒါနှင့်မက္ကဆီကို နိုင်ငံတို့ကလည်း အမေရိကန်သွင်းကုန်များအပေါ် အခွန်စည်းကြပ်၍ တုံ့ပြန်သွားရန် စီစဉ်ထားကြောင်း သိရသည်။ **Ref : Xinhua**

**Trs : KKO**

# ဘိုလီဗီးယား၌ ကုန်တင်ယာဉ်နှင့် ခရီးသည်တင်ယာဉ် ဝင်တိုက်မိ အနည်းဆုံး လူ ၃၁ ဦးသေဆုံးခဲ့



**ကာပက်ဇ် မတ် ၄**

ဘိုလီဗီးယားနိုင်ငံတောင်ပိုင်း အဝေးပြေးလမ်းတစ်ခုပေါ်၌ မတ်၃ ရက်က ကုန်တင်ယာဉ်တစ်စီးနှင့် ခရီးသည်တင် ဘတ်စကားတစ်စီး ဝင်ရောက်တိုက်မိခဲ့ရာ အနည်းဆုံး လူ ၃၁ ဦး သေဆုံးခဲ့ရကြောင်း သိရသည်။

အဆိုပါယာဉ်တိုက်မှုသည် အိုရူရိုအမည်ရှိမြို့နှင့် ပိုတိုဆီအမည်ရှိ မြို့တို့ကို ချိတ်ဆက်ပေးထားသော အဝေးပြေးလမ်းပေါ်၌ ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

ကုန်တင်ယာဉ်နှင့်ဝင်တိုက်ခဲ့ပြီးနောက် ခရီးသည်တင်ယာဉ်မှာ လမ်းဘေးလျှိုအတွင်းသို့ ထိုးကျခဲ့ရကြောင်း ဘိုလီဗီးယားရဲတပ်ဖွဲ့က သတင်းထုတ်ပြန်ထားသည်။

လက်ရှိအချိန်တွင် ကုန်တင်ကားယာဉ်မောင်းကို ရဲတပ်ဖွဲ့က ဖမ်းဆီးထိန်းသိမ်းထားပြီး ယာဉ်တိုက်မှုဖြစ်ပွားရခြင်းအကြောင်းရင်းကို စုံစမ်းစစ်ဆေးနေဆဲဖြစ်သည်။

မတ် ၁ ရက်ကလည်း ပိုတိုဆီဒေသမှာပင် ခရီးသည်တင်ဘတ်စကားနှစ်စီး ဝင်တိုက်မှုကြောင့် အနည်းဆုံး လူ ၃၇ ဦး သေဆုံးခဲ့ရသည်။

မတ် ၃ ရက် ယာဉ်တိုက်မှုတွင် သေဆုံးခဲ့ရသူများအတွက် ဝမ်းနည်းမှုဖြစ်ကြောင်း ဘိုလီဗီးယားသမ္မတ လူးဝစ် အာစီက လူမှုကွန်ရက်စာမျက်နှာတွင် ရေးသားဖော်ပြထားကြောင်း သိရသည်။

**Ref : RT**

**Trs : KKO**

# ဂျပန်နိုင်ငံခြားရေးဝန်ကြီး တာကီရှီ အီဝါအီကို နိုင်ငံအတွင်းသို့ဝင်ရောက်ခွင့် ရုရှားအစိုးရပိတ်ပင်



**မော်စကို မတ် ၄**

ရုရှားနိုင်ငံသည် ဂျပန်နိုင်ငံခြားရေးဝန်ကြီးအပါအဝင် ဂျပန်နိုင်ငံသား ကိုးဦးကို ရုရှားပြည်တွင်းသို့ ဝင်ရောက်ခွင့် အမြဲတမ်းပိတ်ပင်လိုက်ကြောင်း ရုရှားမီဒီယာများက မတ် ၃ ရက်တွင် သတင်းထုတ်ပြန်ထားသည်။

ရုရှားနိုင်ငံအတွင်းသို့ ဝင်ရောက်ခွင့်ပိတ်ပင်ခံထားရသော ဂျပန်နိုင်ငံသားများစာရင်း၌ ဂျပန်နိုင်ငံခြားရေးဝန်ကြီး တာကီရှီ အီဝါအီ၊ အီဆူဇူး ကားကုမ္ပဏီဥက္ကဋ္ဌ ရှင်ကူကီမီနာမီနှင့် ဂျပန်အစိုးရ နိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ ဒုတိယဥက္ကဋ္ဌ ရှီဟီအိဟာရ တို့လည်း ပါဝင်သည်။

ယူကရိန်းစစ်ပွဲကို အကြောင်းပြု၍ ရုရှားနိုင်ငံအပေါ် ဂျပန်အစိုးရက အရေးယူပိတ်ဆို့မှုများပြုလုပ်ထားမှုကို တုံ့ပြန်သည့်အနေဖြင့် ဂျပန်နိုင်ငံခြားရေးဝန်ကြီးအပါအဝင် ဂျပန်နိုင်ငံသား ကိုးဦးကို ပြည်ဝင်ခွင့် ပိတ်ထားခြင်းဖြစ်ကြောင်း ရုရှားနိုင်ငံခြားရေးဝန်ကြီးဌာန သတင်းထုတ်ပြန်ချက်၌ ဖော်ပြထားသည်။

ရုရှားနိုင်ငံသည် ၂၀၂၄ ခုနှစ် ဇူလိုင်လကလည်းတိုယိုတာကားကုမ္ပဏီ ဥက္ကဋ္ဌအပါအဝင် ဂျပန်နိုင်ငံသား ၁၃ ဦးကို ပြည်ဝင်ခွင့်ပိတ်ခဲ့သည်၊

ထို့ပြင် ရုရှားနိုင်ငံသည် အမေရိကန်နှင့် ကနေဒါအပါအဝင် နိုင်ငံအချို့မှ နိုင်ငံသားများကိုလည်း ပြည်ဝင်ခွင့် ပိတ်ပင်ထားကြောင်း သိရသည်။

**Ref : RT**

**Trs : KKO**

# တူနီးရှားကမ်းလွန်ရေနံတူးစင်ပေါ်၌ ရွှေ့ပြောင်းဝင်ရောက်သူ ဦးရေ ၃၀ ကျော် သောင်တင်နေ

**တူးနစ် မတ် ၄**

တူနီးရှားနိုင်ငံ ကမ်းရိုးတမ်း ကမ်းလွန်ရေပြင်အတွင်းရှိ ရေနံတွင်းတူးစင် တစ်စင်ပေါ်၌ တရားမဝင်ရွှေ့ပြောင်းဝင်ရောက်သူဦးရေ ၃၀ ကျော် သောင်တင်နေကြောင်း ဆီးဝပ်ချ်အမည်ရှိ ပရဟိတအဖွဲ့က မတ် ၃ ရက်တွင် သတင်းထုတ်ပြန်ထားသည်။

ရေနံတွင်းတူးစင်ပေါ်၌ သောင်တင်နေသူ တရားမဝင်ရွှေ့ပြောင်းဝင်ရောက်လာသူများကို ဆီးဝပ်ချ်အဖွဲ့ကစေလွှတ်ခဲ့သည့်ကင်းထောက်လေယာဉ်တစ်စင်းက ရှာဖွေတွေ့ရှိခဲ့ခြင်းဖြစ်သည်။

၎င်းတရားမဝင်ရွှေ့ပြောင်းဝင်ရောက်လာသူများသည် မစ္စကာအမည်ရှိ ရေနံတွင်းတူးစင်ပေါ်တွင် မတ် ၁ ရက်ကပင် စတင်သောင်တင်ခဲ့ပြီး အကူအညီများချက်ချင်းလိုအပ်နေကြောင်း ဆီးဝပ်ချ်အဖွဲ့၏ သတင်းထုတ်ပြန်ချက်၌ ဖော်ပြထားသည်။

မစ္စကာရေနံတွင်းတူးစင်ပေါ်၌ သောင်တင်နေသူများ အနေဖြင့် အစာရေစာပြတ်လပ်နေပြီဖြစ်ရာ ၎င်းတို့ကို ကယ်တင်ပေးရန် ဥရောပ တာဝန်ရှိသူများကို ဆီးဝပ်ချ်အဖွဲ့က တောင်းဆိုထားသည်။

မစ္စကာရေနံတွင်းတူးစင်ပေါ်၌ သောင်တင်နေသည့် တရားမဝင်ရွှေ့ပြောင်းဝင်ရောက်လာသူများမှာ လစ်ဗျားမှစတင်ထွက်ခွာလာသူများဖြစ်ကြသည်။

လူဝင်မှုပြဿနာကို ဖြေရှင်းရန် ကြိုးပမ်းနေသော ဥရောပနိုင်ငံများနှင့်ရယူထားသည့် သဘောတူညီချက်အရ တရားမဝင်ရွှေ့ပြောင်းဝင်ရောက်သူများကို ကြားဖြတ်တားဆီးပေးရန် တူနီးရှားနှင့် လစ်ဗျားတို့က တာဝန်ယူထားရကြောင်း သိရသည်။



**Ref : RT**

**Trs : KKO**

# ပါကစ္စတန်နှင့် အာဖဂန်နိုင်ငံတို့ကြား အဓိက နယ်စပ်ဂိတ်တစ်ခု၌ နှစ်နိုင်ငံ နယ်ခြားစောင့်တပ်များ တိုက်ပွဲဖြစ်ပွား

**အစ္စလာမ္မာဘတ် မတ် ၄**

ပါကစ္စတန်နှင့်အာဖဂန်နစ္စတန်နိုင်ငံတို့ကြား အဓိကနယ်စပ်ဂိတ်တစ်ခု၌ မတ် ၃ ရက် ညပိုင်းက နှစ်နိုင်ငံလုံခြုံရေးတပ်ဖွဲ့ဝင်များကြား တိုက်ပွဲများဖြစ်ပွားခဲ့ရာ ဒေသခံရာပေါင်းများစွာတို့မှာ အိုးအိမ်များစွန့်ခွာ၍ထွက်ပြေးခဲ့ကြရကြောင်း သိရသည်။

သို့ရာတွင် ယနေ့နံနက်ပိုင်းမှစ၍ အခြေအနေများ ပြန်လည်တည်ငြိမ်လာပြီဖြစ်ကြောင်း ပါကစ္စတန်နှင့် အာဖဂန်နစ္စတန်တာဝန်ရှိသူများက ပြောကြားထားသည်။



နှစ်နိုင်ငံ လုံခြုံရေးတပ်ဖွဲ့ဝင်များကြား ပစ်ခတ်တိုက်ခိုက်မှုများသည် ရာမဒါန်ဥပုသ်ကာလ ပါကစ္စတန် စားနပ်ရိက္ခာပို့ကုန်များ အာဖဂန်နစ္စတန် နိုင်ငံအတွင်းသို့ ဝင်ရောက်မှု အများဆုံးအချိန်တွင် ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

အာဖဂန်နယ်ခြားစောင့်တပ်ဖွဲ့ဝင်များက တော်ခမ်းအမည်ရှိ နယ်စပ်ဂိတ် ပါကစ္စတန်နိုင်ငံဘက်ခြမ်းရှိ အဆောက်အအုံများကို စတင်ပစ်ခတ်ခဲ့ပြီးနောက် တိုက်ပွဲစတင်ခဲ့ခြင်းဖြစ်သည်။

တိုက်ပွဲများဖြစ်ပွားစဉ် ပါကစ္စတန်နိုင်ငံဘက်ခြမ်း၌ ဒေသခံဦးရေ ၁၅၀၀၀ ခန့်မှာဘေးလွတ်ရာနေရာများသို့ ထွက်ပြေးခဲ့ရကြောင်း ပါကစ္စတန် တာဝန်ရှိသူများက ပြောကြားထားသည်။

တိုက်ပွဲများ ဖြစ်ပွားခဲ့သော တော်ခမ်းနယ်စပ်ဂိတ်သည် ယခုနှစ် ဖေဖော်ဝါရီ ၂၁ ရက်မှစ၍ ပိတ်ထားသည့် နယ်စပ်ဂိတ်ဖြစ်ကြောင်း သိရသည်။

**Ref : RT**

**Trs : KKO**

# SCIENCE AND TECHNOLOGY

## Space-X ကုမ္ပဏီက စတားလင့်ခ်ဂြိုဟ်တု ၂၁ စင်းကို ဖလော်ရီဒါပြည်နယ် ကိပ်ကာနေဗာရယ်အာကာသစခန်းမှတစ်ဆင့် လွှတ်တင်ခဲ့




**ဝါရှင်တန် မတ် ၄**

အမေရိကန်နိုင်ငံ အခြေစိုက် Space-X အာကာသနည်းပညာ ကုမ္ပဏီသည် စတားလင့်ခ်ဂြိုဟ်တု ၂၁ စင်းကို မတ် ၃ ရက်တွင် ဖလော်ရီဒါပြည်နယ် ကိပ်ကာနေဗာရယ် အာကာသစခန်းမှတစ်ဆင့် ဖယ်လ်ကွန်-၉ ဒုံးပျံဖြင့် လွှတ်တင်ခဲ့ကြောင်း သိရသည်။

လွှတ်တင်ပြီး ရှစ်မိနစ်ခန့် အကြာတွင် ဖယ်လ်ကွန်-၉ ဒုံးပျံ၏ ပထမအဆင့် ပင်မဒုံးယာဉ်မှာ အတ္တလန္တိတ် သမုဒ္ဒရာအတွင်း စောင့်ဆိုင်းနေသည့် မောင်းသူမဲ့ တွဲရေယာဉ်ပေါ်သို့ ပြန်လည် ဆင်းသက်နိုင်ခဲ့သော်လည်း မီးလောင်ကျွမ်းမှုကြောင့် တစ်စောင်းလဲပြီးပျက်စီးခဲ့ရကြောင်း Space-X ကုမ္ပဏီက သတင်းထုတ်ပြန်ထားကြောင်း သိရသည်။

အဆိုပါ ဖယ်လ်ကွန်-၉ ပထမအဆင့် ပင်မဒုံးယာဉ်သည် ငါးကြိမ်မြောက်အဖြစ် ပြန်လည်ဆင်းသက်ချိန်တွင် ပျက်စီးဆုံးရှုံးခဲ့ရခြင်း ဖြစ်ကြောင်း သိရသည်။

သို့ရာတွင် ဖယ်လ်ကွန်-၉ ဒုံးပျံ၏ ထိပ်ဖူးအဆင့် ဒုံးယာဉ်ကမူ လွှတ်တင်ပြီး ၆၅ မိနစ်ခန့်အကြာတွင် သယ်ဆောင်ထားသည့် စတားလင့်ခ်ဂြိုဟ်တု ၂၁ စင်းကို သတ်မှတ်ပတ်လမ်းပေါ်သို့ ပို့ဆောင်ပေးနိုင်ခဲ့သည်။

အထက်ပါ စတားလင့်ခ် ဂြိုဟ်တု ၂၁ စင်းထဲတွင် ဆဲလ်ဖုန်းများကို အင်တာနက်ဝန်ဆောင်မှု တိုက်ရိုက်ပေးနိုင်သော စတားလင့်ခ်ဂြိုဟ်တု ၁၃ စင်း ပါဝင်ကြောင်း သိရသည်။

မတ် ၃ ရက် စတားလင့်မစ်ရှင်သည် Space-X ကုမ္ပဏီအတွက် ၂၀၂၅ ခုနှစ်၏ ၂၆ ခုမြောက် ဖယ်လ်ကွန်-၉ မစ်ရှင်ဖြစ်ကြောင်း သိရသည်။

**Ref : Sputnik News**
**Trs : KKO**


## အာရီယာနီစပေ့စ်ကုမ္ပဏီက အာရီယာနီ-၆ ဒုံးပျံ ဒုတိယအကြိမ်လွှတ်တင်မည့်အစီအစဉ်ကို ကာလရွှေ့ဆိုင်းထား

**ပဲရစ် မတ် ၄**

ပြင်သစ်နိုင်ငံအခြေစိုက် အာရီယာနီစပေ့စ်ကုမ္ပဏီသည် အာရီယာနီ-၆ ဒုံးပျံ ဒုတိယအကြိမ် လွှတ်တင်မည့်အစီအစဉ်ကို ကာလရွှေ့ဆိုင်းထားကြောင်း မတ် ၃ ရက် သတင်းများအရ သိရသည်။

အာရီယာနီစပေ့စ် ကုမ္ပဏီသည် မူလက အာရီယာနီ-၆ ဒုံးပျံကို မတ် ၃ ရက်တွင် ပြင်သစ်ဂီယာနာဒေသ ကိုရူးအာကာသစခန်းမှတစ်ဆင့် လွှတ်တင်ရန်စီစဉ်ထားကြောင်း သိရသည်။

သို့ရာတွင် မလွှတ်တင်မီထပ်မံစစ်ဆေးမှုများလိုအပ်နေမှုကြောင့် အာရီယာနီ-၆ ဒုံးပျံ လွှတ်တင်ရေး အစီအစဉ်ကို ကာလရွှေ့ဆိုင်းထားကြောင်း အာရီယာနီစပေ့စ်ကုမ္ပဏီက ကြေညာထားသည်။



အာရီယာနီ-၆ ဒုံးပျံကို လွှတ်တင်ရေးအတွက် ထပ်မံကြိုးပမ်းမည့်နေ့ကို အာရီယာနီစပေ့စ်ကုမ္ပဏီက ကြေညာခြင်းမရှိသေးကြောင်း သိရသည်။

အာရီယာနီစပေ့စ် ကုမ္ပဏီသည် ၂၀၂၃ ခုနှစ်တွင် အနားပေးလိုက်သည့် အာရီယာနီ-၅ ဒုံးပျံ၏ နေရာတွင် အစားထိုးရေးအတွက် အာရီယာနီ-၆ ဒုံးပျံသစ်ကို တည်ဆောက်ထားခြင်း ဖြစ်ကြောင်း သိရသည်။

အာရီယာနီစပေ့စ် ကုမ္ပဏီသည် အာရီယာနီ-၆ ဒုံးပျံသစ်ကို ၂၀၂၄ ခုနှစ် ဇူလိုင်လက ပထမဆုံးအကြိမ် လွှတ်တင်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**Ref : Russia Today**
**Trs : KKO**

## Intuitive Machines ကုမ္ပဏီ၏ အေသီနာလဆင်းယာဉ်က လပတ်လမ်းအတွင်းသို့ အောင်မြင်စွာဝင်ရောက်ခဲ့

**ဝါရှင်တန် မတ် ၄**

Intuitive Machines ကုမ္ပဏီ၏ ဒုတိယမြောက်လဆင်းယာဉ်ဖြစ်သော အေသီနာလဆင်းယာဉ်သည် လပတ်လမ်းအတွင်းသို့ မတ် ၃ ရက်တွင်အောင်မြင်စွာဝင်ရောက်ခဲ့ကြောင်း သိရသည်။

အေသီနာလဆင်းယာဉ်သည် မတ် ၃ ရက်တွင် ဒုံးကန်အားစနစ်များကိုဖွင့်၍ ယာဉ်၏အမြန်နှုန်းကို လျှော့ချခဲ့ပြီး လပတ်လမ်းအတွင်းသို့ ဝင်ရောက်ခဲ့သည်ဟု Intuitive Machines ကုမ္ပဏီက သတင်း ထုတ်ပြန်ထားကြောင်း သိရသည်။

လက်ရှိအချိန်တွင် အေသီနာလဆင်းယာဉ်သည် လကိုလှည့်ပတ်ပျံသန်း၍ လမျက်နှာပြင်ပေါ် ဆင်းသက်ရန် ပြင်ဆင်မှုများစတင်နေပြီဖြစ်ကြောင်း သိရသည်။

အေသီနာလဆင်းယာဉ်သည် မတ် ၆ ရက်တွင် လကမ္ဘာတောင်ဝင်ရိုးစွန်းနယ်မြေသို့ ဆင်းသက်ရန် ကြိုးပမ်းမည်ဖြစ်သည်။

Intuitive Machines ကုမ္ပဏီသည် အေသီနာလဆင်းယာဉ်ကို Space-X ကုမ္ပဏီ၏ ဖယ်လ်ကွန်-၉ ဒုံးပျံဖြင့် ဖေဖော်ဝါရီ ၂၆ ရက်က ဖလော်ရီဒါပြည်နယ် ကိပ်ကာနေဗာရယ် အာကာသစခန်းမှတစ်ဆင့် လွှတ်တင်ခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

Intuitive Machines ကုမ္ပဏီ၏ ပထမဆုံးလဆင်းယာဉ်ဖြစ်သော Odysseus လဆင်းယာဉ်သည် ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီလက လမျက်နှာပြင်ပေါ်သို့ အောင်မြင်စွာ ဆင်းသက်ခဲ့ကြောင်း သိရသည်။

**Ref : Xinhua News**
**Trs : KKO**

# HEALTH

## မီလာတိုနင်ဟော်မုန်းဖြည့်စွက်ဆေးများက DNA ပျက်စီးမှုကို တားဆီးပေးနိုင်ဖွယ်ရှိ

**နယူးယောက် မတ် ၄**

အိပ်စက်မှုပုံစံ ပျက်ပြားမှုကြောင့် မျိုးဗီဇအခြေခံမော်လီကျူး (DNA) ပျက်စီးမှုများကို မီလာတိုနင်ဟော်မုန်း ဖြည့်စွက်ဆေးက တားဆီးနိုင်ဖွယ်ရှိကြောင်း သုတေသနပညာရှင်များ၏ အဆိုကို ကိုးကား၍ မတ် ၃ ရက် သတင်းများအရ သိရသည်။

အမေရိကန် သုတေသနပညာရှင်များသည် ညပိုင်းအလုပ်လုပ်၍ နေ့ပိုင်း အိပ်စက်ကြသည့် ညဆိုင်းအလုပ်သမားများ၏ မီလာတိုနင်ဟော်မုန်းအဆင့်နှင့်အိပ်စက်မှုပုံစံများကို လေ့လာခဲ့ကြသည်။

လေ့လာချက်မှ ပေါ်ထွက်လာသည့်ရလဒ်များအရ ညဆိုင်းအလုပ်သမားများသည် အလုပ်ခွင်၌ အလင်းရောင်နှင့် ထိတွေ့နေရမှုကြောင့် မီလာတိုနင်ဟော်မုန်း ထွက်ပေါ်မှုနည်းပါးသွားတတ်ပြီး DNA များ ပျက်စီးသွားတတ်ကြောင်း၊ သို့ဖြစ်ရာ ညဆိုင်းအလုပ်သမားများအနေဖြင့် မီလာတိုနင်ဟော်မုန်းဖြည့်စွက်ဆေးများသုံးစွဲခြင်းဖြင့် အိပ်စက်မှုပုံစံပျက်ပြားမှုကြောင့် DNA ပျက်စီးမှုများကို ကုစားပေးနိုင်ကြောင်း အမေရိကန်သုတေသန ပညာရှင်များက ပြောကြားသည်။

အမေရိကန် သုတေသနပညာရှင်များသည် ညပိုင်းအလုပ်သမား ၄၀ တို့ကို မီလာတိုနင်ဖြည့်စွက်ဆေး သီတင်းလေးပတ်ကြာ တိုက်ကျွေး၍ လက်တွေ့စမ်းသပ်ခဲ့ကြသည်။

စမ်းသပ်မှုမှ ပေါ်ထွက်လာသည့် ရလဒ်များအရ မီလာတိုနင်ဟော်မုန်းဆေးများ သုံးစွဲပြီးနောက် ကိုယ်ခန္ဓာ၏ DNA ပျက်စီးမှုကို ပြင်ဆင်နိုင်စွမ်း ပိုမိုတိုးတက်လာကြောင်း သိရသည်။

**Ref : Russia Today**
**Trs : KKO**

## ပန်းဂေါ်ဖီစိမ်းနှင့်ဂေါ်ဖီတွင်ပါဝင်သည့် ဓာတုဒြပ်ပေါင်းတစ်မျိုးက သွေးအတွင်း သကြားဓာတ်ပါဝင်မှုကို လျှော့ချနိုင်

**စတော့ဟုမ်း မတ် ၄**

ပန်းဂေါ်ဖီစိမ်းနှင့်ဂေါ်ဖီတို့တွင် ပါဝင်သည့် ဓာတုဒြပ်ပေါင်းတစ်မျိုးသည် သွေးအတွင်း သကြားဓာတ် ပါဝင်မှုအဆင့်ကို လျှော့ချပေးနိုင်ကြောင်း သုတေသန ပညာရှင်များ၏ အဆိုကိုကိုးကား၍ မတ် ၃ ရက်သတင်းများအရ သိရသည်။

ဆွီဒင်နိုင်ငံ ဂူတင်ဘာ့ဘ် တက္ကသိုလ်မှ သုတေသနပညာရှင်များသည် သွေးအတွင်း သကြားဓာတ်ပါဝင်မှု ပုံမှန်ထက်မြင့်မားသူများကို Sulforaphane ခေါ် ဓာတုဒြပ်ပေါင်းတစ်မျိုးဖြင့် လက်တွေ့စမ်းသပ်မှုများ ပြုလုပ်ခဲ့သည်။

စမ်းသပ်မှုမှ ပေါ်ထွက်လာသည့် ရလဒ်များအရ Sulforaphane ဓာတုဒြပ်ပေါင်းသည် သွေးအတွင်း သကြားဓာတ်ပါဝင်မှု အဆင့်ကို သိသိသာသာ လျှော့ချနိုင်သည်ကို တွေ့ရကြောင်း သုတေသန ပညာရှင်များက ပြောကြားသည်။

Sulforaphane ဓာတုဒြပ်ပေါင်းသည် ဂေါ်ဖီ၊ ပန်းဂေါ်ဖီစိမ်း စသည့် အသီးအရွက်များ၌ တွေ့ရသော ဓာတုဒြပ်ပေါင်းဖြစ်သည်။

အဆိုပါ ဓာတုဒြပ်ပေါင်းသည် ဆီးချိုရောဂါ မဖြစ်သေးသော်လည်း သွေးအတွင်းသကြားဓာတ်ပါဝင်မှုအဆင့် မြင့်တက်နေသူများအတွက် ကုထုံးတစ်မျိုးဖြစ်လာနိုင်ကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

**Ref : Sputnik News**
**Trs : KKO**



# နိုင်ငံတကာ အားကစားသတင်းများ

## ယူရိုပါလိဂ် ၁၆ သင်းအဆင့် (ပ-အကျော့) ပွဲကြိုသုံးသပ်ချက်

ML

**ဆိုစီဒက် Vs မန်ယူ**

ကစားမည့်ရက်/အချိန် ၇-၃-၂၀၂၅ (နံနက် ၀၀း၁၅ နာရီ)

နောက်ဆုံးတွေ့ဆုံမှုရလဒ်

ဆိုစီဒက် ၀ - ၁ မန်ယူ

နောက်ဆုံးသုံးပွဲ နိုင် / ရှုံးရလဒ်

| | | | | |
|---|---|---|---|---|
| ဆိုစီဒက် | - | အိမ်(နိုင်) | အိမ်(ရှုံး) | ဝေး(ရှုံး) |
| မန်ယူ | - | ဝေး(သရေ) | အိမ်(နိုင်) | အိမ်(သရေ) |

ဆိုစီဒက်အသင်းဟာ နောက်ဆုံးနှစ်ပွဲဆက်မှာ ရီးရဲလ်၊ ဘာကာတို့နဲ့ ကစားခဲ့ရလို့ ရှုံးပွဲကြုံခဲ့ရပေမဲ့ ခြေစွမ်းပိုင်းကတော့ ထက်မြက်နေတာကို တွေ့ရမှာပါ။ မန်ယူအသင်းကတော့ လက်ရှိအချိန်ထိ ကစားသမားနဲ့ နည်းပြအကြား နားလည်မှုလွဲနေတာကြောင့် ရလဒ်ပိုင်းတည်ငြိမ်ဖို့ ကြိုးပမ်းနေရဆဲဖြစ်ပါတယ်။ ဒါကြောင့် ဆိုစီဒက်အိမ်ကွင်းမှာ ခြေစွမ်းပိုင်းကျဆင်းနေတဲ့မန်ယူ ရှုန်းကန်ရမှာပါ။

ခန့်မှန်းရလဒ် - ဆိုစီဒက် ၂ - ၁ မန်ယူ

## ယူရိုပါကွန်ဖရင့်လိဂ် ၁၆ သင်းအဆင့် (ပ-အကျော့) ပွဲကြိုသုံးသပ်ချက်

ML

**ကိုပင်ဟေဂင် Vs ချဲလ်ဆီး**

ကစားမည့်ရက်/အချိန် ၇-၃-၂၀၂၅ (နံနက် ၀၀း၁၅ နာရီ)

နောက်ဆုံးတွေ့ဆုံမှုရလဒ်

ချဲလ်ဆီး ၀ - ၀ ကိုပင်ဟေဂင်

နောက်ဆုံးသုံးပွဲ နိုင် / ရှုံးရလဒ်

| | | | | |
|---|---|---|---|---|
| ကိုပင်ဟေဂင် | - | ဝေး(နိုင်) | အိမ်(နိုင်) | ဝေး(သရေ) |
| ချဲလ်ဆီး | - | ဝေး(ရှုံး) | ဝေး(ရှုံး) | အိမ်(နိုင်) |

ဒိန်းမတ်ကလပ် ကိုပင်ဟေဂင်ဟာ အမှတ်ပေးပြိုင်ပွဲမှာ အမှတ်ပေးဇယားကိုဦးဆောင်ထားပေမဲ့ အိမ်ကွင်းပွဲတွေမှာ တိုက်စစ်ထက်မြက်တဲ့အသင်းတွေဆို အမြဲတမ်းဂိုးပေးနေရတာဖြစ်ပါတယ်။ ချဲလ်ဆီးအသင်းအနေနဲ့ အမှတ်ပေးပွဲနဲ့ ပြည်တွင်းပြိုင်ပွဲမှာ ရလဒ်ဆိုးရွားခဲ့ပေမဲ့ ဥရောပပွဲတွေမှာတော့ ရှုံးပွဲမရှိသေးတာကြောင့် လက်ရှိစုဖွဲ့မှုနဲ့ အသင်းလိုက်ကစားအားကောင်းနေတဲ့ ချဲလ်ဆီးအသင်းပဲ အနိုင်ရသွားမှာပါ။

ခန့်မှန်းရလဒ် - ကိုပင်ဟေဂင် ၁ - ၃ ချဲလ်ဆီး

## အားကစားသတင်းအတိုအထွာများ

- ❑ ဗလင်စီယာအသင်း ပရိသတ်များက ပိုင်ရှင်ပီတာလင်၏ စီမံခန့်ခွဲမှုများကို နှစ်သက်ခြင်းမရှိသဖြင့် ဆန္ဒပြမှု ပြုလုပ်နေသော်လည်း ၎င်းက အသင်းမှထွက်ခွာသွားသည့် အသင်းဥက္ကဋ္ဌ လေဟွန်းချမ်းနေရာတွင် သားဖြစ်သူ ကီးယာ့ကို ဥက္ကဋ္ဌအဖြစ်ခန့်အပ်ခဲ့ကြောင်း သိရသည်။
- ❑ အေစီမီလန်အသင်းသည် ချဲလ်ဆီးအသင်းသို့ ပြောင်းရွှေ့ရန် ကြိုးပမ်းနေသည့် လူငယ်ကွင်းလယ်ကစားသမား ရိမ်းဒါးစ်ကို လာမည့် ၂၀၃၀ ပြည့်နှစ်ထိ သက်တမ်းတိုးစာချုပ် ချုပ်နိုင်ခဲ့ကြောင်း သိရသည်။
- ❑ အာဂျင်တီးနားအသင်းနည်းပြ စကာလိုနီက လာမည့်ကမ္ဘာ့ဖလားခြေစစ်ပွဲစဉ်ကစားမည့် ကစားသမား ၃၃ ဦးစာရင်းတွင် တိုက်စစ်မှူး မက်ဆီကို ထည့်သွင်းခဲ့ကြောင်း သိရသည်။
- ❑ လီဗာပူးအသင်းက အေဂျက်အသင်းခံစစ်ပိုင်းတွင် နေရာစုံကစားနိုင်သည့် ခံစစ်ကစားသမား ဟာတိုကို ပြောင်းရွှေ့ကြေးစတာလင်ပေါင်သန်း ၄၀ ဖြင့်ခေါ်ယူရန် ပစ်မှတ်ထားနေကြောင်း သိရသည်။

ML

## နော်တင်ဟမ်အသင်း အက်ဖ်အေဖလား ကွာတားဖိုင်နယ်အဆင့်သို့ တက်ရောက်



**လန်ဒန် မတ် ၄**

အက်ဖ်အေဖလား ပဉ္စမအဆင့် နောက်ဆုံးပွဲစဉ်အဖြစ် ကစားခဲ့သည့် နော်တင်ဟမ်အသင်းနှင့် အစ်ဖ့်စ်အသင်းတို့ ပွဲစဉ်တွင် နော်တင်ဟမ်အသင်းက ပင်နယ်တီအဆုံးအဖြတ်တွင် အနိုင်ရခဲ့သောကြောင့် ကွာတားဖိုင်နယ်အဆင့်သို့ တက်ရောက်ခဲ့သည်။

နော်တင်ဟမ် အသင်းသည် အစ်ဖ့်စ်အသင်းကို အိမ်ကွင်းတွင် ဧည့်ခံကစားရသော်လည်း ပြိုင်ဘက်အသင်း၏ အသင်းလိုက်ကစားပုံ ကောင်းမွန်မှုကြောင့် အပြန်အလှန် တိုက်စစ်ဆင်မှုများ ခံခဲ့ရပြီး ပထမပိုင်းတွင် ဂိုးမရှိ သရေရလဒ် ထွက်ပေါ်ခဲ့သဖြင့် ဒုတိယပိုင်းတွင် ဦးဆောင်ဂိုး ရရှိရေး နှစ်သင်းစလုံး ကြိုးပမ်းခဲ့ရာ ပွဲကစားချိန် ၅၃ မိနစ်အရောက်တွင် အစ်ဖ့်စ်အသင်းက ဦးဆောင်ဂိုးသွင်းယူခဲ့သောကြောင့် နော်တင်ဟမ်အသင်း ချေပဂိုးရရှိရန် တိုက်စစ်ပိုင်း အပြောင်းအလဲ ပြုလုပ်ခဲ့ရာ ပွဲချိန် ၆၈ မိနစ်တွင် ချေပဂိုး ပြန်လည်ရရှိခဲ့သဖြင့် တစ်ဖက်တစ်ဂိုးစီ သရေရလဒ်ဖြင့် ပွဲပြီးဆုံးခဲ့သည်။

ထို့နောက် အချိန်ပိုဆက်လက်ကစားခဲ့ရာ နှစ်သင်းစလုံး ထိန်းချုပ်ကစားနေမှုကြောင့် ဂိုးသွင်းယူနိုင်ခြင်းမရှိခဲ့ဘဲ ပင်နယ်တီအဆုံးအဖြတ်ခံယူခဲ့ရပြီး ပင်နယ်တီတွင် နော်တင်ဟမ်အသင်းက ငါးကြိမ်စလုံး ဂိုးရခဲ့သော်လည်း အစ်ဖ့်စ်အသင်းက လေးကြိမ်သာ ဂိုးအဖြစ်ပြောင်းလဲနိုင်ခဲ့ပြီး တစ်ကြိမ်လွဲချော်ခဲ့သဖြင့် နော်တင်ဟမ်အသင်းက ငါးဂိုး လေးဂိုးဖြင့် အနိုင်ရခဲ့သည်။

ကွာတားဖိုင်နယ် အဆင့်သို့ တက်ရောက်ခဲ့သည့် နော်တင်ဟမ်အသင်းသည် ပရီးမီးယားလိဂ်ပြိုင်ဘက် ဘရိုက်တန်အသင်းနှင့် တွေ့ဆုံနေကာ အဝေးကွင်းတွင် သွားရောက်ယှဉ်ပြိုင်ရမည်ဖြစ်သောကြောင့် နောက်တစ်ဆင့်တက်ရောက်နိုင်ရန် အခွင့်အရေး နည်းပါးနေကြောင်း သိရသည်။

Ref : Fotmob

Trs : ML

## ကွင်းလယ်ဒိုင်လူကြီးကို ရန်လိုသည့်အပြုအမူလုပ်ဆောင်ခဲ့သည့် လိုင်ယွန်အသင်းနည်းပြ ဖွန်ဆီကာ ကာလရှည်ပွဲပယ်ခံရနိုင်



**ပဲရစ် မတ် ၄**

လိုင်ယွန်အသင်းနည်းပြ ဖွန်ဆီကာသည် ပြင်သစ်လီဂူးပွဲစဉ်အဖြစ် ကစားခဲ့သည့် လိုင်ယွန်အသင်းက ဘရက်အသင်းကို နှစ်ဂိုး တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည့်ပွဲစဉ်တွင် ကွင်းလယ်ဒိုင်လူကြီး မေးလ်လေ့ကို ရန်လိုသည့်အပြုအမူ လုပ်ဆောင်ခဲ့သည့်အတွက် ကာလရှည် ပွဲပယ်ပြစ်ဒဏ် ချမှတ်ခံရဖွယ်ရှိနေကြောင်း သိရသည်။

လိုင်ယွန်အသင်းနှင့် ဘရက်အသင်းတို့ကစားခဲ့သည့်ပွဲစဉ်တွင် နည်းပြ ဖွန်ဆီကာသည် ပွဲချိန် ၄၃ မိနစ်တွင်လည်း ဒိုင်လူကြီး မေးလ်လေ့၏ ဆုံးဖြတ်ချက်များအတွက် ပြင်းပြင်းထန်ထန်စောဒကတက်ခဲ့သည့်အတွက် ပထမအကြိမ် အဝါကတ်ပြသခံခဲ့ရသည်။

ထို့နောက် ပွဲချိန် မိနစ် ၉၀ အပြီး အချိန်ပို ခုနစ်မိနစ်တွင် ဒိုင်လူကြီး မေးလ်လေ့က ပင်နယ်တီအဆုံးအဖြတ်အတွက် VAR စနစ်ဖြင့် ကြည့်ရှုဆုံးဖြတ်ရန် VAR Screen ရှိသည့်နေရာသို့ လာရောက်ချိန်တွင်လည်း နည်းပြ ဖွန်ဆီကာသည် မေးလ်လေ့ထံ သွားရောက်ပြီး ရန်လိုသည့်အပြုအမူ လုပ်ဆောင်ခဲ့သည့်အတွက် ဒိုင်လူကြီး မေးလ်လေ့က အနီကတ်ပြသခဲ့ခြင်းဖြစ်သည်။

ပြင်သစ်နိုင်ငံဘောလုံးအဖွဲ့ချုပ်က လက်ရှိကျင့်သုံးနေသည့် စည်းမျဉ်းဖြစ်သည့် ကွင်းလယ်ဒိုင်လူကြီးအား ကိုယ်နှုတ်အမူအရာများဖြင့် ခြိမ်းခြောက်မှုများ လုပ်ဆောင်မှုကြောင့် အနီကတ်ပြသခံခဲ့ရလျှင် ခုနစ်လထိ ပွဲပယ်ပြစ်ဒဏ်ချမှတ်ခံရမည်ဟု ပါရှိသည့်အတွက် ယခုအခါတွင် နည်းပြဖွန်ဆီကာအနေဖြင့် မေးလ်လေ့ကို ရန်လိုသည့်အပြုအမူ လုပ်ဆောင်ခဲ့သောကြောင့် ခုနစ်လထိ ကာလရှည် ပွဲပယ်ပြစ်ဒဏ် ချမှတ်ခံရမည့်အရေးနှင့် ရင်ဆိုင်နေရခြင်းဖြစ်သည်။

နည်းပြဖွန်ဆီကာက အဆိုပါ ပွဲစဉ်အပြီးတွင် ၎င်း၏ ဒိုင်လူကြီး အပေါ် ရန်လိုသည့်အပြုအမူ အတွက် တရားဝင်ပြန်လည် တောင်းပန်မှုလုပ်ဆောင်ခဲ့ကြောင်း သိရသည်။

Ref : One Football

Trs : STA

## အကီ၏ ခြေဖဝါးဒဏ်ရာခွဲစိတ်မှု အောင်မြင်ခဲ့ကြောင်း မန်စီးတီးအသင်းထုတ်ပြန်



**မန်ချက်စတာ မတ် ၄**

မန်စီးတီးအသင်း ခံစစ်ကစားသမား အကီသည် ပလိုင်းမောက်အသင်းကို သုံးဂိုး တစ်ဂိုးဖြင့် အနိုင်ရခဲ့သည့် အက်ဖ်အေဖလား ပွဲစဉ်တွင် ခြေဖဝါးဒဏ်ရာရရှိခဲ့သဖြင့် ဒဏ်ရာခွဲစိတ်မှုခံယူခဲ့ရာ အောင်မြင်ခဲ့ကြောင်း မန်စီးတီးအသင်းက ထုတ်ပြန်ခဲ့သည်။

အသက် ၃၀ ရှိ ခံစစ်ကစားသမားသည် ပလိုင်းမောက်အသင်းနှင့်ပွဲစဉ်တွင် ပွဲထွက်ကစားသမားအဖြစ် ပါဝင်ခွင့်ရခဲ့သော်လည်း ပွဲကစားချိန် ၄၅ မိနစ်အရောက်တွင် ခြေဖဝါးဒဏ်ရာ နာကျင်မှုကြောင့် အသင်းဖော်ကစားသမား ဒီယက်ဖ်နှင့် လူစားလဲခဲ့ရပြီး ပြိုင်ပွဲမှ ထွက်ခွာရခဲ့သည်။

၎င်း၏ဒဏ်ရာကို လိုအပ်သည့် စစ်ဆေးမှုများပြုလုပ်ခဲ့ရာ ခွဲစိတ်ကုသမှု ခံယူရမည်ဖြစ်သောကြောင့် တနင်္လာနေ့က ခွဲစိတ်မှု ပြုလုပ်ခဲ့ရာ အောင်မြင်ခဲ့သော်လည်း ဘောလုံးရာသီကုန်ထိ အနားယူရမည်ဖြစ်သည်။

အကီသည် ယခုနှစ်ဘောလုံးရာသီတွင် ဒဏ်ရာပြဿနာများဖြင့်သာ ရုန်းကန်ခဲ့ရကာ ကြွက်သားဒဏ်ရာကြောင့် မကြာခဏ အနားယူခဲ့ရသဖြင့် ပြိုင်ပွဲစုံတွင် ၁၈ ပွဲသာ ပါဝင်ကစားခဲ့ရပြီး ယခုတစ်ကြိမ်တွင်လည်း ဒဏ်ရာခွဲစိတ်ကုသမှု ပြုလုပ်ခဲ့ရသောကြောင့် လေးလခန့် အနားယူရမည်ဖြစ်သဖြင့် ဘောလုံးရာသီကုန်ထိ အသင်းနှင့် ပူးပေါင်းနိုင်မည်မဟုတ်ကြောင်း သိရသည်။

အကီက "ကျွန်တော်ဒဏ်ရာကနေ အမြန်ဆုံးကောင်းမွန်အောင် ကြိုးစားမှာပါ။ လက်ရှိမှာတော့ အနားယူပြီး ဒဏ်ရာတိုးတက်အောင်လုပ်ရမှာပါ။ မကြာမီ အသင်းပရိသတ်တွေနဲ့ ပြန်လည်ဆုံတွေ့မှာပါ။ ကျွန်တော့်ကို ပံ့ပိုးပေးတဲ့သူအားလုံးကို ကျေးဇူးတင်ပါတယ်" ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Daily Mail

Trs : ML

# မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ဗီလာရီးရဲလ်နှင့် အက်စပန်ညိုတို့ ပွဲစဉ်ကို ရွှေ့ဆိုင်းခဲ့ရ

မက်ဒရစ် မတ် ၄

လာလီဂါအမှတ်ပေးပွဲစဉ် ၂၆ နောက်ဆုံးပွဲစဉ်အဖြစ် ကစားမည့် ဗီလာရီးရဲလ်အသင်းနှင့် အက်စပန်ညိုအသင်းတို့ပွဲစဉ်ကို ပွဲကစားချိန်အတွင်း မိုးသည်းထန်စွာရွာသွန်းခဲ့မှုကြောင့် ပြိုင်ပွဲကို ရွှေ့ဆိုင်းခဲ့ရကြောင်း သိရသည်။



အဆိုပါပွဲစဉ်သည် ဒေသစံတော်ချိန် ၉ နာရီတွင် စတင်ကျင်းပရန် အစီအစဉ်ရေးဆွဲခဲ့ပြီး ပြိုင်ပွဲကို စတင်ခဲ့သော်လည်း ပွဲကစားချိန် ၇ မိနစ်အကြာတွင် မိုးသည်းထန်စွာ ရွာသွန်းခဲ့သောကြောင့် ပြိုင်ပွဲကို ဆက်လက်ကစားနိုင်ခြင်းမရှိဘဲ ခေတ္တရပ်နားခဲ့ကာ နှစ်ဖက်အသင်း ကစားသမားများ အနေဖြင့် ကွင်းအတွင်း သွေးပူလေ့ကျင့်ခန်းများ ပြုလုပ်ခဲ့သော်လည်း ကွင်းအတွင်း ရေကြီးမှုအန္တရာယ်ကို စိုးရိမ်ခဲ့သောကြောင့် နှစ်ဖက်အသင်း တာဝန်ရှိသူများက ပြိုင်ပွဲကို ရွှေ့ဆိုင်းရန် ဆုံးဖြတ်ခဲ့ကြောင်း သိရသည်။

ထို့ပြင် ဗီလာရီးရဲလ်အသင်း အနေဖြင့် ပြီးခဲ့သည့်နှစ် အောက်တိုဘာလက ဗလင်စီယာအသင်းနှင့် အမှတ်ပေးပွဲစဉ်ကိုလည်း ရာသီဥတုဆိုးရွားမှုကြောင့် ရွှေ့ဆိုင်းခဲ့ရပြီးနောက် ယခုအခါ ဒုတိယအကြိမ်မြောက် ရွှေ့ဆိုင်းခဲ့ခြင်းဖြစ်သည်။

စပိန်ဘောလုံးအဖွဲ့ချုပ်က အဆိုပါ အမှတ်ပေးပွဲစဉ်ကို ငါးရက်အတွင်း ပြန်လည်ကျင်းပနိုင်ရန် လာလီဂါဘောလုံးအဖွဲ့ချုပ်ကို ပြောကြားထားသဖြင့် လာမည့်ရက်ပိုင်းအတွင်း ပွဲကစားချိန်နှင့် ကျင်းပရမည့်ရက်ကို ထုတ်ပြန်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ဗီလာရီးရဲလ် အသင်းသည် အမှတ်ပေးပြိုင်ပွဲ ၂၅ ပွဲကစားအပြီးတွင် ရမှတ် ၄၄ မှတ် ရရှိခဲ့ဖြင့် အမှတ်ပေးဇယား အဆင့်(၅)တွင် ရပ်တည်နေသော်လည်း အက်စပန်ညိုအသင်းမှာ အမှတ်ပေးပြိုင်ပွဲတွင် ရမှတ် ၂၇ မှတ်သာ ရရှိထားသောကြောင့် အဆင့်(၁၅)နေရာတွင်ရောက်ရှိခဲ့ပြီး တန်းဆင်းဇုန်နှင့် ရမှတ်သုံးမှတ်သာ ကွာဟနေကြောင်း သိရသည်။

Ref : Espn
Trs : ML

# AFC Challenge League ကွာတားဖိုင်နယ်တွင် ရှမ်းယူနိုက်တက်အသင်းနှင့် ကမ္ဘောဒီးယားကလပ် PKR Svay Rieng အသင်းတို့ ယှဉ်ပြိုင်ကစားမည်

ရန်ကုန် မတ် ၄

ယခုနှစ် ဘောလုံးရာသီတွင် မြန်မာနေရှင်နယ်လိဂ် အမှတ်ပေးချန်ပီယံဆု ဆွတ်ခူးနိုင်ခဲ့သည့် ရှမ်းယူနိုက်တက် အသင်းသည် AFC Challenge League ကွာတားဖိုင်နယ်ပွဲစဉ်အဖြစ် ကမ္ဘောဒီးယားကလပ် PKR Svay Rieng အသင်းနှင့်အိမ်ကွင်း၊အဝေးကွင်းနှစ်ကျော့ ကစားသွားရမည်ဖြစ်ကြောင်း သိရသည်။

AFC Challenge League ပြိုင်ပွဲ ကွာတားဖိုင်နယ် ပထမအကျော့ အဝေးကွင်းပွဲစဉ်အဖြစ် ရှမ်းယူနိုက်တက်အသင်းသည် မတ် ၆ ရက် မြန်မာစံတော်ချိန် ည ၆ နာရီခွဲတွင် ကမ္ဘောဒီးယားနိုင်ငံ ဖနွမ်းပင်မြို့ရှိ National Sports Complex အားကစားကွင်းတွင် လည်းကောင်း၊ ဒုတိယအကျော့ အိမ်ကွင်းပွဲစဉ်အဖြစ် မတ် ၁၃ ရက် ညနေ ၅ နာရီတွင် ရန်ကုန်မြို့ သုဝဏ္ဏအားကစားကွင်းတွင်လက်ခံကစားရမည်ဖြစ်သည်။

ရှမ်းယူနိုက်တက်အသင်းသည် PKR Svay Rieng အသင်းနှင့် ပြီးခဲ့သည့် အာဆီယံကလပ် ချန်ပီယံရှစ်အုပ်စုအဆင့်တွင် တွေ့ဆုံခဲ့ဖူးပြီး လေးဂိုး နှစ်ဂိုးဖြင့် ရှုံးနိမ့်ထားသည်။

AFC Challenge League ပြိုင်ပွဲတွင် ရှမ်းယူနိုက်တက်အသင်းသည် ကွာတားဖိုင်နယ်အဆင့်တွင် PKR Svay Rieng အသင်းကို အနိုင်ရရှိပြီး ဖြတ်ကျော်နိုင်ခဲ့ပါက ဆီမီးဖိုင်နယ်အဆင့်တွင် တရုတ်တိုင်ပေကလပ် Tainan City အသင်းနှင့် အင်ဒိုနီးရှားကလပ် Madura United အသင်းတို့ပွဲစဉ်မှ အနိုင်ရရှိမည့်အသင်းနှင့် ဆက်လက်ယှဉ်ပြိုင်ကစားရမည်ဖြစ်ကြောင်း သိရသည်။ STA

# အေစီမီလန်အသင်းက ရာဖေးလီအိုအတွက် ပြောင်းရွှေ့ကြေး စတာလင်ပေါင် သန်း ၁၀၀ သတ်မှတ်

ရောမ မတ် ၄

အေစီမီလန်အသင်းက ဥရောပထိပ်တန်း ကလပ်အသင်းကြီးများက ခေါ်ယူရန် ပစ်မှတ်ထားနေသည့် အသင်း၏ အဓိကတောင်ပံကစားသမား ရာဖေးလီအိုအတွက် ပြောင်းရွှေ့ကြေးကို စတာလင်ပေါင် သန်း ၁၀၀ သတ်မှတ်ခဲ့ကြောင်း သိရသည်။

အသက် ၂၅ နှစ်ရှိ ရာဖေးလီအိုသည် ပြီးခဲ့သည့် ၂၀၁၉ ခုနှစ်က မြင့်မားသည့် ပြောင်းရွှေ့ကြေးတစ်ရပ်ဖြစ် သည့် စတာလင်ပေါင် သန်း ၇၀ ဖြင့် လိုင်လီအသင်းမှ အေစီမီလန်အသင်းသို့ ပြောင်းရွှေ့ကစားခဲ့သူဖြစ်ပြီး အသင်းနှင့်အတူ နောက်ပိုင်း ဘောလုံးရာသီများတွင် အကောင်းဆုံးခြေစွမ်းပြသလျက်ရှိသူဖြစ်သည်။

ရာဖေးလီအိုသည် ဘယ်တောင်ပံတိုက်စစ်နေရာတွင် အကောင်းဆုံးခြေစွမ်းပြသလျက်ရှိပြီး လာမည့်နွေရာသီ ကစားသမားအပြောင်းအရွှေ့ကာလတွင် စပိန်ထိပ်သီးဘာစီလိုနာအသင်းနှင့် ပရီးမီးယားလိဂ်ထိပ်သီး ချဲလ်ဆီးအသင်းတို့က ခေါ်ယူရန် စောင့်ကြည့်လျက်ရှိသည့်အတွက် အေစီမီလန်အသင်းက ပြောင်းရွှေ့ကြေးကို စတာလင်ပေါင် သန်း ၁၀၀ ထိ သတ်မှတ်ထားခြင်း ဖြစ်ကြောင်း သိရသည်။



ချဲလ်ဆီးအသင်းကလည်း အသင်းတိုက်စစ်ပိုင်းအတွက် လာမည့်နွေရာသီ ကစားသမားအပြောင်းအရွှေ့ကာလတွင် ထိပ်တန်းကစားသမားတစ်ဦးကို ခေါ်ယူလိုသည့်အတွက် ရာဖေးလီအိုကို ဦးစားပေးပစ်မှတ်အဖြစ် သတ်မှတ်ထားခြင်းဖြစ်သည်။

ရာဖေးလီအိုနှင့် အေစီမီလန်အသင်းတို့ စာချုပ်သက်တမ်းမှာ တစ်နှစ်သာ ကျန်ရှိတော့သည့်အတွက် အေစီမီလန်အသင်းကလည်း ရာဖေးလီအိုကို လာမည့်နွေရာသီ ကစားသမားအပြောင်းအရွှေ့ကာလတွင် ပြောင်းရွှေ့ကြေး စတာလင်ပေါင် သန်း ၁၀၀ ရရှိမည်ဆိုပါက လက်လွှတ်သွားဖွယ်ရှိကြောင်း သိရသည်။

Ref : Fabrizio Romano
Trs : STA

# လီဗာပူးအသင်းက အစ်ဆက်ခ်ကို ခေါ်ယူရန် ဒါဝင်နူနက်ကို အလိုက်ပေးကမ်းလှမ်းခဲ့သော်လည်း နယူးကာဆယ်အသင်း ပယ်ချ

လန်ဒန် မတ် ၄

လီဗာပူးအသင်းက နယူးကာဆယ်အသင်းမှ အဓိကတိုက်စစ်ကစားသမား အစ်ဆက်ခ်ကို ခေါ်ယူရန်အတွက် အသင်းမှ တိုက်စစ်ကစားသမား ဒါဝင်နူနက်ကို အလိုက်ပေး ကမ်းလှမ်းခဲ့သော်လည်း ပယ်ချခံခဲ့ရကြောင်း သိရသည်။

လီဗာပူးအသင်း တိုက်စစ်ပိုင်း၌ ယခုနှစ် ဘောလုံးရာသီအကုန်တွင် ဆာလာဟ်အနေဖြင့် အနာဂတ် မရေမရာဖြစ်နေပြီး အလွတ် ပြောင်းရွှေ့ကြေးဖြင့် ထွက်ခွာနိုင်သည့် အခြေအနေများကြောင့် နောက်ထပ် ထိပ်တန်းတိုက်စစ်ကစားသမားတစ်ဦးနှင့် အစားထိုးလိုသည့်အတွက် အစ်ဆက်ခ်ကို ခေါ်ယူရန် ပစ်မှတ်ထားနေခြင်းဖြစ်သည်။

အစ်ဆက်ခ်သည် ပြီးခဲ့သည့် ၂၀၂၂ ခုနှစ်က ဆိုစီဒက်အသင်းမှ နယူးကာဆယ်အသင်းသို့ ပြောင်းရွှေ့ကြေး စတာလင်ပေါင် ၆၃သန်းဖြင့် ပြောင်းရွှေ့ခဲ့သူဖြစ်ပြီး အသင်းနှင့်အတူ ပြီးခဲ့သည့်ဘောလုံးရာသီကလည်း အကောင်းဆုံးခြေစွမ်း ပြသနိုင်ခဲ့သကဲ့သို့ ယခုနှစ် ဘောလုံးရာသီတွင်လည်း အကောင်းဆုံးခြေစွမ်း ပြသလျက်ရှိနေသည့်အတွက် ပြီးခဲ့သည့် ဇန်နဝါရီ ကစားသမားအပြောင်းအရွှေ့ကာလကလည်း အာဆင်နယ်အသင်းကခေါ်ယူရန် နှစ်ကြိမ်ကမ်းလှမ်းခဲ့သော်လည်း နယူးကာဆယ်အသင်းက ပယ်ချခံခဲ့ရခြင်းဖြစ်သည်။

ယခုအခါ အာဆင်နယ်အသင်းအပြင် လီဗာပူးအသင်းကလည်း ပြိုင်ဘက်အသင်းများထက် လက်ဦးမှုရယူပြီး အစ်ဆက်ခ်ကို ခေါ်ယူနိုင်ရန်အတွက် ဒါဝင်နူနက်ကို အလိုက်ပေးကမ်းလှမ်းခဲ့သော်လည်း နယူးကာဆယ်အသင်းက ပယ်ချခဲ့ပြီး ပြောင်းရွှေ့ကြေး သီးသန့်သာ အလိုရှိနေကာ ပြောင်းရွှေ့ကြေးကိုလည်း မြင့်မားသည့် ပြောင်းရွှေ့ကြေးတစ်ရပ်ဖြစ်သည့် စတာလင်ပေါင် သန်း ၁၃၀ထိ သတ်မှတ်ထားခြင်း ဖြစ်ကြောင်း သိရသည်။

အစ်ဆက်ခ်သည် ယခုနှစ် ဘောလုံးရာသီတွင်နယူးကာဆယ်အသင်းနှင့်အတူ ပရီးမီးယားလိဂ်ပြိုင်ပွဲတွင် ၂၄ ပွဲကစားထားပြီး ၁၉ ဂိုးထိသွင်းယူနိုင်ခဲ့ကာ ငါးကြိမ်ဂိုးဖန်တီးမှုပြုလုပ်ထားပြီး သွင်းဂိုးအများဆုံး ကစားသမားစာရင်းတွင် ဆာလာဟ်နှင့် ဟာလန်းတို့နောက်တွင် ရပ်တည်နေကြောင်း သိရသည်။

Ref : Fotmob
Trs : STA

# ဆော်ဒီသို့ပြောင်းရွှေ့ကစားမည် မဟုတ်ဘဲ ရီးရဲလ်အသင်းတွင်သာ ဆက်လက်ရှိနေမည်ဟု ဗင်နီစီးယက်စ် ပြောကြား



မက်ဒရစ် မတ် ၄

ရီးရဲလ်မက်ဒရစ်အသင်း အဓိကတိုက်စစ်ကစားသမား ဗင်နီစီးယက်စ်က ဆော်ဒီပရိုလိဂ်ပြိုင်ပွဲသို့ ပြောင်းရွှေ့ကစားမည် မဟုတ်ဘဲ ရီးရဲလ်မက်ဒရစ်အသင်းတွင်သာ ကာလရှည်ဆက်လက် ကစားသွားမည်ဟု အတည်ပြုခဲ့ကြောင်း သိရသည်။

ဆော်ဒီနိုင်ငံ ဘောလုံးအဖွဲ့ချုပ်၏အကူအညီဖြင့် ဆော်ဒီထိပ်တန်းအသင်းကြီးများက ပြီးခဲ့သည့်ဇန်နဝါရီ ကစားသမားအပြောင်းအရွှေ့ကာလက ဗင်နီစီးယက်စ်ကို ကမ္ဘာ့စံချိန်တင်ပြောင်းရွှေ့ကြေး၊ စံချိန်တင် လုပ်ခလစာများဖြင့် ကမ်းလှမ်းခဲ့သော်လည်း ရီးရဲလ်မက်ဒရစ်အသင်းက ငြင်းပယ်ခဲ့သကဲ့သို့ ဗင်နီစီးယက်ကိုယ်တိုင်ကလည်း အသင်းတွင် ဆက်လက်ကစားရန်အတွက်သာ ဆုံးဖြတ်ခဲ့ပြီး ကမ်းလှမ်းမှုများကို ငြင်းပယ်ခဲ့ခြင်းဖြစ်သည်။

သို့သော် ဆော်ဒီထိပ်တန်းအသင်းကြီးများက လာမည့်နွေရာသီ ကစားသမားအပြောင်းအရွှေ့ကာလတွင်လည်း ဗင်နီစီးယက်စ်ကို ထပ်မံကမ်းလှမ်းမှုများ လုပ်ဆောင်ရန်အတွက် ပြင်ဆင်နေသော်လည်း ဗင်နီစီးယက်စ်ကိုယ်တိုင်က အသင်းတွင်သာ ဆက်လက်ကစားရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

ဗင်နီစီးယက်စ်က ရီးရဲလ်မက်ဒရစ်အသင်းက ကျွန်တော့်အတွက် အကောင်းဆုံးကလပ်အသင်းတစ်သင်းဖြစ်ပြီး အသင်းရဲ့ ဂန္ထဝင်ကစားသမားတစ်ဦးအဖြစ် ရပ်တည်သွားချင်ပါတယ်။ အသင်းနဲ့ စာချုပ်သက်တမ်းက ၂၀၂၇ ခုနှစ်ထိ ကျန်ရှိနေသေးသလို နောက်ထပ် သက်တမ်းတိုးစာချုပ်ချုပ်ဆိုဖို့အတွက်လည်း အသင့်ဖြစ်နေပါပြီ။ ဆော်ဒီလိဂ်ကို ပြောင်းရွှေ့ကစားမှာ မဟုတ်ပါဘူးဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Fabrizio Romano
Trs : STA

# ဒေသကြက်(တိုင်းရင်းကြက်)မွေးမြူရေး

လမင်းကိုကို(သရက်ချောင်း)

မြန်မာနိုင်ငံသည် ဖွံ့ဖြိုးဆဲနိုင်ငံတစ်နိုင်ငံဖြစ်ပြီး စိုက်ပျိုးရေး၊ မွေးမြူရေးကို အခြေခံပြီး နိုင်ငံ့စီးပွား ဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် ဆောင်ရွက်နေသောအချိန်ကာလဖြစ်သည်။ ကမ္ဘာပေါ်တွင် ဖွံ့ဖြိုးပြီးနိုင်ငံများရှိကြပြီး ဖွံ့ဖြိုးဆဲနိုင်ငံများလည်း ရှိနေကြပါသေးသည်။ နိုင်ငံတစ်နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုနှုန်းကို လူတစ်ဦးတစ်ယောက်ချင်းစီ၏ ဝင်ငွေရရှိမှုစံနှုန်း (GDP)ဖြင့်တိုင်းတာပြီး ဖွံ့ဖြိုးပြီးနိုင်ငံများသည် လူတစ်ဦးတစ်ယောက်ချင်းစီ၏ ဝင်ငွေရရှိမှု မြင့်မားကြသည်။ ဖွံ့ဖြိုးဆဲနိုင်ငံများသည် လူတစ်ဦးတစ်ယောက်ချင်းစီ၏ ဝင်ငွေရရှိမှုတိုးတက်မြင့်မားလာစေရန်အတွက် ကြိုးစားဆောင်ရွက်နေကြရသည်။ လူတစ်ဦးတစ်ယောက်ချင်းစီ၏ ဝင်ငွေတိုးတက်မြင့်မားလာခြင်းသည် ကျေးရွာတစ်ရွာ၏ တိုးတက်ဖွံ့ဖြိုးလာမှုဖြစ်ပြီး ကျေးရွာတစ်ရွာ၏ ဖွံ့ဖြိုးတိုးတက်လာခြင်းသည် မြို့နယ်တစ်မြို့နယ် ဖွံ့ဖြိုးတိုးတက်လာခြင်းပင်ဖြစ်သည်။ ထိုသို့ပင် မြို့နယ်တစ်မြို့နယ် ဖွံ့ဖြိုးတိုးတက်လာခြင်းသည် ခရိုင်တစ်ခု ဖွံ့ဖြိုးတိုးတက်လာခြင်းဖြစ်ပြီး ခရိုင်တစ်ခုဖွံ့ဖြိုးတိုးတက်လာခြင်းသည်လည်း တိုင်းဒေသကြီးတစ်ခု၊ ပြည်နယ်တစ်ခုဖွံ့ဖြိုးတိုးတက်လာခြင်းပင်ဖြစ်သည်။ ထိုနည်းတူတိုင်းဒေသကြီးတစ်ခု၊ ပြည်နယ်တစ်ခုဖွံ့ဖြိုးတိုးတက်လာခြင်းသည် နိုင်ငံတစ်ခုဖွံ့ဖြိုးတိုးတက်လာစေခြင်းပင်ဖြစ်သည်။

မိမိတို့မြန်မာနိုင်ငံတော်ကြီးအတွင်းရှိ လူဦးရေ ၇၀ ရာခိုင်နှုန်းနီးပါးသည် ကျေးလက်ဒေသများတွင် နေထိုင်သူများဖြစ်ပြီး ဆန်စပါးစိုက်ပျိုးရေး၊ နွား၊ ကြက်၊ ဝက်မွေးမြူရေးနှင့် ရေလုပ်ငန်းတို့ကို လုပ်ကိုင်ဆောင်ရွက်လျက်ရှိကြသူများဖြစ်ကြသည်။ ထို့ကြောင့် ကျေးလက်နေပြည်သူများ၏ စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာပါက နိုင်ငံအတွင်းရှိ လူတစ်ဦးတစ်ယောက်ချင်းစီ၏ GDP များတိုးတက်လာစေပြီး နိုင်ငံတော်ကြီးဖွံ့ဖြိုးတိုးတက်လာစေနိုင်မည်ဖြစ်သည်။ ထိုအချက်တို့ကို အခြေခံ၍ မိမိတို့၏ မြန်မာနိုင်ငံတော်ကြီးသည် စိုက်ပျိုးရေး၊ မွေးမြူရေးကို အခြေခံပြီး နိုင်ငံ့ဖွံ့ဖြိုးတိုးတက်လာစေရန် ဆောင်ရွက်ကြရမည်မှာ ဧကန်အမှန်ပင်ဖြစ်သည်။

မွေးမြူရေးလုပ်ငန်းဖြင့် နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်လာစေရန် ဆောင်ရွက်ကြရာတွင် အဓိကအရေးကြီးဆုံးအချက်မှာ အရင်းအနှီးနည်းနည်းဖြင့် အကျိုးအမြတ်များများရရှိစေသော မွေးမြူရေးလုပ်ငန်းများကို ရွေးချယ်မွေးမြူဆောင်ရွက်ကြရမည်။ ထိုသို့ ရွေးချယ်မွေးမြူဆောင်ရွက်ကြရာတွင် မိမိတို့နေထိုင်သောဒေသနှင့်ကိုက်ညီသောဈေးကွက်ရရှိနိုင်သော မွေးမြူရေးလုပ်ငန်းများကို ရွေးချယ်ဆောင်ရွက်ကြရန်လည်း လိုအပ်သည်။ ဒေသ၏ ရာသီဥတုနှင့် ကိုက်ညီသောမွေးမြူရေးလုပ်ငန်းဖြစ်ရန်လည်း လိုအပ်သည်။

ထို့ကြောင့် ဒေသ၏ရာသီဥတုနှင့် ကိုက်ညီသောအချိန်တိုတိုအတွင်း အရင်းအနှီးနည်းနည်းဖြင့် အကျိုးအမြတ်များများရရှိနိုင်သော မွေးမြူရေးလုပ်ငန်းများကို ကြိုးပမ်းလုပ်ကိုင်ဆောင်ရွက်ကြရန် လိုအပ်သည်။ ယခုအချိန်တွင် နိုင်ငံတော်မှလည်း စိုက်ပျိုး၊ မွေးမြူရေးလုပ်ငန်းများကို အားပေးလျက်ရှိနေသည်။ မွေးမြူရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်စေရန်အတွက် နိုင်ငံတော်မှ နိုင်ငံ့စီးပွားမြင့်တင်ရေးရန်ပုံငွေဖြင့် မတည်ပုံပိုးငွေများ အတိုးနှုန်းသက်သာစွာဖြင့် ထုတ်ပေးလျက်ရှိနေသည်။

စိုက်ပျိုး မွေးမြူရေးလုပ်ငန်းများဖြင့် နိုင်ငံတော်ကြီးဖွံ့ဖြိုးတိုးတက်လာစေရန် ဆောင်ရွက်ကြရာတွင် ဒေသဝမ်းစာဖူလုံစေပြီး ပို့လျှံထုတ်လုပ်နိုင်ကာ ပြည်ပသို့ တင်ပို့ရောင်းချနိုင်သည်ထိ ရည်မှန်းချက်ပန်းတိုင်များထား၍ ဆောင်ရွက်ကြရမည်ဖြစ်သည်။ မွေးမြူရေးလုပ်ငန်း များထဲမှ မိမိတို့၏ ကျေးလက်နေပြည်သူများနှင့် ကိုက်ညီသော မွေးမြူရေးလုပ်ငန်းတစ်ခုမှာ ဒေသကြက် (တိုင်းရင်းကြက်) မွေးမြူရေးလုပ်ငန်းပင်ဖြစ်သည်။ ဒေသကြက် မွေးမြူရေးလုပ်ငန်းသည် ဒေသ၏ ရာသီဥတုနှင့်ကိုက်ညီသော မွေးမြူရေး လုပ်ငန်းတစ်ခုလည်းဖြစ်သည်။ ကြက်ခြံဆောက်လုပ်ရာတွင် လည်း ကုန်ကျစရိတ်နည်းပါးပြီး ဒေသထွက်ကုန်ကြမ်း ပစ္စည်းများဖြင့် ဆောက်လုပ်နိုင်သည်။ ကြက်မျိုးရင်းများ ဝယ်ယူရာတွင်လည်း



အရင်းအနှီးနည်းနည်းဖြင့် စတင်၍ လုပ်ငန်းဆောင်ရွက်နိုင်သည်။ ဒေသနှင့် ကိုက်ညီသော တိရစ္ဆာန် မျိုးရင်းများလည်းဖြစ်သည့် အတွက်ကြောင့် ရာသီဥတုဒဏ်များကို ခံနိုင်ရည်ရှိပြီးသားဖြစ်သည်။ ရာသီဥတုဒဏ်ခံနိုင်ရည်ရှိခြင်းကြောင့် သေဆုံးပျောက်ပျက်မှုလည်း မရှိသလောက်နည်းပါးသည်။ ဈေးကွက်အနေဖြင့်လည်း အသားဈေးတွင် ဈေးကောင်းရရှိပြီး အရှင်အကောင်လိုက်ဈေးတွင်လည်း ဈေးကောင်းရရှိသည်။ ယခုလက်ရှိအချိန်တွင် ဒေသကြက်အရှင် တစ်ပိဿာခွဲတစ်ကောင်လျှင် ငွေကျပ် ၂၅၀၀၀ ခန့် ရောင်းဝယ်လျက်ရှိကြောင်း သိရသည်။

မိမိတို့မြန်မာနိုင်ငံတွင် ဒေသကြက်မွေးမြူရေးလုပ်ငန်းကို အဓိကအားဖြင့် နှစ်မျိုးလုပ်ကိုင်ဆောင်ရွက်နေကြကြောင်း တွေ့ရသည်။ ပထမတစ်မျိုးမှာ မိရိုးဖလာ လွှတ်ကျောင်းမွေးမြူခြင်းနှင့် ဒုတိယတစ်မျိုးမှာ တစ်ဝက်ခြံလှောင်မွေးမြူကြခြင်းဟူ၍ နှစ်မျိုးတွေ့နိုင်သည်။ မိရိုးဖလာလွှတ်ကျောင်းမွေးမြူခြင်းနည်းစနစ်တွင် အားသာချက်နည်းပါး၍ အားနည်းချက်များအများအပြားရှိနေသည်။ အားသာချက်မှာ ကြက်ခြံဆောက်လုပ်ခြင်းမရှိသည့်အတွက်ကြောင့် ထိုက်သင့်သောကုန်ကျစရိတ်များ ကုန်ကျမှုမရှိပါ။ ကြက်ခြံမဆောက်လုပ်သည့်အတွက်ကြောင့် ကြက်များသည် ညအချိန်တွင် အိမ်နှင့်နီးစပ်ရာ သစ်ပင်များပေါ်တွင်အိပ်စက်ကြရပါသည်။ အားနည်းချက်များမှာ ကြက်များ သေဆုံးပျောက်ဆုံးမှု များပြားခြင်းပင်ဖြစ်သည်။ သစ်ပင်များပေါ်တွင် အိပ်စက်ကြရခြင်းကြောင့် မြွေ၊ သိမ်းငှက်၊ စွန်၊ ဇီးကွက်စသော တိရစ္ဆာန်များ၏ ဘေးအန္တရာယ်များကြောင့် သေဆုံးပျောက်ပျက်ကြရသည်။

ခြံများ မရှိခြင်းကြောင့် ရောဂါများ အလွယ်တကူကူးစက်ဖြစ်ပွားလာနိုင်ခြင်း၊ သားရဲတိရစ္ဆာန်များ၏ သတ်ဖြတ်စားသောက်ခြင်းကို ခံရခြင်း၊ ကြက်များ ကို အလွယ်တကူခိုးယူခံရနိုင်ခြင်းစသော အားနည်းချက်များ ဖြစ်ပေါ်လျက်ရှိနေသည်။ တစ်ဝက်ခြံလှောင်စနစ်ဖြင့် မွေးမြူဆောင်ရွက်ခြင်း၏ အားသာချက်များမှာ အဆောက်အအုံ၊ အစာ၊ ဆေးနှင့်ခြံသုံးပစ္စည်း၊ လုပ်အားခ စသည့် ကုန်ကျစရိတ်သက်သာစွာ မွေးမြူနိုင်ခြင်း၊ ဆိုးရွားသော ရာသီဥတုဒဏ်၊ ရောဂါဒဏ်၊ အစာချို့တဲ့မှုဒဏ်ကို နိုင်ငံခြားကြက်မျိုးများထက် ခံနိုင်ရည်ရှိခြင်း၊ ဒေသအတွင်း အစာရှာဖွေစားသောက်နိုင်ခြင်း၊ ကြက်ဥဖောက်စက် မလိုအပ်ဘဲ ကိုယ်တိုင်ဝပ်၍ သားဖောက်နိုင်ခြင်း၊ အရွယ်ရောက်လာသော အခါ ရန်သူကို ကာကွယ်၊ ရှင်သန်လှုပ်ရှားနိုင်ခြင်း၊ အသား၏ အနံ့အရသာနှင့် ဖွံ့စည်းမှုကောင်းမွန်ခြင်းစသည့် အကျိုးကျေးဇူးများစွာရှိသည်။

ဒေသကြက် (တိုင်းရင်းကြက်)မွေးမြူရေး ပိုမိုတိုးတက်အောင်မြင်စေရန် မွေးမြူရေးနည်းစနစ်များ အနေဖြင့် ကြက်ခြံဆောက်လုပ်မှုအပိုင်းတွင် ညအိပ်ရန်၊ ဥ ဥရန်၊ ခွေး၊ ကြောင်၊ ကြွက်၊ သားရဲငှက် စသည်တို့ရန်မှ ကာကွယ်ရန်၊ ရာသီဥတုဒဏ်မှ ကာကွယ်နိုင်ရန်အတွက် ဆောက်လုပ်ရခြင်းဖြစ်ပြီး ကြက်ခြံအတွင်းငှက်များ မဝင်ရောက်နိုင်စေရန် ပိုက်ကွန်များဖြင့် ကာရံပေးထားရန် လိုအပ်သည်။

အစာကျွေးမွေးမှုအပိုင်းတွင်ကြက်များကိုယ်တိုင် ရှာဖွေစားသောက်နိုင်သော်လည်း စပါး၊ ဆန်၊ ဆန်ကွဲ ထမင်း သို့မဟုတ် ရေစပ်အစာများကို ဒေသအလိုက် ရရှိနိုင်သော ပိုးစာရွက်၊ ဘောစကိုင်းရွက်နှင့် ဟင်းသီးဟင်းရွက်များကို ဖွဲနုဆန်ကွဲတို့ဖြင့် ရောနယ်ကာ အစာခွက်များဖြင့် ကျွေးမွေးနိုင်သည်။

ဒေသကြက် (တိုင်းရင်းကြက်) မွေးမြူရေးတွင် ဥကျင်းများ ထားရှိပေးရန်လည်း လိုအပ်သည်။ ကြက်ခြံ၏ မှောင်၍ ထောင့်ကျသောနေရာတွင် ကြက်ဥကျင်းများကို မြေပြင်မှ အထက်သို့ တစ်ပေခွဲ နှစ်ပေအကွာတွင် ကောက်ရိုးခင်းပြီး ခိုင်ခိုင်မြဲမြဲထားပေးရန် လိုအပ်သည်။ ကြက်မတစ်ကောင်လျှင် ဥကျင်း တစ်ကျင်းနှုန်းထားပေးရမည်။ ဝပ်ကြက်မ သားပေါက်ပြီးပါက ဥကျင်းထဲရှိ ကောက်ရိုး၊ မြက်ခြောက်များကို မီးရှို့ပစ်ရမည်။ ကြက်သန်း၊ လေး၊ မွှားများ မတွယ်ကပ်စေရန် ကြက်ခြံအတွင်း ဥကျင်း၊ အိပ်တန်း၊ အကြိုအကြားနေရာများကို ဆေးရွက်ကြီးစိမ်ထားသောရေဖြင့် သုတ်လိမ်းပေးရန် လိုအပ်သည်။ ကြက်ငယ်များကို သီးသန့်အနွေးပေး မွေးမြူပေးခြင်းဖြင့် ကြက်မများ တစ်နှစ်လျှင် သုံးကြိမ်မှ လေးကြိမ် သားပေါက်ရာမှ ငါးကြိမ်မှ ခြောက်ကြိမ်ထိ ပိုမိုပေါက်ပွားနိုင်ပြီး ကျီး၊ စွန်၊ ခွေး၊ ကြောင် စသည်တို့ဖြင့် ပျက်စီးဆုံးရှုံးရခြင်းမှ ကာကွယ်ပေးနိုင်မည်ဖြစ်သည်။

ကြက်များကို ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းကဏ္ဍတွင် ကြက်ခြံကို နေ့စဉ် သန့်ရှင်းရေး ပြုလုပ်ပေးခြင်း၊ သန့်ရှင်းရေးလုပ်ချိန်တွင် ကြက်ချေးအရောင်နှင့် ဖွဲ့စည်းမှုကို ကြည့်ရှုစစ်ဆေးခြင်း၊ ကြက်များ၏ ကျန်းမာရေးအခြေအနေကို အိပ်တန်းဝင် အိပ်တန်းထွက်၊ အစာကျွေးချိန်တို့တွင် နေ့စဉ်စစ်ဆေးပေးရန် လိုအပ်သည်။

ကြက်များကို ရောဂါကြိုတင်ကာကွယ်မှုကဏ္ဍတွင် ဒေသကြက်(တိုင်းရင်းကြက်)မွေးမြူရေး ဖွံ့ဖြိုးတိုးတက်မှုကို အဓိကအဟန့်အတားဖြစ်စေသည် မှာ ကြက်လည်လိမ်ရောဂါဖြစ်ပွားမှုဖြစ်သည်။ ကြက်အသက်အရွယ်မရွေးဖြစ်ပွားနိုင်ပြီး ရောဂါပြင်းထန်ကာ ကူးစက်ပျံ့နှံ့မှုနှုန်းလည်းမြန်သည်။ ရောဂါဝင်သည်နှင့် မှိုင်ကုပ်ပြီး ရက်ပိုင်းအတွင်း ကြက်တစ်အုပ်လုံးဆုံးရှုံးနိုင်သည်။

ဒုတိယအဖြစ်အများဆုံးရောဂါမှာ ကြက်ဝမ်းကျရောဂါဖြစ်သည်။ ဒေသကြက်(တိုင်းရင်းကြက်) မွေးမြူရေးတွင် ရောဂါများ မကျရောက်စေရန်အတွက် ကြိုတင်ကာကွယ်မှုအနေဖြင့် ရောဂါကာကွယ်ဆေးများ အသုံးပြုကြရန် လိုအပ်သည်။ ဒေသကြက် (တိုင်းရင်းကြက်) မွေးမြူရေးတွင် အဖြစ်များသော ကြက်လည်လိမ်ရောဂါ ကာကွယ်ဆေးအနေဖြင့် အပူဒဏ်ခံကြက်လည်လိမ်ရောဂါ ကာကွယ်ဆေး အိုင်တူး(I2) မျက်စဉ်းဆေးကို အသုံးပြုပေးရမည်။ အိုင်တူး(I2) မျက်စဉ်းဆေးကို ရက်သားကြက်ငယ်မှ စတင်၍ အရွယ်မရွေးအသုံးပြုနိုင်ပြီးကြက်တစ်ကောင်လျှင် ဆေးတစ်စက်နှုန်း မျက်စဉ်းခတ်ပေးရမည်။ ကြက်များကို လေးလတစ်ကြိမ် မျက်စဉ်းခတ်ပေးခြင်းဖြင့် ကြက်လည်လိမ်ရောဂါကို ကာကွယ်နိုင်သည်။ အပူဒဏ်ခံကြက်လည်လိမ်ရောဂါ ကာကွယ်ဆေး အိုင်တူး(I2) မျက်စဉ်းဆေးကို နီးစပ်ရာ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနရုံးများတွင် အခမဲ့ထုတ်ယူဆောင်ရွက်နိုင်သည်။ ဒုတိယအဖြစ်များသော ကြက်ဝမ်းကျရောဂါကို ကာကွယ်ရန်အတွက် တောင်ပံခြစ်ကာကွယ်ဆေးကို ကြက်အသက်တစ်လခွဲနှင့်အထက်ကြက်များတွင် အသုံးပြုနိုင်ပြီး ခြောက်လတစ်ကြိမ် ထပ်မံထိုးပေးခြင်းဖြင့် ရောဂါကာကွယ်နိုင်သည်။

တိုင်းရင်းကြက်မွေးမြူရေးလုပ်ငန်းသည် အရင်းအနှီးနည်းနည်းဖြင့်စတင် ဆောင်ရွက်နိုင်သော မွေးမြူရေးလုပ်ငန်းတစ်ခုဖြစ်သည်။ ကြက်မျိုးဝယ်ယူရာတွင်လည်း နီးစပ်ရာ ဒေသများမှ အလွယ်တကူ ဝယ်ယူရရှိနိုင်ခြင်း၊ ဈေးနှုန်းသက်သာခြင်း၊ ရာသီဥတုဒဏ်ခံနိုင်ရည်ရှိခြင်း၊ ရောဂါများဖြစ်ပွားမှုနည်းပါးခြင်း၊ ကြက်ခြံအဆောက်အအုံအနေဖြင့် ဆောက်လုပ်ရာတွင် ကုန်ကြမ်းပစ္စည်းများပေါများခြင်း၊ ကုန်ကြမ်းပစ္စည်းများဝယ်ယူရာတွင် ဈေးနှုန်းသက်သာခြင်း၊ ဒေသထွက်ကုန်ကြမ်းပစ္စည်းများဖြင့် ဆောက်လုပ်နိုင်ခြင်း၊ ကြက်စာပိုင်းတွင်လည်း ဆန်၊ ဆန်ကွဲ၊ ဖွဲနု စသည့် ကုန်ကြမ်းပစ္စည်းများပေါများခြင်း၊ ဒေသထွက်ကုန်ကြမ်းပစ္စည်းများကို အသုံးပြုကျွေးမွေးနိုင်ခြင်း၊ ကြက်စာအတွက် အစာရှားပါးမှုပြဿနာများမရှိခြင်း၊ ကြက်ရောင်းချိန်တွင်လည်း ဈေးကွက်ရရှိခြင်း၊ အရှင်ဈေးကွက်နှင့် အသားဈေးကွက်နှစ်မျိုးစလုံးတွင် ဈေးကောင်းရရှိခြင်း၊ အကျိုးအမြတ်များများရရှိခြင်း စသောအချက်အလက်များကြောင့် အချိန်တိုတိုအတွင်း အရင်းအနှီးနည်းနည်းဖြင့် အကျိုးအမြတ်များများရရှိစေနိုင်သော တိုင်းရင်းကြက်မွေးမြူရေးလုပ်ငန်းကို ယခုအချိန်မှ စတင်၍ လုပ်ကိုင်ဆောင်ရွက်ကြခြင်းဖြင့် လူတစ်ဦးတစ်ယောက်ချင်းစီ၏ စီးပွားရေးတိုးတက်လာစေပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးတစ်ရပ်ဖြစ်ပေါ်လာစေရန် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။

# နိုင်ငံတကာစစ်မှုရေးရာအဖြာဖြာ

## ရုရှားရေတပ်က စစ်သင်္ဘောများကာကွယ်ရေးအတွက် Inokhodets UAV များကို စတင်အသုံးပြုနေ



ရုရှားရေတပ်သည် ၎င်း၏ကျောက်ချရပ်နားထားသော စစ်သင်္ဘောများ ကာကွယ်ရေးအတွက် Inokhodets UAV များကို စတင်အသုံးပြုနေပြီဖြစ်ကြောင်း ရုရှားနိုင်ငံပိုင် သတင်းမီဒီယာများက ထုတ်ပြန်သည့် အချက်အလက်များကို ကိုးကား၍ Army Recognition သတင်းဌာနက မတ် ၂ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

ရေကြောင်းလုံခြုံရေးအတွက် စိုးရိမ်စရာဖြစ်လာသည့်မောင်းသူမဲ့ရေယာဉ်များကဲ့သို့သော မောင်းသူမဲ့ခြိမ်းခြောက်မှုများကို ကာကွယ်ရန်နှင့် ကျောက်ချရပ်နားထားသော စစ်သင်္ဘောများပတ်လည် ရေပြင်ပိုင်နက်တွင်ကင်းလှည့်ရန် အထူးဒီဇိုင်းထုတ်ထားသည့် UAV များလည်းဖြစ်သည်။ ယခင်က ရဟတ်ယာဉ်များသည် အဆိုပါ ရေတပ်စစ်သင်္ဘောများ၏ လုံခြုံရေးအတွက် ကင်းလှည့်ပျံသန်းခြင်းတာဝန်များ ထမ်းဆောင်လေ့ရှိကြသည်။ ရုရှားရေတပ်၊ စစ်သင်္ဘောများတွင် လေကြောင်းရန် ကာကွယ်ရေးစနစ်များတပ်ဆင်ထားသော်လည်း Inokhodets UAV ကဲ့သို့သော အဆင့်မြင့်မောင်းသူမဲ့ လေယာဉ်စနစ်များ လိုအပ်လာကြောင်း ဖော်ညွှန်းနေခြင်းလည်းဖြစ်သည်။

မကြာသေးမီက သတင်းများအရ တိကျပဲ့ထိန်းခဲယမ်းများ အသုံးပြု၍ ရေတပ်စစ်သင်္ဘောများထံ ချဉ်းကပ်လာသော မောင်းသူမဲ့တိုက်ခိုက်ရေးရေယာဉ်တစ်စင်းကို Inokhodets UAV အသုံးပြု၍ တိုက်ခိုက်ဖျက်ဆီးနိုင်ခဲ့မှုကို အလေးပေး ဖော်ပြထားကြသည်။ ၎င်းသည် ရေတပ်၏ ခေတ်မီကာကွယ်ရေးတွင် မောင်းသူမဲ့လေယာဉ်စနစ်များ၏ အရေးပါမှုကို အားဖြည့်ပေးထားပြီး သမားရိုးကျလူလိုက်ပါသော လေယာဉ်၊ ရဟတ်ယာဉ်များထက် ပိုမိုထိရောက်၍ ကုန်ကျစရိတ်သက်သာကာ လိုက်လျောညီထွေရှိသော အခြား ရွေးချယ်ရန်နည်းလမ်းများကို မီးမောင်းထိုးပြနေခြင်း ဖြစ်ကြောင်း သိရသည်။

Inokhodets UAV များသည် အဖိုးတန် လေကြောင်းစွမ်းအားအရင်းအမြစ်များကို ထိခိုက်ပျက်စီးမှုမရှိစေဘဲ အဓိကကျသည့် ပင်လယ်ပြင်ပိုင်နက်များကို စဉ်ဆက်မပြတ် စောင့်ကြည့်နိုင်စေမည်ဖြစ်ကာ အလိုအလျောက် သို့မဟုတ် အဝေးထိန်းစနစ်ဖြင့် ထိန်းကျောင်းလုပ်ဆောင်နိုင်သည်။ ဤစွမ်းဆောင်ရည်သည် မောင်းသူပါလေယာဉ်များကိုအခြားအရေးကြီးသောမစ်ရှင်များသို့ ခွဲဝေတာဝန်ပေးနိုင်ပြီး အလုံးစုံစစ်ဆင်ရေးတာဝန် ထမ်းဆောင်နိုင်မှုကို အားဖြည့်ပေးနိုင်လိမ့်မည်ဖြစ်ကြောင်း သိရသည်။

Inokhodets UAV တွင် အဆင့်မြင့် ထောက်လှမ်းမှုနှင့် တိုက်ခိုက်မှုစွမ်းရည်များ နှစ်မျိုးစလုံးပိုင်ဆိုင်ထားပြီး ရုရှားရေတပ်၏ တိုးတက်ပြောင်းလဲနေသော ကာကွယ်ရေး လိုအပ်ချက်များအတွက် စံပြရွေးချယ်မှုတစ်ခုဖြစ်သည်။ UAV တွင် လက်နက်ထိန်းချုပ်ရေးစနစ်၏ အဓိကအင်္ဂါရပ်မှာ Kh-UAV ဘက်စုံသုံး နည်းဗျူဟာမြောက်ဒုံးကျည်ပေါင်းစပ်အသုံးပြုနိုင်မှုဖြစ်သည်။ ဤ Kh-UAV ဒုံးကျည်ကို ရုရှားနိုင်ငံ Tula Instrument Design Bureau မှ တင့်ဖျက်ဒုံးကျည်စနစ် Kor-net-D ကို အခြေခံထုတ်လုပ်ထားသည့် 9M133FM-3 ဒုံးကျည်နှင့် 9M133M-2 တင့်ဖျက်ဒုံးကျည်တို့အပေါ် အခြေခံ၍ တီထွင်ထုတ်လုပ်ထားခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါ တိကျပဲ့ထိန်းခဲယမ်းများသည် Inokhodets UAV ကို ဝေဟင်နှင့်မြေပြင်ပစ်မှတ်များကို ထိထိရောက်ရောက် တိုက်ပွဲဝင်နိုင်စွမ်းရှိစေပြီး ခေတ်မီရေတပ်တိုက်ပွဲများတွင် စွယ်စုံရလက်နက်တစ်ခုဖြစ်လာစေခဲ့သည်။

ရုရှားတပ်မတော်သည် Inokhodets UAV ကဲ့သို့ မောင်းသူမဲ့စနစ်များကို တိုးမြှင့်အသုံးပြုလာခြင်းကြောင့် အဆိုပါ UAV သည် ရေတပ်ပိုင်ဆိုင်မှုများကို ကာကွယ်ရန်နှင့် ပင်လယ်ပြင်တွင် ပိုမိုကျယ်ပြန့်သော လုံခြုံရေးဆိုင်ရာ စစ်ဆင်ရေးများကို ပံ့ပိုးပေးရာတွင် သိသာထင်ရှားသော အခန်းကဏ္ဍမှပါဝင်လာလိမ့်မည်ဟု မျှော်လင့်ရကြောင်း သိရသည်။

**Russia Begins Deploying Orion Inokhodets Drones to Counter Attacks by Unmanned Surface Vessels ကို ဘာသာပြန်ဆိုထားပါသည်။**

## ယူကရိန်းက ယခုနှစ်အတွက် ပြည်တွင်းကာကွယ်ရေးထုတ်လုပ်မှုတွင် ကန်ဒေါ်လာ ၃၅ ဘီလီယံ အသုံးပြုရန်မျှော်မှန်းထား

ယူကရိန်းနိုင်ငံသည် ၂၀၂၂ ခုနှစ် ပြည်တွင်းကာကွယ်ရေးထုတ်လုပ်မှုတွင် အမေရိကန်ဒေါ်လာ ၁ ဘီလီယံခန့်သုံးစွဲခဲ့ရာမှ ယခုနှစ်တွင် အမေရိကန်ဒေါ်လာ ၃၅ ဘီလီယံထိ တိုးမြှင့်အသုံးပြုရန် မျှော်မှန်းထားကြောင်း The Defense Post သတင်းဌာနက မတ် ၂ ရက်တွင် ရေးသားဖော်ပြထားသည်။

"ဒုတိယကမ္ဘာစစ်နောက်ပိုင်း အပြင်းထန်ဆုံးပဋိပက္ခမှာ ယူကရိန်းထုတ်လက်နက်တွေကို တိုးမြှင့်လုပ်ဆောင်နေပါတယ်။အခက်ခဲဆုံးအခြေအနေတွေမှာ ကျွန်တော်တို့လက်နက်တွေရဲ့ ထိရောက်မှုကို သက်သေပြနေပါတယ်"ဟု ယူကရိန်း၏ မဟာဗျူဟာစက်မှုလုပ်ငန်းဝန်ကြီး Herman Smetanin က ပြောကြားခဲ့ကြောင်း သိရသည်။

မကြာသေးမီက တိုးတက်ထုတ်လုပ်နိုင်ခဲ့မှုများတွင်ဖိုက်ဘာကေဘယ်ကြိုးဖြင့် ပျံသန်းထိန်းကျောင်းနိုင်သော FPV ဒရုန်းများ၊ ကြားဖြတ်တိုက်ခိုက်ရေးဒရုန်းများနှင့် မောင်းသူမဲ့ရေယာဉ်များ ပါဝင်သည်။ ထို့ပြင် ယူကရိန်းသည် အီလက်ထရွန်နစ် စစ်ဆင်ရေးစနစ်များ၊ ရေဒီယိုလှိုင်းနှုန်း ထိန်းချုပ်မှုကင်းထောက်ကိရိယာများနှင့် ခေတ်မီဆန်းသစ်သောဆက်သွယ်ရေး နည်းပညာများတွင် တိုးတက်မှုတချို့ရှိလာခဲ့သည်။

ယူကရိန်းနိုင်ငံ၏ ကာကွယ်ရေးကဏ္ဍသည် စစ်ရေးနည်းပညာ ဖွံ့ဖြိုးတိုးတက်မှုကို မြှင့်တင်ပေးသည့် အစပျိုးမှုများကြောင့် အရှိန်အဟုန်ဖြင့် တိုးတက်လျက်ရှိသည်။ ယူကရိန်းသည် အထူးသဖြင့် ဒရုန်းထုတ်လုပ်ရေးတွင် ရင်းနှီးမြှုပ်နှံထားပြီး နိုင်ငံတစ်ဝန်းတွင် ကုမ္ပဏီပေါင်း ၅၀၀ ကျော် ပါဝင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

"ယူကရိန်းပဋိပက္ခအတွင်း ကာကွယ်ရေးနည်းပညာဈေးကွက်က တော်တော်လေးဖွံ့ဖြိုးတိုးတက်လာပါတယ်။ တကယ်တော့ ဒရုန်းတွေနဲ့ စတင်ခဲ့တာပါ" ဟု ဒုတိယဝန်ကြီးချုပ်၊ ဒစ်ဂျစ်တယ်အသွင်ကူးပြောင်းရေးဝန်ကြီး Mykhailo Fe-dorov က ပြောကြားခဲ့သည်။

ယူကရိန်းနိုင်ငံ ကာကွယ်ရေးနည်းပညာအစုအဝေး၏ တစ်စိတ်တစ်ပိုင်းဖြစ်သော Brave1 ပလက်ဖောင်းသည် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ပံ့ပိုးငွေများမှတစ်ဆင့် ဆော့ဖ်ဝဲအင်ဂျင်နီယာများကို ရန်ပုံငွေပံ့ပိုးကူညီရာတွင် အရေးပါသော အခန်းကဏ္ဍမှ ပါဝင်ခဲ့သည်။ ယခုနှစ် ဖေဖော်ဝါရီလတွင် ယူကရိန်းသည် စစ်မြေပြင်၌ မောင်းသူမဲ့စနစ်များ၏ အခန်းကဏ္ဍကိုချဲ့ထွင်ရန် ပဏာမခြေလှမ်းသစ်တစ်ရပ်အဖြစ် Drone Line အမည်ဖြင့် တိုးချဲ့လုပ်ဆောင်လာခဲ့သည်။



ထို့ပြင် ယူကရိန်းတပ်မတော်သည် တိုက်ခိုက်ရေးထိရောက်မှုကိုမြှင့်တင်ရန် ၎င်း၏ ရှေ့တန်းတပ်မဟာ တပ်မများအတွင်း အပြည့်အဝလည်ပတ်နိုင်သော စက်ရုပ်တပ်ဖွဲ့ တစ်နည်းအားဖြင့် မောင်းသူမဲ့ မြေပြင်သွားယာဉ်များကို တပ်ဖြန့်ချထားခဲ့သည်။ ယူကရိန်းသည် အဆိုပါမောင်းသူမဲ့စနစ်သုံးယာဉ်များကို တိုးတက်ထုတ်လုပ်လျက်ရှိပြီး ရှေ့တန်းရှိ တိုက်ခိုက်ရေးတပ်ဖွဲ့များ၏ တစ်စိတ်တစ်ပိုင်းအဖြစ် မောင်းသူမဲ့မြေပြင်သွားယာဉ်တပ်ဖွဲ့များကို တိုက်ပွဲဝင်ဖြန့်ကြက်အသုံးပြုလျက်ရှိသည်ဟု ယူကရိန်းနိုင်ငံ ကာကွယ်ရေးဝန်ကြီး Rustem Umerov က ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

အဆိုပါ စက်ရုပ်စနစ် (မောင်းသူမဲ့မြေပြင်သွားယာဉ်)များသည် ထိုးစစ်နှင့် ခံစစ် စစ်ဆင်ရေးနှစ်မျိုးစလုံးကို အထောက်အကူ ပေးနိုင်မည်ဖြစ်ပြီး အုပ်ချုပ်ထောက်ပံ့ ပို့ဆောင်ရေးနှင့် ဒဏ်ရာရရှိသူများကို ဘေးလွတ်ရာသို့ ရွှေ့ပြောင်းရာတွင် ကူညီပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။

**Ukraine Forecasts $35B in Domestic Defense Production for 2025 ကို ဘာသာပြန်ဆိုထားပါသည်။**

**မင်းမျိုး**

# Chairman of the State Administration Council Prime Minister Senior General Min Aung Hlaing holds a private meeting with President of Russian Federation H.E. Vladimir Vladimirovich Putin



Chairman of the State Administration Council Prime Minister Senior General Min Aung Hlaing holds talks with President of the Russian Federation Vladimir Putin.

**Nay Pyi Taw March 4**

Chairman of the State Administration Council Prime Minister Senior General Min Aung Hlaing, who is on an official goodwill visit in Russian Federation at the invitation of President of Russian Federation H.E. Vladimir Vladimiro-vich Putin, held a separate meeting with the Russian Federation President H.E. Vladimir Vladimirovich Putin at the Kremlin in Moscow this evening at local time.

First, the Russian President warmly welcomed and greeted the Senior General, and then held a separate meeting.

Also present at the meeting together with the Senior General were SAC Joint Secretary General Ye Win Oo, SAC member General Nyo Saw, union mini-sters U Than Swe, Admiral Moe Aung, and Myanmar Ambassador to Russia U Thit Lin Ohn. The Russian President was accompanied by the Minister of Foreign Affairs of Russia, the Assistant Foreign Relations Officer for Foreign Policy of the President, the Minister for Industry and Trade, officials and heads of the cabinet.

In his greetings, the Russian President expressed pressure for holding a meeting with the Senior General a second time. He said the Senior General's visit is very beneficial for friendship and cooperation between the two countries. During the visit, both sides will be able to sign agreements for bilateral cooperation, and the mutual trade between the two is developing more than ever. The two countries are also cooperating on the international stage. The President reiterated his pleasure for the meeting in Moscow.

Afterward, the Senior General expressed his great pleasure to meet again with the President of the Russian Federation at the Kremlin palace, the landmark of the Russia Federation. He said it is the second meeting after the one at the 7th Eastern Economic Forum. Russia is a good old friend of Myanmar, and despite the distance, the two countries have close relations. The two countries have lived in weal and woe since yore, and the bilateral diplomatic relations have already reached the 77th Anniversary. The current talks are very beneficial for the two countries. He expressed thanks for the meeting.

Then, they exchange views on promo-tion of friendship and cooperation in the investment, education, defence, health and other sectors frankly.

Then, the Senior General and the President of the Russia Federation attended the meeting between the two countries.

During the meeting, ministers from the two countries discussed cooperation in the education and health sectors, manufacturing and trade sectors, economic sector and other sectors. The Senior General and the President of the Russian Federation made supplemen-tary remarks on their discussions.

Afterward, a ceremony to sing agree-ments and memorandums of understand-ing between the two governments was held and the agreement on customs tariff, the MOU on cooperation in the field of safety rules against nuclear and radiation in peaceful utilization of nuclear energy, the MOUs on cooperation in economic and technology in geology survey and mineral exploration, the MOUs on cooperation in space science and technology, the MOUs on health cooperation, MOUs on cooperation in the culture and sport sectors between the two countries and the agreement on the mutual recognition of education qualification and degrees between the two countries were signed and exchanged by relevant union ministers and the ambassadors of Myanmar to the Russia Federation and responsible officials in witness of the Senior General and the President of the Russian Federation.

Then, the Senior General and the President of the Russian Federation jointly responded to the question of the media and a joint statement will be issued later to the media. 100

# SAC Chairman Prime Minister Senior General Min Aung Hlaing holds meeting with Security Council Secretary of the Russian Federation Mr. Sergey Kuzhugetovich Shoigu

**Nay Pyi Taw March 4**

Chairman of the State Administration Council Prime Minister Senior General Min Aung Hlaing, who is currently in Moscow of the Russian Federation to pay an official visit, held talks with Secretary of the Security Council of the Russian Federation Mr Sergey Kuzhugetovich Shoigu at his meeting hall this morning.

Also present at the meeting were SAC Joint Secretary General Ye Win Oo, Council member General Nyo Saw, Union Minister at the Ministry-1 of the SAC Chairman Office National Security Adviser Admiral Moe Aung and Myanmar Ambassador to the Russian Federation U Thit Linn Ohn.

On arrival at the Secretariat of the Security Council of the Russian Federation, the Senior General and his entourage were cordially welcomed by Security Council Secretary Mr Sergey Kuzhugetovich Shoigu.

At the meeting hall, they frankly discussed improvement of relations between the two countries, promotion of cooperation in security measures, attendance of Myanmar delegates to the ceremony to mark the 80th Anniversary of the Victory over Fascism in the Great Patriotic War in Moscow, and invitation to Myanmar delegations to the security forums.

The Senior General conferred Sithu Title of Pyidaungsu Sithu Thingaha Title on Mr Sergey Kuzhugetovich Shoigu.

After the meeting, the Senior General and the Russian Security Council Secretary exchanged commemorative gifts. 100



SAC Chairman Prime Minister Senior General Min Aung Hlaing holds talks with Security Council Secretary of the Russian Federation Mr. Sergey Kuzhugetovich Shoigu.

# Reciprocal joint declaration of two countries and speeches delivered by Russian Federation President Vladimir Vladimirovich Putin and SAC Chairman Prime Minister Senior General Min Aung Hlaing in meeting with media



Chairman of the State Administration Council Prime Minister Senior General Min Aung Hlaing and President of Russian Fed-eration H.E. Vladimir Vladimirovich Putin meet the press.

**Nay Pyi Taw March 4**

**President of the Russian Federation Vladimir Vladimirovich Putin delivered a speech. He said:**

We welcome the visit of the Chairman of the State Administration Council and Prime Minister of the Republic of the Union of Myanmar, Senior General Min Aung Hlaing, to Russia. There is also a trustworthy relationship between our two countries. The Prime Minister and I are holding discussions. Our main focus is on the implementation of cooperative projects between our two nations. In previous years, we signed a joint declaration on bilateral cooperation. In 1948, Russia was among the first countries to recognize Myanmar's independence, back when it was part of the Soviet Union. Later, the Soviet Union assisted Myanmar, including support for scholars. With the help of the Soviet Union, Myanmar was able to implement significant projects in the education and healthcare sectors. Currently, Russia continues to support Myanmar. It is also assisting in Myanmar's industrial sector. Furthermore, Russia supports Myanmar in ensuring stability in its internal affairs. A joint declaration was issued, reaffirming our cooperation. We aim to further develop trade and investment between our two countries. Last year, the trade volume between our nations increased by approximately 40 per cent. Previously, it was around $2 billion. We are ready to expand our mutual trade relations. We are also cooperating in the financial sector, including loans and banking matters.

Our two countries' governments are actively cooperating through the Bilateral Cooperation Commission. Recently, a trade commission meeting was held in Nay Pyi Taw. We are also collaborating in the energy sector and planning to conduct a strategic cooperation in this field. Moreover, we are ready to work together in other areas, particularly in the development of renewable energy sources. An agreement has been reached for the construction of small and small-scale nuclear power plants in Myanmar, which will significantly contribute to the country's electricity supply. Several agreements related to construction in Myanmar have also been made, which will create numerous job opportunities for workers and specialists. We are implementing joint projects in the industrial and advanced technology sectors. With Russia's support, a satellite data research centre has been established in Myanmar. The Prime Minister also visited Russia's space agency, where he will gain valuable knowledge about Russia's achievements in the space sector. Furthermore, we will enhance cooperation in the fields of culture and humanitarian. A Russian culture centre is planned to be opened in Myanmar. In Yangon, there are plans to construct the first Russian Orthodox Christian Church. Likewise, two cultural and Buddhist centres of Myanmar have been established in Russia.

We are very grateful to the Myanmar leaders for helping Myanmar citizens learn the Russian language. Russian is also taught at two well-known universities in Myanmar: Yangon and Mandalay University of Foreign Languages, as well as the Defence Services Academy. There are plans to expand Russian language education in Myanmar. Currently, around 300 Myanmar students are studying at Russian universities. In total, about 10,000 Myanmar scholars have completed training of various subjects at university various universities in Russia. On 9 May, the 82nd National Victory Day will be celebrated in Moscow. I have invited the Prime Minister to attend this ceremony. The Myanmar Tatmadaw contingent will also participate in the Red Square parade, including the march-past event. During discussions, we talked about international affairs. On most international issues, the positions of Russia and Myanmar align or are similar. We are cooperating on the global stage. We are working towards peaceful development in the Asia-Pacific region. Russia and Myanmar are actively cooperating in the field of security measures. In conclusion, we are deeply grateful that we can work on constructive projects with our Myanmar friends. The visit of Prime Minister Senior General Min Aung Hlaing includes various significant matters. The discussions held during the visit of the Chairman of the State Administration Council to Russia have been successful. Based on the results achieved, I firmly believe that cooperation between the two countries will continue to develop in various sectors. Thank you very much for your patience and attention.

**Chairman of the State Administration Council Prime Minister Senior General Min Aung Hlaing also delivered a speech. He said:**

Distinguished guests, including the esteemed President of the Russian Federation Mr. Vladimir Putin, and all distinguished attendees,

I am here in the Russian Federation on a friendly visit at the invitation of President Putin. Russia is an important and trustworthy friend of Myanmar. Therefore, I would like to emphasize the great value we place on the bilateral relations between our two nations, which are built on mutual trust, understanding, and respect. The diplomatic relations between our two countries were established in 1948, and our friendship has deepened over the past 77 years, and our cooperation has become increasingly successful. It is gratifying to witness the continued strengthening of our ties. During my visit, I had the opportunity to hold extensive discussions with President Putin on various international matters concerning both nations. Likewise, I met with Prime Minister H.E. Mikhail Vladimirovich Mishustim and the two parliamentary chairmen. We also discussed ways to enhance economic cooperation, promote economic development, and further strengthen our bilateral relations. At today's meeting, both of our sides were able to enhance and implement numerous mutual agreements. In particular, the President has already provided a detailed explanation earlier. Due to our mutual trust and productive discussions, we were able to sign ten agreements. During our visit, we will officially open Myanmar consulates in Saint Petersburg and Novosibirsk. We firmly believe that, through discussions and collaborations between both sides, we will be able to further expand our cooperation. Through this visit, the friendship between our two countries will deepen, and we are confident that cooperation will continue to develop in various sectors, including trade, economy, defence, science and technology, electricity, industry, and energy, achieving greater success in the near future. Myanmar fully supports Russia and its people in ensuring the stability of Russia's sovereignty and contributing to global peace. Moreover, as Myanmar works toward its political objectives, we sincerely appreciate Russia's consistent support for Myanmar on the international stage. Looking ahead, I would like to reaffirm that our two countries will continue to work closely together in international affairs.

Honourable President,

I sincerely express my desire to continue working together to further strengthen and enhance the relations between Myanmar and the Russian Federation through our collaborative efforts. I would also like to extend my heartfelt gratitude for the warm welcome and the comprehensive arrangements made for our friendship visit. Moreover, I would like to extend an invitation to you, Honorable President, to visit Myanmar for a friendship visit at a mutually convenient time. 100

# 265 more illegal migrants to Myanmar detained

**Nay Pyi Taw March 4**

Online gambling and scam operators and those who are involved in or masterminding them are being cracked down resolutely under the trilateral cooperation among Myanmar, China and Thailand.

In doing so, 265 more illegal migrants, who illegally entered Shwe Kokko in Myawady through illegal routes, were uncovered and detained today and the collection of personal information and documents of them within a day by combined teams of relevant departments was inspected by Kayin State Security and Border Affairs Minister Col Min Thu Kyaw, who also discussed with officials and coordinated issued related with the health, food and accommodation, security and repatriation of them without delay.

During the period from 30 January to 4 March, 2025, a total of 3,992 illegal migrants to Myanmar were uncovered and detained and 757 of them were repatriated to relevant country in accordance with the law, rules and regulations and the remaining 3,235 illegal migrants are ready for repatriation and detained properly.

The 3,992 detainees included citizens of China, Indonesia, Vietnam, Malaysia, Pakistan, India, Ethiopia, Nepal, Thailand, Rwanda, Kenya, Kazakhstan, Cambodia, Ghana and China (Taipei) and majority of them are from China. 100



Responsible officials inspect the collection of personal information and documents of illegal migrants.

# Chairman of State Administration Council Prime Minister Senior General Min Aung Hlaing lays wreath at Tomb of the Unknown Soldier in Moscow



Chairman of State Administration Council Prime Minister Senior General Min Aung Hlaing lays a wreath at the Tomb of the Unknown Soldier in Moscow.

**Nay Pyi Taw March 4**

Chairman of the State Administration Council Prime Minister Senior General Min Aung Hlaing, who is on an official goodwill visit to the Russian Federation, arrived in Moscow this morning and paid his respects by laying a wreath at the Tomb of the Unknown Soldier in Moscow.

First, the Senior General, accompanied by Joint Secretary of the SAC General Ye Win Oo and members of the delegation, arrived at the Tomb of the Unknown Soldier in Moscow, where they were welcomed and greeted by the Moscow Garrison Commander and officials.

Subsequently, led by two honour guards, the Senior General carried the wreath and laid it at the Tomb of the Unknown Soldier, paying his respects. During the wreath-laying ceremony, the honour guard of the Russian Federation played the national anthem of the Republic of the Union of Myanmar.

Following this, the Chairman of the State Administration Council Prime Minister received the salute from the honour guard and warmly greeted the officials. During the greetings, the honour guard of the Russian Federation played military songs of the Myanmar Armed Forces in tribute. 100

# Chairman of the State Administration Council Prime Minister Senior General Min Aung Hlaing holds talks with Speaker of Duma of Russian Federation

**Nay Pyi Taw March 4**

Chairman of the State Administration Council Prime Minister Senior General Min Aung Hlaing who was on an official goodwill visit in Moscow, Russian Federation held talks with Speaker of Duma of Russian Federation H.E. Mr. Vyacheslav Volodin at the meeting hall of Duma this morning.

Also present at the meeting together with the Senior General were Joint SAC Secretary General Ye Win Oo, SAC member General Nyo Saw, union ministers, U Than Swe, Admiral Moe Aung, Dr Kan Zaw, U Ko Ko Lwin, Myanmar Ambassador to Russia U Thit Lin Ohn and officials. The Duma speaker was accompanied by officials.

On arrival at the Duma, the Senior General and the goodwill delegation were welcomed by the Duma speaker, followed by a photo session.

At the meeting, topics on functions and structure of the Duma, formation of political parties, cooperation plans between the parliaments of Myanmar and Russia, SAC's assumption of duties due to the vote rigging occurred during the 2020 multiparty democracy general election, preparation to hold a free and fair election, Russian support during the election, threats to national peace and stability due to the parties that take external support, formation of parliaments at all levels in Myanmar and type of the election, further promotion of bilateral cooperation between the two countries, and exchanged of goodwill visits between the parliaments of the two countries were cordially discussed. 100




Chairman of the State Administration Council Prime Minister Senior General Min Aung Hlaing holds talks with Speaker of Duma of Russian Federation H.E. Mr. Vyacheslav Volodin.


## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# SAC Chairman Prime Minister Senior General Min Aung Hlaing meets with Russian Federation Prime Minister H.E. Mikhail Vladimirovich Mishustim



SAC Chairman Prime Minister Senior General Min Aung Hlaing meets with Russian Federation Prime Minister H.E. Mikhail Vladimirovich Mishustim.

**Nay Pyi Taw March 4**

Chairman of the State Administration Council Prime Minister Senior General Min Aung Hlaing, currently in Moscow of the Russian Federation to pay an official visit, met Prime Minister of the Russian Federation H.E. Mikhail Vladimirovich Mishustim at the meeting hall of the Russian Federation Government House this afternoon.

On arrival at the house, the Senior General was welcomed by the Russian Federation Prime Minister. They had documentary photos taken, and the meeting took place there.

Also present at the meeting together with the Senior General were ac Joint Secretary General Ye Win Oo, Council member General Nyo Saw, Union ministers, the Chief Minister of Bago Region, Myanmar Ambassador to the Russian Federation U Thit Linn Ohn, senior Tatmadaw officers from the Office of the Commander-in-Chief, the Myanmar Military Attaché (Army, Navy and Air) to the Russian Federation and officials. The Russian Federation Prime Minister was accompanied by ministers of the Russian government and officials.

At the meeting, the Russian Federation Prime Minister extended greetings, saying that they are deeply honoured and delighted by friendly visit of the Senior General to their country. Myanmar is a key partner and ally of Russia in the Asia-Pacific region. Through this visit, they believe that the friendship and cooperation between the two nations will be further strengthened and enhanced.

In his response, the Senior General said that he was delighted at meeting with the Russian Federation Prime Minister. The diplomatic relations between the two countries has turned 77 years, and friendly relations and cooperation are enhancing between the two countries. The Senior General expressed his thanks to them for warmly welcome to the Myanmar delegation and himself.

They exchanged views on promotion of bilateral relations and cooperation, promotion of cooperation in trade, industry, manufacturing, agriculture and investment sectors, cooperation in aerospace and satellite technology, development of tourism industry between the two countries, invitation to Russian businesspersons to invest in Myanmar, signing the memorandum of understanding between the two countries, and exchange of high-ranking officials of the governments from both countries. 100

# Chairman of State Administration Council Prime Minister Senior General Min Aung Hlaing holds discussions with H.E. Ms. Valentina Matviyenko, Speaker of the Federation Council of the Federal Assembly of the Russian Federation

**Nay Pyi Taw March 4**

Chairman of the State Administration Council Prime Minister Senior General Min Aung Hlaing, who is in Moscow on an official goodwill visit to the Russian Federation, met and held discussions this afternoon, local time, with H.E. Ms. Valentina Matviyenko, Speaker of the Federation Council of the Federal Assembly of the Russian Federation, at the Federation Council.

First, the Senior General, along with members of the goodwill delegation, arrived at the building of the Federation Council of the Federal Assembly of the Russian Federation, where they were warmly welcomed and greeted by H.E. Ms. Valentina Matviyenko.

Following this, the Senior General signed the guestbook of the Federation Council. Subsequently, the Speaker presented officials of the Federation Council to the Senior General, who in turn presented his delegation members to her.

Afterwards, a meeting was held in the conference hall of the Federation Council. During the meeting, they discussed matters related to cooperation between the two legislative bodies, diplomatic relations between the two countries, the progress of government-to-government, nation-to-nation, and people-to-people relations, the current state of mutual cooperation between the two legislative bodies, the continued enhancement of bilateral relations and cooperation, the exchange of goodwill visits between the two legislative bodies, the preparations being made by the State Administration Council to hold a free and fair multi-party democratic general election, the possibility of sending observation teams from the Federation Council of the Federal Assembly of the Russian Federation during Myanmar's election period, and the further strengthening of relations between the two legislative bodies after the re-establishment of the parliament in Myanmar. The discussions were conducted in an open and cordial manner.



Chairman of State Administration Council Prime Minister Senior General Min Aung Hlaing holds discussions with H.E. Ms. Valentina Matviyenko, Speaker of the Federation Council of the Federal Assembly of the Russian Federation.

Together with the Senior General at the meeting were Joint Secretary of the SAC General Ye Win Oo, members of the goodwill delegation, the Ambassador of Myanmar to Russia, the Military Attaché (Army, Navy, and Air), and other officials. On the Russian side, the Speaker of the Federation Council and officials from the Federation Council were present.

Following the meeting, the Chairman of the State Administration Council Prime Minister, along with the Speaker of the Federation Council and members of the goodwill delegation, posed for a group documentary photo. 100

**ရှေ့ဖုံးမှအဆက်**

အဆိုပါ တွေ့ဆုံဆွေးနွေးပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ကောင်စီဝင် ဗိုလ်ချုပ်ကြီးညိုစော၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးသန်းဆွေ၊ ဗိုလ်ချုပ်ကြီးမိုးအောင်၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးသစ်လင်းအုန်းတို့တက်ရောက်ကြပြီး ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတနှင့်အတူ ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတ၏ နိုင်ငံခြားရေးမူဝါဒဆိုင်ရာ ပြည်ပဆက်ဆံရေး လက်ထောက်အရာရှိ၊ စက်မှုနှင့်ကုန်သွယ်ရေးဝန်ကြီးဌာနဝန်ကြီး၊ တာဝန်ရှိသူများနှင့်အစိုးရအဖွဲ့အကြီးအကဲများ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံရာတွင်ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတ H. E. Vladimir Vladimirovich Putin က ဒုတိယအကြိမ် ထပ်မံတွေ့ဆုံရသည့်အတွက် ဝမ်းမြောက်ပါကြောင်း၊ ယခုနိုင်ငံတော်ဝန်ကြီးချုပ်၏ ခရီးစဉ်သည် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုနှင့်ပူးပေါင်းဆောင်ရွက်မှုအတွက် များစွာအကျိုးဖြစ်ထွန်းစေပါကြောင်း၊ ယခုခရီးစဉ်အတွင်း နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုများအတွက် သဘောတူစာချုပ်များကို လက်မှတ်ရေးထိုးနိုင်မည်ဖြစ်ကြောင်း၊ နှစ်နိုင်ငံကုန်သွယ်မှုလုပ်ငန်းများမှာလည်း ယခင်ကထက် ပိုမိုတိုးတက်လာပြီဖြစ်ပါကြောင်း၊ မိမိတို့နှစ်နိုင်ငံအနေဖြင့် နိုင်ငံတကာမျက်နှာစာတွင်လည်း ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ယခုကဲ့သို့ မော်စကိုမြို့တွင်တွေ့ဆုံမှုအတွက် ဝမ်းမြောက်ကြောင်းကို မိမိအနေဖြင့် ထပ်မံပြောကြားလိုပါကြောင်းဖြင့် ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ယခုကဲ့သို့ရုရှားနိုင်ငံ၏အထင်ကရဖြစ်သည့် ကရင်မလင်နန်းတော်၌ အဆွေတော်နှင့် ပြန်လည်တွေ့ဆုံရသည့်အတွက် အထူးဝမ်းမြောက်ပါကြောင်း၊ ၇ ကြိမ်မြောက် အရှေ့ဖျားစီးပွားရေးဖိုရမ်၌ တွေ့ဆုံခဲ့ပြီး ယခုအခါ ဒုတိယအကြိမ် တွေ့ဆုံဆွေးနွေးခြင်းဖြစ်ပါကြောင်း၊ရုရှားနိုင်ငံသည် မြန်မာနိုင်ငံအတွက် မိတ်ဆွေကောင်း၊ မိတ်ဆွေဟောင်းနိုင်ငံတစ်နိုင်ငံဖြစ်ပြီး ခရီးဝေးကွာသော်လည်း ချစ်ကြည်ရင်းနှီးသည့်နိုင်ငံများဖြစ်ပါကြောင်း၊ နှစ်နိုင်ငံသည် ရှေးသမိုင်းအစဉ်အဆက်ကတည်းကပင် အေးအတူပူအမျှနေထိုင်ခဲ့ကြကြောင်း၊ နှစ်နိုင်ငံသံတမန်ဆက်ဆံမှုမှာ ၇၇ နှစ်ပြည့်မြောက်ခဲ့ပြီဖြစ်ပါကြောင်း၊ ယခုကဲ့သို့တွေ့ဆုံဆွေးနွေးမှုသည် မိမိတို့နှစ်နိုင်ငံအတွက် များစွာအကျိုးရှိပါကြောင်း၊တွေ့ဆုံမှုအတွက်လည်း ကျေးဇူးတင်ရှိသည်ကိုထပ်မံပြောကြားလိုပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်ရေးကိစ္စရပ်များ၊ ရင်းနှီးမြှုပ်နှံမှုကဏ္ဍ၊ ပညာသင်ကြားရေးကဏ္ဍ၊ ကာကွယ်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍနှင့် အခြားကဏ္ဍပေါင်းစုံ၌ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာဖြင့် အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။


၎င်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ သမ္မတတို့သည် နှစ်နိုင်ငံတွေ့ဆုံဆွေးနွေးပွဲကို တက်ရောက်သည်။

အဆိုပါဆွေးနွေးပွဲတွင် နှစ်နိုင်ငံဝန်ကြီးများက ပညာရေးနှင့် ကျန်းမာရေးကဏ္ဍ၊ သိပ္ပံနှင့် နည်းပညာကဏ္ဍ၊ ကုန်ထုတ်လုပ်မှုနှင့် ကုန်သွယ်မှုကဏ္ဍ၊ စီးပွားရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍ၊ အာကာသသိပ္ပံနှင့် နည်းပညာပူးပေါင်းဆောင်ရွက်ရေးကဏ္ဍနှင့် အခြားပူးပေါင်းဆောင်ရွက်နိုင်သည့် ကဏ္ဍများနှင့်ပတ်သက်၍ အပြန်အလှန်ဆွေးနွေးကြသည်။ ဆွေးနွေးမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတတို့က လိုအပ်သည်များဖြည့်စွက်ဆွေးနွေးခဲ့သည်။

ယင်းနောက် နှစ်နိုင်ငံအစိုးရနှစ်ရပ်အကြား သဘောတူညီချက်များနှင့်နားလည်မှုစာချွန်လွှာများ လက်မှတ်ရေးထိုးလဲလှယ်ခြင်းအခမ်းအနားကို ဆက်လက်ကျင်းပပြုလုပ်ရာ နှစ်နိုင်ငံအကြား ပညာရေးအရည်အချင်းသတ်မှတ်ချက်နှင့်ပညာရပ်ဆိုင်ရာဘွဲ့၊ ဒီဂရီများ အပြန်အလှန်အသိအမှတ်ပြုရေးဆိုင်ရာ သဘောတူစာချုပ်၊ အကောက်အခွန်ဆိုင်ရာကိစ္စရပ်များဆိုင်ရာ သဘောတူညီချက်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတ H.E. Vladimir Vladimirovich Putin က ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။



နိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ရုရှားဖက်ဒရေးရှင်း နိုင်ငံ သမ္မတ H.E. Vladimir Vladimirovich Putin တို့ သီးခြားတွေ့ဆုံ ဆွေးနွေးစဉ်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတ H.E. Vladimir Vladimirovich Putin တို့ရှေ့မှောက်၌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးသစ်လင်းအုန်းနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံဘက်မှ သက်ဆိုင်ရာတာဝန်ရှိသူများက နှစ်နိုင်ငံအစိုးရနှစ်ရပ်အကြား သဘောတူညီချက်များနှင့် နားလည်မှုစာချွန်လွှာများ လက်မှတ်ရေးထိုးလဲလှယ်ကြစဉ်။

ဒုတိယအကြိမ် ထပ်မံတွေ့ဆုံရသည့်အတွက် ဝမ်းမြောက်၊ ယခု နိုင်ငံတော်ဝန်ကြီးချုပ်၏ခရီးစဉ်သည် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုအတွက် များစွာအကျိုးဖြစ်ထွန်းစေ၊ ယခုခရီးစဉ်အတွင်း နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုများအတွက် သဘောတူစာချုပ်များကို လက်မှတ်ရေးထိုးနိုင်မည်ဖြစ်၊ နှစ်နိုင်ငံကုန်သွယ်မှုလုပ်ငန်းများမှာလည်း ယခင်ကထက် ပိုမိုတိုးတက်လာပြီဖြစ်၊ မိမိတို့နှစ်နိုင်ငံအနေဖြင့် နိုင်ငံတကာမျက်နှာစာတွင်လည်း ပူးပေါင်းဆောင်ရွက်လျက်ရှိ . . .

ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတ H. E. Vladimir Vladimirovich Putin

ယခုကဲ့သို့ရုရှားနိုင်ငံ၏အထင်ကရဖြစ်သည့် ကရင်မလင်နန်းတော်၌ အဆွေတော်နှင့် ပြန်လည်တွေ့ဆုံရသည့်အတွက် အထူးဝမ်းမြောက်၊ ၇ ကြိမ်မြောက် အရှေ့ဖျားစီးပွားရေးဖိုရမ်၌တွေ့ဆုံခဲ့ပြီး ယခုအခါ ဒုတိယအကြိမ် တွေ့ဆုံဆွေးနွေးခြင်းဖြစ်၊ ရုရှားနိုင်ငံသည် မြန်မာနိုင်ငံအတွက် မိတ်ဆွေကောင်း၊ မိတ်ဆွေဟောင်းနိုင်ငံတစ်နိုင်ငံဖြစ်ပြီး ခရီးဝေးကွာသော်လည်း ချစ်ကြည်ရင်းနှီးသည့်နိုင်ငံများဖြစ်၊ နှစ်နိုင်ငံသည် ရှေးသမိုင်းအစဉ်အဆက်ကတည်းကပင် အေးအတူပူအမျှနေထိုင်ခဲ့ကြ၊ နှစ်နိုင်ငံသံတမန်ဆက်ဆံမှုမှာ ၇၇ နှစ်ပြည့်မြောက်ခဲ့ပြီဖြစ်၊ ယခုကဲ့သို့တွေ့ဆုံဆွေးနွေးမှုသည် မိမိတို့နှစ်နိုင်ငံအတွက် များစွာအကျိုးရှိ . . .

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ
နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတ H.E. Vladimir Vladimirovich Putin တို့ မီဒီယာများအား နှစ်နိုင်ငံပူးတွဲကြေညာချက်များကို အပြန်အလှန်ပြောကြားစဉ်။

များ၊ ကျန်းမာရေးဆိုင်ရာ နားလည်မှုစာချွန်လွှာများ၊ ယဉ်ကျေးမှုနှင့် အားကစားကဏ္ဍတွင် ပူးပေါင်းဆောင်ရွက်ခြင်းစာချွန်လွှာများ၊ အဏုမြူစွမ်းအင်ကို ငြိမ်းချမ်းစွာအသုံးပြုရာတွင် နျူကလီးယားနှင့် ဓာတ်ရောင်ခြည်ဘေးအန္တရာယ်ကင်းရှင်းရေး စည်းမျဉ်းဥပဒေနယ်ပယ်၌ ပူးပေါင်းဆောင်ရွက်ရေးနားလည်မှုစာချွန်လွှာများ၊ ဘူမိဗေဒလေ့လာရေးနှင့် ဓာတ်သတ္တုရှာဖွေရေးဆိုင်ရာ စီးပွားရေးနှင့် နည်းပညာပူးပေါင်းဆောင်ရွက်ရေးနားလည်မှုစာချွန်လွှာများ၊ ငြိမ်းချမ်းသောရည်ရွယ်ချက်ဖြင့် ပြင်ပအာကာသစူးစမ်းလေ့လာရေးနှင့် အသုံးပြုမှုနယ်ပယ်တွင် ပူးပေါင်းဆောင်ရွက်ရေးနားလည်မှုစာချွန်လွှာနှင့် နှစ်နိုင်ငံအကြား ရင်းနှီးမြှုပ်နှံမှုများမြှင့်တင်ရေးနှင့် အကာအကွယ်ပေးရေးဆိုင်ရာသဘောတူညီချက်စာချုပ်(မူကြမ်း)အပေါ် ဆွေးနွေးညှိနှိုင်းမှုအောင်မြင်စွာ ပြီးမြောက်ခြင်းနှင့်စပ်လျဉ်း၍ ပူးတွဲကြေညာချက်တို့ကို ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီးနှင့် သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးများက ရုရှားဖက်ဒရေးရှင်းနိုင်ငံဘက်မှ သက်ဆိုင်ရာဝန်ကြီးများ၊ တာဝန်ရှိသူများနှင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတတို့ရှေ့မှောက်၌ အသီးသီးလက်မှတ်ရေးထိုးလဲလှယ်ခဲ့ကြသည်။


ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ သမ္မတတို့သည် မီဒီယာများအား နှစ်နိုင်ငံပူးတွဲကြေညာချက်များကိုအပြန်အလှန်ပြောကြားခဲ့ကြောင်းနှင့် နှစ်နိုင်ငံပူးတွဲကြေညာချက်များ အပြန်အလှန်ပြောကြားမှုများကို သီးခြားဖော်ပြသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (၅၀၁)

☆ **ကျောဖုံးမှအဆက်**

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ကောင်စီဝင်များဖြစ်ကြသည့် ဗိုလ်ချုပ်ကြီးညိုစော၊ ပြည်ထောင်စုဝန်ကြီးများ၊ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ်၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးသစ်လင်းအုန်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ မြန်မာစစ်သံ(ကြည်း၊ ရေ၊ လေ)နှင့် တာဝန်ရှိသူများ၊ ရုရှားအစိုးရအဖွဲ့ဝန်ကြီးချုပ်နှင့်အတူ ရုရှားအစိုးရအဖွဲ့မှ ဝန်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံရာတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံဝန်ကြီးချုပ်က အဆွေတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ယခုကဲ့သို့ မိမိတို့နိုင်ငံသို့ ချစ်ကြည်ရေးခရီးစဉ် လာရောက်မှုအတွက် များစွာဂုဏ်ယူဝမ်းမြောက်ပါကြောင်း၊ အာရှပစိဖိတ်ဒေသတွင် မြန်မာနိုင်ငံသည် ရုရှားနိုင်ငံ၏အဓိကလုပ်ဖော်ကိုင်ဖက် မဟာမိတ်နိုင်ငံတစ်ခုဖြစ်ပါကြောင်းနှင့် ချစ်ကြည်ရေးခရီးစဉ်လာရောက်မှုမှတစ်ဆင့် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုတိုးတက်စေမည်ဖြစ်ကြောင်းဖြင့် ကြိုဆိုနှုတ်ခွန်းဆက်စကား ဦးစွာပြောကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ယခုကဲ့သို့တွေ့ဆုံရသည့်အတွက် မိမိအနေဖြင့် ဝမ်းမြောက်ပါကြောင်း၊ နှစ်နိုင်ငံသံတမန်ဆက်ဆံမှုသည် ၇၇ နှစ်ပြည့်မြောက်ကျော်လွန်ခဲ့ပြီဖြစ်ပြီး နှစ်နိုင်ငံအကြားချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ တိုးတက်ကောင်းမွန်လျက်ရှိကြောင်းနှင့် မိမိနှင့်ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များကို ချစ်ခင်ရင်းနှီးစွာဖြင့် ကြိုဆိုနှုတ်ဆက်မှုအတွက်လည်း ကျေးဇူးတင်ရှိကြောင်းဖြင့် ပြန်လည်ပြောကြားသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား ရုရှားဖက်ဒရေးရှင်းနိုင်ငံဝန်ကြီးချုပ် H. E. Mikhail Vladimirovich Mishustim က ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

ထို့နောက် နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များ၊ ကုန်သွယ်မှုကဏ္ဍ၊ စက်မှုကဏ္ဍ၊ ကုန်ထုတ်လုပ်မှုကဏ္ဍ၊ စိုက်ပျိုးရေးကဏ္ဍနှင့် ရင်းနှီးမြှုပ်နှံမှုကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များ၊အာကာသနှင့်ဂြိုဟ်တုနည်းပညာဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး၊ နှစ်နိုင်ငံခရီးသွားလုပ်ငန်းများ အပြန်အလှန်တိုးတက်လာစေရေး၊ မြန်မာနိုင်ငံသို့ ရုရှားနိုင်ငံက ရင်းနှီးမြှုပ်နှံမှုများ လာရောက်ရင်းနှီးမြှုပ်နှံစေရေး ဖိတ်ခေါ်မှုများ၊ နှစ်နိုင်ငံအကြား သဘောတူညီမှုစာချွန်လွှာများ လက်မှတ်ရေးထိုးနိုင်ရေးကိစ္စရပ်များနှင့် နှစ်နိုင်ငံအကြား အစိုးရအဖွဲ့ အဆင့်မြင့်အရာရှိကြီးများ အပြန်အလှန်ချစ်ကြည်ရေးခရီးများ အပြန်အလှန်လည်ပတ်နိုင်ရေးကိစ္စရပ်များနှင့် ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာဖြင့် အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

(၅၀၁)

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ လုံခြုံရေးကောင်စီအတွင်းရေးမှူး Mr. Sergey Kuzhugetovich Shoigu နှင့် တွေ့ဆုံဆွေးနွေး



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ လုံခြုံရေးကောင်စီအတွင်းရေးမှူး Mr. Sergey Kuzhugetovich Shoigu တို့ တွေ့ဆုံဆွေးနွေးစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ လုံခြုံရေးကောင်စီအတွင်းရေးမှူး Mr. Sergey Kuzhugetovich Shoigu အား ပြည်ထောင်စုစည်သူ သင်္ဂဟတွဲ စည်သူဘွဲ့ကို ချီးမြှင့်အပ်နှင်းစဉ်။

**နေပြည်တော် မတ် ၄**

ရုရှားဖက်ဒရေးရှင်းနိုင်ငံ မော်စကိုမြို့သို့ တရားဝင်ချစ်ကြည်ရေးခရီးရောက်ရှိနေသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ယနေ့ နံနက်ပိုင်းတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ လုံခြုံရေးကောင်စီအတွင်းရေးမှူး Mr. Sergey Kuzhugetovich Shoigu အား ၎င်း၏ အစည်းအဝေးခန်းမ၌ သွားရောက်တွေ့ဆုံဆွေးနွေးသည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ကောင်စီဝင် ဗိုလ်ချုပ်ကြီးညိုစော၊ နိုင်ငံတော်စီမံအုပ်ရေးကောင်စီဥက္ကဋ္ဌရုံးဝန်ကြီးဌာန ၁ ပြည်ထောင်စုဝန်ကြီး အမျိုးသားလုံခြုံရေးဆိုင်ရာအကြံပေးပုဂ္ဂိုလ် ဗိုလ်ချုပ်ကြီးမိုးအောင်၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးသစ်လင်းအုန်းတို့ တက်ရောက်ခဲ့သည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များသည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ လုံခြုံရေးကောင်စီအတွင်းရေးမှူးရုံးသို့ ရောက်ရှိကြရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ လုံခြုံရေးကောင်စီအတွင်းရေးမှူး Mr. Sergey Kuzhugetovich Shoigu က ရင်းရင်းနှီးနှီးကြိုဆိုနှုတ်ဆက်သည်။

ယင်းနောက် အစည်းအဝေးခန်းမ၌ တွေ့ဆုံ၍ နှစ်နိုင်ငံဆက်ဆံရေးတိုးတက်ကောင်းမွန်လျက်ရှိမှု အခြေအနေများ၊ လုံခြုံရေးဆိုင်ရာကိစ္စရပ်များတွင် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုမြှင့်တင်ဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များ၊ မော်စကို၌ ကျင်းပမည့် နှစ်၈၀ပြည့်ဖက်ဆစ်တော်လှန်ရေးနေ့ အခမ်းအနား၌ မြန်မာကိုယ်စားလှယ်များ တက်ရောက်ရေးနှင့် လုံခြုံရေးဖိုရမ်များ၌ မြန်မာကိုယ်စားလှယ်များ ဖိတ်ခေါ်ခြင်းဆိုင်ရာကိစ္စရပ်များကို ရင်းရင်းနှီးနှီးဆွေးနွေးခဲ့ကြသည်။

ထိုနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ လုံခြုံရေးကောင်စီအတွင်းရေးမှူး Mr. Sergey Kuzhugetovich Shoigu အား ပြည်ထောင်စုစည်သူ သင်္ဂဟတွဲ စည်သူဘွဲ့ကို ချီးမြှင့်အပ်နှင်းခဲ့သည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ လုံခြုံရေးကောင်စီ အတွင်းရေးမှူးတို့သည် အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ (မဝ၁)

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒူးမားလွှတ်တော်ဥက္ကဋ္ဌနှင့် တွေ့ဆုံဆွေးနွေး



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒူးမားလွှတ်တော်ဥက္ကဋ္ဌ H. E. Mr. Vyacheslav Volodin တို့ တွေ့ဆုံဆွေးနွေးစဉ်။

**နေပြည်တော် မတ် ၄**

ရုရှားဖက်ဒရေးရှင်းနိုင်ငံ မော်စကိုမြို့သို့ တရားဝင်ချစ်ကြည်ရေးခရီးရောက်ရှိနေသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ယနေ့ နံနက်ပိုင်းတွင် ဒူးမားလွှတ်တော်ဥက္ကဋ္ဌ H. E. Mr. Vyacheslav Volodin နှင့် ဒူးမားလွှတ်တော်အဆောက်အအုံ အစည်းအဝေးခန်းမ၌ တွေ့ဆုံဆွေးနွေးသည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ကောင်စီဝင် ဗိုလ်ချုပ်ကြီးညိုစော၊ ပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြသည့် ဦးသန်းဆွေ၊ ဗိုလ်ချုပ်ကြီးမိုးအောင်၊ ဒေါက်တာကံဇော်၊ ဦးကိုကိုလွင်၊ ရုရှားနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးသစ်လင်းအုန်းနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ဒူးမားလွှတ်တော်ဥက္ကဋ္ဌနှင့်အတူ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ချစ်ကြည်ရေးကိုယ်စားလှယ်များသည် ဒူးမားလွှတ်တော် အဆောက်အအုံသို့ ရောက်ရှိကြရာ ဒူးမားလွှတ်တော်ဥက္ကဋ္ဌက ကြိုဆိုနှုတ်ဆက်ပြီး မှတ်တမ်းတင်ဓာတ်ပုံရိုက်သည်။

ယင်းနောက် တွေ့ဆုံပွဲကို ကျင်းပပြုလုပ်ရာ ဒူးမားလွှတ်တော်၏ လုပ်ငန်းတာဝန်များ ဆောင်ရွက်နေမှုအခြေအနေများ၊ လွှတ်တော်၏ ဖွဲ့စည်းထားရှိမှုနှင့် ပါတီများ ဖွဲ့စည်းထားရှိမှုအခြေအနေများ၊ မြန်မာနိုင်ငံနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံတို့အကြား လွှတ်တော်များအချင်းချင်း ပူးပေါင်းဆောင်ရွက်သွားမည့် အခြေအနေများ၊ ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် မဲမသမာမှုများ ဖြစ်ပွားခဲ့ခြင်းကြောင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက တာဝန်ယူဆောင်ရွက်ခဲ့ရမှုနှင့် လွတ်လပ်၍ တရားမျှတသည့် ရွေးကောက်ပွဲကျင်းပနိုင်ရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်လျက်ရှိမှု အခြေအနေများ၊ မြန်မာနိုင်ငံ၏ရွေးကောက်ပွဲ ကျင်းပချိန်၌ ရုရှားနိုင်ငံအနေဖြင့် ထောက်ခံအားပေးသွားမည့်အခြေအနေများ၊ ပြည်ပမှ အကူအညီများရယူသည့် ပါတီများကြောင့် နိုင်ငံတည်ငြိမ်အေးချမ်းရေးကို ထိခိုက်စေမှုအခြေအနေများ၊ မြန်မာနိုင်ငံ လွှတ်တော်များအဆင့်ဆင့်ဖွဲ့စည်းထားရှိမှုနှင့် ရွေးကောက်ပွဲကျင်းပမှုပုံစံများ၊ နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုများ ဆက်လက်တိုးတက်အောင် ဆောင်ရွက်သွားမည့် အခြေအနေများနှင့် နှစ်နိုင်ငံလွှတ်တော် နှစ်ရပ်အကြား ချစ်ကြည်ရေးခရီးများ အပြန်အလှန် သွားရောက်ရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ရင်းရင်းနှီးနှီးဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ (မဝ၁)



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒူးမားလွှတ်တော်ဥက္ကဋ္ဌ H. E. Mr. Vyacheslav Volodin က ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဖက်ဒရယ်ကောင်စီလွှတ်တော်ဥက္ကဋ္ဌ H. E. Ms. Valentina Matviyenko နှင့် တွေ့ဆုံဆွေးနွေး

**နေပြည်တော် မတ် ၄**

ရုရှားဖက်ဒရေးရှင်းနိုင်ငံ မော်စကိုမြို့သို့ တရားဝင်ချစ်ကြည်ရေးခရီးရောက်ရှိနေသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ယနေ့ ဒေသစံတော်ချိန် မွန်းလွဲပိုင်းတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဖက်ဒရယ်ကောင်စီလွှတ်တော်ဥက္ကဋ္ဌ H. E. Ms. Valentina Matviyenko နှင့် ရုရှားဖက်ဒရယ်ကောင်စီလွှတ်တော်၌ တွေ့ဆုံဆွေးနွေးသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ဝင်များသည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဖယ်ဒရယ်ကောင်စီလွှတ်တော် အဆောက်အအုံသို့ ရောက်ရှိကြရာ ဖက်ဒရယ်ကောင်စီလွှတ်တော်ဥက္ကဋ္ဌ H. E. Ms. Valentina Matviyenko က ရင်းရင်းနှီးနှီးကြိုဆိုနှုတ်ဆက်သည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် ဖက်ဒရယ်ကောင်စီလွှတ်တော် ဧည့်သည်တော်မှတ်တမ်းတွင် လက်မှတ်ရေးထိုးသည်။ ၎င်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်အား ဖက်ဒရယ်ကောင်စီလွှတ်တော်ဥက္ကဋ္ဌက ဖက်ဒရယ်ကောင်စီလွှတ်တော်မှ တာဝန်ရှိသူများနှင့် မိတ်ဆက်ပေးပြီး နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ဝင်များနှင့် ပြန်လည်မိတ်ဆက်ပေးသည်။

ထို့နောက် ဖက်ဒရယ်ကောင်စီလွှတ်တော်အစည်းအဝေးခန်းမ၌ တွေ့ဆုံပွဲကို ကျင်းပပြုလုပ်၍ လွှတ်တော်နှစ်ရပ်အကြား ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များ၊ နှစ်နိုင်ငံ သံတမန်ဆက်ဆံရေးဆိုင်ရာကိစ္စရပ်များ၊ အစိုးရအချင်းချင်း၊ နိုင်ငံအချင်းချင်း၊ ပြည်သူအချင်းချင်း ဆက်ဆံရေး တိုးတက်ကောင်းမွန်မှုအခြေအနေများ၊ လွှတ်တော်နှစ်ရပ်အကြား အပြန်အလှန် ပူးပေါင်းဆောင်ရွက်နိုင်မှုအခြေအနေများ၊ နှစ်နိုင်ငံအကြား ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုများ ဆက်လက်တိုးမြှင့် ဆောင်ရွက်သွားမည့်အခြေအနေများ၊ လွှတ်တော်နှစ်ရပ်အကြား ချစ်ကြည်ရေးခရီးစဉ်များ အပြန်အလှန်သွားရောက်ရေးဆိုင်ရာ ကိစ္စရပ်များ၊ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် လွတ်လပ်ပြီး တရားမျှတသည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပနိုင်ရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်လျက်ရှိမှုအခြေနေများ၊ မြန်မာနိုင်ငံတွင် ရွေးကောက်ပွဲကျင်းပချိန်၌ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဖက်ဒရယ်ကောင်စီလွှတ်တော်မှ လေ့လာရေးအဖွဲ့များ စေလွှတ်ပေးသွားမည့်အခြေအနေများ၊ မြန်မာနိုင်ငံ၌ လွှတ်တော်ပြန်လည်ဖွဲ့စည်းပြီးချိန်၌ လွှတ်တော်နှစ်ရပ်အကြား ဆက်ဆံရေးကို ပိုမိုတိုးမြှင့်ဆောင်ရွက်သွားမည့်အခြေအနေများနှင့်ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာဖြင့် အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးရဲဝင်းဦးနှင့် ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ဝင်များ၊ ရုရှားနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး၊ မြန်မာစစ်သံ(ကြည်း၊ ရေ၊ လေ)နှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဖက်ဒရယ်ကောင်စီလွှတ်တော်ဥက္ကဋ္ဌနှင့်အတူ ဖက်ဒရယ်ကောင်စီမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် ဖက်ဒရယ်ကောင်စီ လွှတ်တော်ဥက္ကဋ္ဌနှင့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များနှင့်အတူ မှတ်တမ်းတင်စုပေါင်းဓာတ်ပုံရိုက်ခဲ့ကြကြောင်း သတင်းရရှိသည်။ (မြဝ)



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဖက်ဒရယ်ကောင်စီလွှတ်တော်ဥက္ကဋ္ဌ H. E. Ms. Valentina Matviyenko တို့ တွေ့ဆုံဆွေးနွေးစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မော်စကိုမြို့ရှိ အညတရစစ်သည်ဂူဗိမာန်၌ လွမ်းသူပန်းခွေချအလေးပြု





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မော်စကိုမြို့ရှိ အညတရစစ်သည်ဂူဗိမာန်၌ လွမ်းသူပန်းခွေချအလေးပြုစဉ်။

**နေပြည်တော် မတ် ၄**

ရုရှားဖက်ဒရေးရှင်းနိုင်ငံ မော်စကိုမြို့သို့ တရားဝင်ချစ်ကြည်ရေးခရီးရောက်ရှိနေသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ယနေ့ နံနက်ပိုင်းတွင် မော်စကိုမြို့ရှိ အညတရစစ်သည်ဂူဗိမာန်၌ လွမ်းသူပန်းခွေချအလေးပြုသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးရဲဝင်းဦးနှင့် ခရီးစဉ်တွင်လိုက်ပါလာသည့် အဖွဲ့ဝင်များနှင့်အတူ မော်စကိုမြို့ရှိ အညတရစစ်သည်ဂူဗိမာန်သို့ ရောက်ရှိကြရာ မော်စကိုတပ်နယ်မှူးနှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ယင်းနောက် ရှေ့ဆောင်စစ်သည်နှစ်ဦးက ဦးဆောင်၍ လွမ်းသူပန်းခွေကို သယ်ဆောင်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အညတရစစ်သည်ဂူဗိမာန်၌ လွမ်းသူပန်းခွေချအလေးပြုသည်။ လွမ်းသူပန်းခွေချအလေးပြုစဉ်အချိန်၌ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဂုဏ်ပြုတပ်ဖွဲ့က ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သီချင်းကို တီးမှုတ်ကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် ဂုဏ်ပြုတပ်ဖွဲ့၏ ချီတက်အလေးပြုခြင်းကိုခံယူပြီး တာဝန်ရှိသူများကို ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။ ထိုသို့နှုတ်ဆက်စဉ် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဂုဏ်ပြုတပ်ဖွဲ့က မြန်မာ့တပ်မတော်စစ်သီချင်းများဖြင့် ဂုဏ်ပြုတီးမှုတ်ခဲ့ကြောင်း သတင်းရရှိသည်။ (မြဝ)



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဂုဏ်ပြုတပ်ဖွဲ့၏ ချီတက်အလေးပြုခြင်းကို ခံယူစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတ H.E.Vladimir Vladimirovich Putin တို့ မီဒီယာများနှင့်တွေ့ဆုံစဉ် နှစ်နိုင်ငံအပြန်အလှန် ပူးတွဲကြေညာချက်များနှင့် ပြောကြားချက်များ



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ရဲ့ ရုရှားနိုင်ငံကို အလည်အပတ်ခရီးလာရောက်တဲ့အတွက် ကြိုဆိုပါတယ်။နှစ်နိုင်ငံအကြားမှာ စိတ်ချယုံကြည်ရတဲ့ဆက်ဆံရေးလည်းရှိပါတယ်။ ကျွန်တော်တို့နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေး အကောင်အထည်ဖော်ဆောင်ရွက်မှုကို အဓိကထားဆွေးနွေးချင်ပါတယ်။ ကျွန်တော်တို့နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာပူးတွဲကြေညာချက်ကို လွန်ခဲ့တဲ့နှစ်တွေကတည်းက လက်မှတ်ရေးထိုးခဲ့ပါတယ်။ ၁၉၄၈ခုနှစ်ကစပြီး ဆိုဗီယက်ပြည်ထောင်စုကနိုင်ငံများအနက် ရုရှားနိုင်ငံက မြန်မာနိုင်ငံရဲ့ လွတ်လပ်ရေးကို ပထမဆုံးအသိအမှတ်ပြုခဲ့ပါတယ်။ နောင်ဆိုဗီယက်ပြည်ထောင်စုက မြန်မာနိုင်ငံကို အကူအညီတွေပေးခဲ့ပါတယ်။ ပြီးတော့ ပညာရှင်များကိုလည်း ကူညီပေးခဲ့ပါတယ်။ ဆိုဗီယက်ပြည်ထောင်စုရဲ့အကူအညီနဲ့မြန်မာနိုင်ငံမှာပညာရေးနဲ့ကျန်းမာရေးနယ်ပယ်၌အရေးကြီးတဲ့စီမံကိန်းကိုအကောင်အထည်ဖော်နိုင်ခဲ့ပါတယ်။အခုလက်ရှိမှာလည်း ရုရှားနိုင်ငံက မြန်မာနိုင်ငံကို အားပေးကူညီလျက်ရှိပြီး မြန်မာစက်မှုစီးပွားရေးအခန်းကဏ္ဍမှာလည်း အကူအညီပေးပါတယ်။မြန်မာနိုင်ငံပြည်တွင်းရေးအခြေအနေကိစ္စရပ်များကောင်းမွန်စေဖို့အတွက်ကိုလည်း ထောက်ခံအားပေးနေပြီးတော့ ပူးတွဲကြေညာချက်ကိုထုတ်ပြန်ခဲ့ပါတယ်။ အဲဒီကြေညာချက်မှာ ကျွန်တော်တို့နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရေးအတွက် ပြောင်းလဲအတည်ပြုခဲ့ပါတယ်။ ကုန်သွယ်မှုနဲ့ရင်းနှီးမြှုပ်နှံမှုမှာ ကျွန်တော်တို့ဆတက်ထမ်းပိုးဖွံ့ဖြိုးတိုးတက်စေဖို့ ပါရှိပါတယ်။ လွန်ခဲ့တဲ့နှစ်က ကျွန်တော်တို့နှစ်နိုင်ငံ ကုန်သွယ်ရေးပမာဏ ၄၀ ရာခိုင်နှုန်းခန့်တိုးမြင့်ခဲ့ပြီး ယခင်ကသန်း ၂၀၀၀ ခန့် ရှိပါတယ်။ ကျွန်တော်တို့အပြန်အလှန်ကုန်သွယ်ရေးကို တိုးတက်စေဖို့အဆင်သင့်ရှိပါတယ်။ ချေးငွေနဲ့ ဘဏ္ဍာရေးနယ်ပယ်မှာလည်း ကျွန်တော်တို့အနေနဲ့ ပူးပေါင်းဆောင်ရွက်လျက်ရှိပါတယ်။

ကျွန်တော်တို့နှစ်နိုင်ငံရဲ့ အစိုးရအချင်းချင်းပူးပေါင်းဆောင်ရွက်မှုကော်မရှင်ကလည်း တက်တက်ကြွကြွပူးပေါင်းဆောင်ရွက်နေပါတယ်။ မကြာခင်က ကုန်သွယ်ရေးကော်မရှင်အစည်းအဝေးကို နေပြည်တော်မှာ ကျင်းပခဲ့ပါတယ်။ စွမ်းအင်အခန်းကဏ္ဍမှာလည်း ပူးပေါင်းဆောင်ရွက်ရှိပြီး မဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်ဖို့ စီစဉ်နေပါတယ်။ အခြားနယ်ပယ်တွေမှာလည်း ပူးပေါင်းဆောင်ရွက်သွားဖို့မိမိတို့အနေနဲ့အသင့်ရှိပါတယ်။ အထူးသဖြင့် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်အရင်းအမြစ်များ တိုးတက်ရေး၊မြန်မာနိုင်ငံတွင်အသေးစားအဏုမြူဓာတ်အားပေးစက်ရုံဆောက်လုပ်ရေးအတွက် သဘောတူညီခဲ့ပါတယ်။မြန်မာနိုင်ငံစီးပွားရေးအတွက်လိုအပ်တဲ့လျှပ်စစ်ဓာတ်အားပေါပေါများများပေးနိုင်ပါမယ်။ မြန်မာနိုင်ငံမှာ ဆောက်လုပ်ရေးနဲ့ပတ်သက်တဲ့သဘောတူညီချက်အချို့ရှိခဲ့ပါတယ်။ အဲဒါကြောင့် မြန်မာနိုင်ငံမှာ စီးပွားရေးနဲ့ပတ်သက်ပြီးတော့ အလုပ်အကိုင်အခွင့်အလမ်းနဲ့ ပညာရပ်ပိုင်းဆိုင်ရာတွေကိုလည်း ရရှိနိုင်မှာဖြစ်ပါတယ်။ စက်မှုနှင့်အဆင့်မြင့်နည်းပညာနယ်ပယ်မှာ ကျွန်တော်တို့ပူးတွဲစီမံကိန်းကို အကောင်အထည်ဖော်နေပါတယ်။ ရုရှားနိုင်ငံအကူအညီနဲ့မြန်မာနိုင်ငံမှာ ဂြိုဟ်တုကရရှိထားတဲ့အချက်အလက်များလေ့လာရေးစင်တာကို ဖွဲ့စည်းထားပါတယ်။ အဆွေတော်ဝန်ကြီးချုပ်အနေနဲ့လည်း ရုရှားနိုင်ငံဒုံးပျံနှင့်အာကာသဗဟိုဌာနကို လေ့လာခဲ့ပါတယ်။ ရုရှားနိုင်ငံကအာကာသနယ်ပယ်မှာ အောင်မြင်မှုနဲ့ပတ်သက်ပြီး ဗဟုသုတများစွာရရှိနိုင်မှာပဲဖြစ်ပါတယ်။ကျွန်တော်တို့နှစ်နိုင်ငံအကြား ယဉ်ကျေးမှုနယ်ပယ်နဲ့ လူသားချင်းစာနာမှုနယ်ပယ်မှာလည်း ပူးပေါင်းဆောင်ရွက်ပါမယ်။ မြန်မာနိုင်ငံမှာ ရုရှားယဉ်ကျေးမှုဗဟိုဌာနကိုဖွင့်ဖို့ရှိပြီးတော့ ရန်ကုန်မြို့မှာ ပထမဆုံးအော်သိုဒေ့ါခရစ်ယာန်ရုရှားဘုရားရှိခိုးကျောင်းတည်ဆောက်ဖို့ အစီအစဉ်ရှိပါတယ်။ ရုရှားနိုင်ငံမှာလည်း မြန်မာနိုင်ငံယဉ်ကျေးမှုနဲ့ဗုဒ္ဓဘာသာဗဟိုဌာနနှစ်ခုရှိပါတယ်။

မြန်မာနိုင်ငံသူ၊ နိုင်ငံသားများ ရုရှားဘာသာစကားကို သင်ယူဖို့အတွက် မြန်မာနိုင်ငံမှခေါင်းဆောင်များက အကူအညီပေးတဲ့အတွက် များစွာကျေးဇူးတင်ပါတယ်။ရုရှားဘာသာစကားကိုမြန်မာနိုင်ငံမှာနာမည်ကြီးတက္ကသိုလ်နှစ်ခုဖြစ်တဲ့ရန်ကုန်နဲ့မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ်နဲ့ စစ်တက္ကသိုလ်မှာလည်း ရုရှားဘာသာစကားကို သင်ပေးလျက်ရှိပါတယ်။ မြန်မာနိုင်ငံမှာ ရုရှားဘာသာစကားကို ယခုထက် ပိုမိုသင်ကြားပေးဖို့အစီအစဉ်ရှိပါတယ်။ အခု ရုရှားတက္ကသိုလ်မှာ မြန်မာနိုင်ငံမှ သင်တန်းသား၊ သင်တန်းသူဦးရေ ၃၀၀ ခန့် တက်ရောက်ပညာသင်ကြားလျက်ရှိပါတယ်။ ရုရှားနိုင်ငံတက္ကသိုလ်အသီးသီးကနေ ပညာရပ်များသင်ယူတတ်မြောက်ခဲ့တဲ့ မြန်မာနိုင်ငံမှ သင်တန်းသား၊ သင်တန်းသူ စုစုပေါင်းဆိုပါက ဦးရေ တစ်သောင်းခန့် ရှိခဲ့ပြီဖြစ်ပါတယ်။ မေလ ၉ ရက်နေ့မှာ ၈၂ကြိမ်မြောက် အမျိုးသားအောင်ပွဲနေ့ကိုမော်စကိုမှာ ကျင်းပမှာဖြစ်ပြီးတော့ အဆွေတော်ဝန်ကြီးချုပ်ကို အခမ်းအနားကို ပါဝင်တက်ရောက်နိုင်ဖို့ကျွန်တော်ဖိတ်ခေါ်ပါတယ်။မြန်မာနိုင်ငံက ကိုယ်စားပြုတပ်ဖွဲ့ကိုလည်း ရင်ပြင်နီချီတက်ပွဲမှာ ပါဝင်ချီတက်စေလိုပါတယ်။ နိုင်ငံတကာကိစ္စရပ်များကို ဆွေးနွေးလိုပြီးတော့ နိုင်ငံတကာပြဿနာအများစုနဲ့ပတ်သက်ပြီး ရုရှား-မြန်မာရပ်တည်ချက်တွေကကိုက်ညီပါတယ်။တူညီပါတယ်။နိုင်ငံတကာမျက်နှာစာမှာ ကျွန်တော်တို့ပူးပေါင်းဆောင်ရွက်မှုတွေရှိပြီးတော့ အရှေ့ပစိဖိတ်ဒေသများငြိမ်းချမ်းစွာဖွံ့ဖြိုးတိုးတက်ဖို့ကျွန်တော်တို့ဆောင်ရွက်နေပါတယ်။ရုရှားနဲ့မြန်မာနိုင်ငံတို့လုံခြုံရေးနယ်ပယ်မှာ တက်တက်ကြွကြွပူးပေါင်းဆောင်ရွက်လျက်ရှိပါတယ်။ နိဂုံးချုပ်အနေနဲ့ ကျွန်တော်တို့ အပြုသဘောဆောင်တဲ့လုပ်ဆောင်ချက်များကို အတူတူပူးပေါင်းဆောင်ရွက်နိုင်ခဲ့တဲ့အတွက် ကျေးဇူးအများကြီးတင်ပါတယ်။ အဆွေတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ရဲ့ ခရီးစဉ်မှာ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုများစွာကို ဆောင်ရွက်နိုင်ခဲ့ပြီးတော့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရဲ့ ရုရှားနိုင်ငံခရီးစဉ်အတွင်း ဆွေးနွေးပွဲများ၊ ဆွေးနွေးမှုများအောင်မြင်မှုရရှိခဲ့ပါတယ်။ ရရှိထားတဲ့ရလဒ်တွေကြောင့် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေးနယ်ပယ်အသီးသီးမှာ ဆတက်ထမ်းပိုးဖွံ့ဖြိုးတိုးတက်လာမယ်လို့ ကျွန်တော် ခိုင်ခိုင်မာမာယုံကြည်ပါတယ်။ မိမိရဲ့ဆွေးနွေးချက်များကို စိတ်ရှည်လက်ရှည်နားထောင်ပေး ခဲ့တဲ့အတွက်လည်း ကျေးဇူးအများကြီးတင်ပါတယ်။

လေးစားအပ်ပါတဲ့ အဆွေတော်ရုရှားဖက်ဒရေးရှင်းသမ္မတနိုင်ငံ နိုင်ငံတော်သမ္မတကြီးမစ္စတာဗလာဒီမာပူတင်နှင့် တက်ရောက်လာကြတဲ့ နှစ်ဖက်ကဧည့်သည်တော်များခင်ဗျာ။ကျွန်တော်ကသမ္မတကြီးမစ္စတာပူတင်ရဲ့ ဖိတ်ကြားချက်အရ ရုရှားနိုင်ငံကို ချစ်ကြည်ရေးခရီးလာရောက်ခြင်းဖြစ်ပါတယ်။ရုရှားနိုင်ငံဟာ မြန်မာနိုင်ငံရဲ့အရေးပါပြီး ယုံကြည်ရတဲ့မိတ်ဆွေနိုင်ငံတစ်ခုဖြစ်ပါတယ်။ ဒါကြောင့် အပြန်အလှန်ယုံကြည်မှု၊ နားလည်မှု၊ လေးစားမှုတွေနဲ့ အခြေခံတည်ဆောက်ထားတဲ့ နှစ်နိုင်ငံဆက်ဆံရေးကို ကျွန်တော်တို့အနေနဲ့ တန်ဖိုးထားပါကြောင်း အလေးအနက်ထားပြောကြားလိုပါတယ်။ ၁၉၄၈ ခုနှစ်ကစတင်တည်ထောင်ခဲ့တဲ့ သံတမန်ဆက်ဆံရေးဟာ နှစ်ပေါင်း ၇၇ နှစ်ကျော်ကြာခဲ့ပြီဖြစ်ပါတယ်။ ချစ်ကြည်ရင်းနှီးမှုဟာလည်း ပိုမိုနက်ရှိုင်းလာပြီးတော့မှ ပူးပေါင်းဆောင်ရွက်မှုတွေဟာလည်း ပိုမိုအောင်မြင်တိုးတက်လာတာကိုလည်း ဝမ်းမြောက်ဖွယ်ရာတွေ့ရှိရပါတယ်။ ကျွန်တော်တို့ချစ်ကြည်ရေးခရီးစဉ်မှာ အဆွေတော်သမ္မတကြီးမစ္စတာပူတင်နဲ့ နှစ်နိုင်ငံရဲ့ နိုင်ငံတကာအခြေအနေအရပ်ရပ်ကို ကျယ်ပြန့်စွာဆွေးနွေးနိုင်ခဲ့ပါတယ်။အလားတူ ရုရှားနိုင်ငံအစိုးရအဖွဲ့ ဝန်ကြီးချုပ် H.E. Mr. Mikhail Vladimirovich Mishustim နဲ့ လွှတ်တော်ဥက္ကဋ္ဌနှစ်ဦးနဲ့လည်း တွေ့ဆုံပြီးတော့မှ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေးစီးပွားရေးအရ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုပူးပေါင်းဆောင်ရွက်ရေးနဲ့ နှစ်နိုင်ငံဆက်ဆံရေးပိုမိုမြှင့်တင်ရေးတို့အတွက် ဆွေးနွေးနိုင်ခဲ့ပါတယ်။ယနေ့တွေ့ဆုံပွဲမှာလည်း ကျွန်တော်တို့နှစ်ဦးဟာ နှစ်ဖက်သဘောတူညီချက်များစွာကိုလည်း မြှင့်တင်ဆောင်ရွက်နိုင်ပါတယ်။အထူးသဖြင့် သမ္မတကြီးအနေဖြင့်လည်း အသေးစိတ်အားဖြင့်ရှင်းပြပြီးဖြစ်ပါတယ်။ နှစ်ဖက်ယုံကြည်စိတ်ချစွာ ဆွေးနွေးမှုများကြောင့် သဘောတူညီချက် ၁၀ခုကိုလည်း လက်မှတ်ရေးထိုးနိုင်ခဲ့ပါတယ်။ ကျွန်တော်တို့ခရီးစဉ်အတွင်းမှာ စိန့်ပီတာစဘတ်မြို့နဲ့ နိုဗာစီဘစ်ရှစ်ခ်မြို့တို့မှာ မြန်မာကောင်စစ်ဝန်ရုံးများကိုလည်း တရားဝင်ဖွင့်လှစ်သွားမှာဖြစ်တာကြောင့် နှစ်ဖက်အကြား ဆွေးနွေးဖလှယ်မှုများနဲ့ ပူးပေါင်းဆောင်ရွက်မှုများကို ဆက်လက်ပြီး တိုးချဲ့ဆောင်ရွက်သွားနိုင်မယ်လို့ ကျွန်တော်တို့အနေနဲ့ယုံကြည်ပါတယ်။ ယခုခရီးစဉ်ကနေတစ်ဆင့် ကျွန်တော်တို့နှစ်နိုင်ငံအကြားမှာ ချစ်ကြည်ရင်းနှီးမှုဟာ ပိုမိုနက်ရှိုင်းစေပြီးတော့မှ နှစ်ဖက်အကြားမှာ ကုန်သွယ်ရေး၊စီးပွားရေး၊ကာကွယ်ရေး၊သိပ္ပံနှင့် နည်းပညာ၊ လျှပ်စစ်စွမ်းအား၊ စက်မှုနဲ့စွမ်းအင်ကဏ္ဍတို့အပါအဝင် အကျိုးတူကဏ္ဍစုံပူးပေါင်းဆောင်ရွက်မှုတွေလည်း မကြာခင်ကာလအတွင်းမှာ ယခုထက်ပိုမိုတိုးတက်အောင်မြင်အောင်ဆောင်ရွက်နိုင်မယ်လို့ယုံကြည်ပါတယ်။မြန်မာနိုင်ငံအနေနဲ့ ရုရှားနိုင်ငံနဲ့ ရုရှားပြည်သူလူထုကနေပြီးတော့မှ ရုရှားနိုင်ငံရဲ့ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးနဲ့ ကမ္ဘာကြီး တည်ငြိမ်အေးချမ်းရေးအတွက်ဆောင်ရွက်နေတဲ့ ကိစ္စရပ်မှန်သမျှကို မြန်မာနိုင်ငံကအပြည့်အဝရပ်တည်ပါကြောင်း ပြောကြားလိုပါတယ်။မြန်မာနိုင်ငံအနေနဲ့ နိုင်ငံရေးရည်မှန်းချက်များ ပြည့်မီဖို့ဆောင်ရွက်တဲ့အချိန်မှာ ရုရှားနိုင်ငံက ဒေသတွင်းနဲ့ နိုင်ငံတကာမျက်နှာစာတွေမှာ မြန်မာနိုင်ငံအပေါ်မှာ စဉ်ဆက်မပြတ်ထောက်ခံပေးမှုတွေကိုလည်း ကျေးဇူးတင်ရှိပါကြောင်း အလေးအနက်ကျွန်တော်ပြောကြားလိုပါတယ်။ နောင်အနာဂတ်မှာလည်း ကျွန်တော်တို့နှစ်နိုင်ငံကြားမှာ အပြည်ပြည်ဆိုင်ရာမျက်နှာစာမှာ နီးကပ်စွာ ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်းကိုလည်း ထပ်လောင်းပြောကြားလိုပါတယ်။

အဆွေတော်သမ္မတကြီးခင်ဗျာ- မြန်မာနိုင်ငံနဲ့ ရုရှားဖက်ဒရေးရှင်းနိုင်ငံတို့အကြား ပူးပေါင်းဆောင်ရွက်မှုတွေကတစ်ဆင့် နှစ်နိုင်ငံဆက်ဆံရေး ပိုမိုတိုးတက်မြင့်မားစေဖို့အတွက် ကျွန်တော့်အနေနဲ့ အတူတကွကြိုးပမ်းဆောင်ရွက်သွားမှာဖြစ်ကြောင်း ထပ်လောင်းဆန္ဒပြုပါတယ်။ ကျွန်တော်တို့ချစ်ကြည်ရေးခရီးစဉ်ကို အစစအရာရာပြည့်စုံအောင် ဆောင်ရွက်ပေးမှုများ၊နွေးထွေးစွာကြိုဆိုမှုများအတွက်ကိုလည်း လှိုက်လှဲစွာကျေးဇူးတင်ရှိပါကြောင်းနဲ့ အဆွေတော်သမ္မတကြီးကို အခါအခွင့်သင့်တဲ့အချိန်မှာ မြန်မာနိုင်ငံကို ချစ်ကြည်ရေးခရီးလာရောက်နိုင်ဖို့အတွက်ကိုလည်း ဖိတ်ကြားအပ်ပါတယ်။

# နဝမအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ပထမအစည်းအဝေးအောင်မြင်စွာကျင်းပပြီးစီး



ရန်ကုန် မတ် ၄

နဝမအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ပထမအစည်းအဝေးကို ယနေ့ နံနက် ၈ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေ ဆဋ္ဌသင်္ဂါယနာ မဟာပါသာဏလိုဏ်ဂူ သိမ်တော်ကြီး၌ ကျင်းပသည်။

အစည်းအဝေးသို့ နိုင်ငံတော်ဩဝါဒါစရိယဆရာတော်ကြီးများ၊ နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများ၊ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော်ကြီးများ ကြွရောက်ချီးမြှင့်တော်မူကြပြီး သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်၊ သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် ဒုတိယပါမောက္ခချုပ်(စီမံ)နှင့် အရာထမ်း၊ အမှုထမ်းများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်သာသနာရေးမှူးများ တက်ရောက်ကြည်ညိုကြသည်။

အစည်းအဝေးတွင် သဘာပတိဆရာတော်အဖြစ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ဥက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာဘဒ္ဒန္တစန္ဒိမာဘိဝံသက ဆောင်ရွက်တော်မူပြီး အခမ်းအနားမှူးဆရာတော်အဖြစ် တွဲဖက်အကျိုးတော်ဆောင် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသီဟနာဒက ဆောင်ရွက်တော်မူသည်။

ဦးစွာ အခမ်းအနားမှူးဆရာတော်က အစည်းအဝေးစတင်ကြောင်းနှင့် ကြွရောက်တော်မူလာကြသော နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော်များ၏ အရေအတွက်ကို ဖတ်ကြားလျှောက်ထားပြီး အစည်းအဝေးအထမြောက် အောင်မြင်ကြောင်း ကြေညာသည်။

ထို့နောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ မဟာဓမ္မကထိက ဗဟုဇနဟိတဓရဘဒ္ဒန္တဝါသေဋ္ဌာဘိဝံသက အစားထိုးရွေးချယ်ခံတော်မူရသည့် နဝမအကြိမ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဆရာတော်များ၏ ဘွဲ့အမည်စာရင်းကို တင်သွင်းလျှောက်ထားပြီး အစည်းအဝေးသဘာပတိဆရာတော်ကအတည်ပြုချက် ရယူကာ နံနက်ပိုင်းအစည်းအဝေးကို ရပ်နားလိုက်သည်။

မွန်းလွဲပိုင်းတွင် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ အစည်းအဝေးကို ဆက်လက်ကျင်းပပြီး သဘာပတိဥက္ကဋ္ဌဆရာတော်ကြီးက နဝမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌဆရာတော်များနှင့် တွဲဖက်အကျိုးတော်ဆောင်ဆရာတော်များ၏ အမည်စာရင်းကိုဖတ်ကြားတင်သွင်း၍ အတည်ပြုချက်ရယူသည်။

ယင်းနောက် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ဥက္ကဋ္ဌ ဒေါက်တာ ဘဒ္ဒန္တစန္ဒိမာဘိဝံသက နိုင်ငံတော်သီးခြားဝိနည်းဓိုရ်အဖွဲ့နှင့် နိုင်ငံတော်သံဃဝိနိစ္ဆယအဖွဲ့ဝင် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော် ၂၆ ပါးတို့ကို နိုင်ငံတော်ဝိနည်းဓိုရ်လက်မှတ်များကိုလည်းကောင်း၊ အစိုးရဓမ္မာစရိယ၊ ပါဠိပထမပြန်၊ နိကာယ်၊ အဘိဓမ္မာနှင့် ဝိသုဒ္ဓိမဂ် ပညာရေးဗဟိုအဖွဲ့ဆရာတော် ၂၃ ပါးတို့ကို အသိအမှတ်ပြုလွှာများကိုလည်းကောင်း၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့က ဗုဒ္ဓတက္ကသိုလ်အဖြစ်အသိအမှတ်ပြုထားသော ဓမ္မဒူတဗုဒ္ဓတက္ကသိုလ်၊ ရှမ်းပြည်နယ်ဗုဒ္ဓတက္ကသိုလ်နှင့် ပန်းတစ်ပွင့်တောင် ဗုဒ္ဓသာသနာပြုတက္ကသိုလ်များကို ဗုဒ္ဓတက္ကသိုလ်အဖြစ် အသိမှတ်ပြုလွှာများကို လည်းကောင်း ဆက်ကပ်ပေးအပ်တော်မူသည်။

ဆက်လက်၍ အဋ္ဌမအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ သတ္တမအစည်းအဝေးနှင့် နဝမအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ပထမအစည်းအဝေးတို့တွင် ချမှတ်ခဲ့သည့် အစားထိုးရွေးချယ်မှုများ၊ ဆုံးဖြတ်ချက်များ၊ အတည်ပြုချက်များ၊ မှတ်တမ်းတင်ချက်များကို သာသနာ့သမိုင်းဝင် မှတ်တမ်းစာအုပ်၌ ဩဝါဒါစရိယဆရာတော်ကြီး ၁၅ ပါး၊ ဥက္ကဋ္ဌဆရာတော်၊ အကျိုးတော်ဆောင်ဆရာတော်၊ ရွှေကျင်ဂိုဏ်း၊ ဂဏဝိမုတ်ကူးတို့ဂိုဏ်း၊ စတုဘုမ္မိကမဟာသတိပဋ္ဌာန်ငှက်တွင်းဂိုဏ်း၊ ဓမ္မယုတ္တိနိကာယမဟာရင်ဂိုဏ်း၊ ဓမ္မဝိနယာနုလောမမူလဒွါရနိကာယဂိုဏ်း၊ ဓမ္မာနုဓမ္မမဟာဒွါရနိကာယဂိုဏ်း၊ ဝေဠုဝန်နိကာယဂိုဏ်း၊ အနောက်ချောင်းဒွါရဂိုဏ်း ဂိုဏ်းအသီးသီးနှင့် တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးတို့မှ ကိုယ်စားလှယ်တစ်ပါးစီတို့က လက်မှတ်ရေးထိုးခြင်းတို့ ဆောင်ရွက်တော်မူကြသည်။

ထို့နောက် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ဥက္ကဋ္ဌ ဒေါက်တာဘဒ္ဒန္တစန္ဒိမာဘိဝံသက နိဂုံးချုပ် ဥယျောဇနကထာကို မြွက်ကြားတော်မူရာ ကြွရောက်တော်မူလာကြသောဆရာတော်ကြီးများက နာယူတော်မူကြသည်။

ဆက်လက်၍ ကြွရောက်တော်မူလာကြသည့်ဆရာတော်အားလုံးက “ဇယန္တော ဗောဓိယာမူလေ” အစချီ နှစ်ဂါထာကို သုံးကြိမ်ရွတ်ဆိုတော်မူကြပြီး “သာဓု” သုံးကြိမ်ခေါ်ဆိုကာ နဝမအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ပထမအစည်းအဝေးကြီးကို အောင်မြင်စွာ ကျင်းပပြီးစီးခဲ့သည်။

အစည်းအဝေးအပြီးတွင် ကြွရောက်တော်မူလာကြသော ဆရာတော်ကြီးများအား ဗိုလ်ချုပ်မှူးကြီးသန်းရွှေ(ငြိမ်း) ဇနီးဒေါ်ကြိုင်ကြိုင်မိသားစုနှင့် ဓမ္မမိတ်ဆွေများက ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# တောင်ကြီးမြို့ သစ်တောရပ်ကွက်ရှိ ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီး ရွှေသင်္ကန်းကပ်လှူခြင်း၊ ရွှေထီးတော်အသစ် တင်လှူပူဇော်ခြင်းနှင့် အလှူတော်ငွေပေးအပ်လှူဒါန်းခြင်းကျင်းပပြုလုပ်

နေပြည်တော် မတ် ၄

ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့ သစ်တောရပ်ကွက်ရှိ ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီး ရွှေသင်္ကန်းကပ်လှူခြင်း၊ ရွှေထီးတော်အသစ် တင်လှူပူဇော်ခြင်းနှင့် အလှူတော်ငွေပေးအပ်လှူဒါန်းခြင်းများကို ယနေ့နံနက်ပိုင်းတွင် အဆိုပါစေတီတော်မြတ်ကြီး၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်ဩဝါဒါစရိယ တောင်ကြီးမြို့ စွန်းလွန်းဂူကမ္မဋ္ဌာန်းကျောင်းတိုက် ဦးစီးပဓာနနာယက အဂ္ဂမဟာပဏ္ဍိတ မဟာကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တအဂ္ဂမဟာဘိဝံသ အမှူးပြုသော သံဃာတော်များကြွရောက်တော်မူကြပြီး ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်မင်းလတ်နှင့် ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အလှူရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက နိုင်ငံတော်ဩဝါဒါစရိယတောင်ကြီးမြို့ စွန်းလွန်းဂူကမ္မဋ္ဌာန်းကျောင်းတိုက် ဦးစီးပဓာနနာယကဆရာတော်ထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး သံဃာတော်များရွတ်ပွားချီးမြှင့်တော်မူသည့် ပရိတ်တရားတော်များ နာယူကြည်ညိုကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက သံဃာတော်များကို လှူဖွယ်ဝတ္ထုပစ္စည်းများနှင့် သင်္ကန်းများ ဆက်ကပ်လှူဒါန်းကြသည်။ ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူး၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် အလှူရှင်များက ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီး ရွှေသင်္ကန်း ကပ်လှူပူဇော်ရန်အတွက် အလှူငွေများပေးအပ်လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့သည်။ ၎င်းနောက် ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ရှမ်းပြည်နယ် သံဃနာယကအဖွဲ့ဥက္ကဋ္ဌ တောင်ကြီးမြို့ သိမ်တောင်ပရိယတ္တိစာသင်တိုက်ဦးစီးပဓာနနာယက အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တတေဇဝန္တထံမှ အနုမောဒနာတရားနာယူကာ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေခဲ့ကြကြောင်း သတင်းရရှိသည်။ (၅၀၁)



တောင်ကြီးမြို့ သစ်တောရပ်ကွက်ရှိ ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီး ရွှေသင်္ကန်းကပ်လှူခြင်း၊ ရွှေထီးတော်အသစ်တင်လှူပူဇော်ခြင်းနှင့် အလှူတော်ငွေပေးအပ်လှူဒါန်းခြင်း ကျင်းပပြုလုပ်စဉ်။

# ပညာရေးဝန်ကြီးဌာန ၂၄ ကြိမ်မြောက် ဝိဇ္ဇာနှင့်သိပ္ပံသုတေသနညီလာခံကို ရန်ကုန်တက္ကသိုလ်တွင် ကျင်းပမည်

ရန်ကုန် မတ် ၄

ပညာရေးဝန်ကြီးဌာန ၂၄ ကြိမ်မြောက် ဝိဇ္ဇာနှင့် သိပ္ပံသုတေသနညီလာခံကို ရန်ကုန်တက္ကသိုလ်၌ ကျင်းပ၍ သုတေသနစာတမ်းများကို ရန်ကုန်တက္ကသိုလ်၊ ရန်ကုန်စီးပွားရေးတက္ကသိုလ်နှင့် ရန်ကုန်ပညာရေးတက္ကသိုလ်တို့တွင် မတ် ၉ ရက်မှ ၁၁ ရက်ထိ ဖတ်ကြားသွားမည်ဖြစ်သည်။

၂၄ ကြိမ်မြောက် ဝိဇ္ဇာနှင့် သိပ္ပံသုတေသနညီလာခံတွင် ဝိဇ္ဇာပညာရပ်ဆိုင်ရာစာတမ်း ၁၁၉ စောင်နှင့် သိပ္ပံပညာရပ်ဆိုင်ရာစာတမ်း ၁၅၅ စောင်တို့ကို ရန်ကုန်တက္ကသိုလ် ဝိဇ္ဇာနှင့်သိပ္ပံခန်းမများတွင် ဖတ်ကြားဆွေးနွေးကြမည်ဖြစ်ပြီး ရန်ကုန်စီးပွားရေးတက္ကသိုလ်ခန်းမတွင် စာတမ်း ၂၈ စောင် ရန်ကုန်ပညာရေးတက္ကသိုလ်တွင် ပညာရေးစိတ်ပညာဆိုင်ရာစာတမ်း ၇၀ စုစုပေါင်းစာတမ်း ၃၇၂ စောင်တို့ကို ဖတ်ကြားဆွေးနွေးကြမည်ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

# နှစ် ၈၀ ပြည့် တပ်မတော်နေ့အထိမ်းအမှတ် တပ်မတော်(ရေ) ဗဟိုအဆင့် စစ်သည်တော်ကျင့်ဝတ်ပြိုင်ပွဲ ကျင်းပ

နေပြည်တော် မတ် ၄

နှစ် ၈၀ ပြည့် တပ်မတော်နေ့အထိမ်းအမှတ် တပ်မတော်(ရေ) ဗဟိုအဆင့် စစ်သည်တော်ကျင့်ဝတ်ပြိုင်ပွဲကို ယနေ့ နံနက်ပိုင်းတွင် သန်လျင်တပ်နယ် တပ်နယ်ခန်းမ၌ပြုလုပ်ရာ ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ) ကွပ်ကဲမှုအောက် ဌာနချုပ်များ၊ ကျောင်းများနှင့် တပ်ရင်း၊ တပ်ဖွဲ့များမှ အရာရှိ၊ အရာခံ၊ အကြပ်၊ စစ်သည်များ ဝင်ရောက်ယှဉ်ပြိုင်ဖြေဆိုကြသည်။

အဆိုပါ တပ်မတော်(ရေ)ဗဟိုအဆင့် စစ်သည်တော်ကျင့်ဝတ်ပြိုင်ပွဲသို့ ဝင်ရောက်ဖြေဆိုကြသည့် အရာရှိ၊ အရာခံ၊ အကြပ်၊ စစ်သည်များကို ကာကွယ်ရေးဦးစီးချုပ်(ရေ) ကိုယ်စား ရေတပ်လေ့ကျင့်ရေးဌာနချုပ် ဌာနချုပ်မှူး ဗိုလ်ချုပ်ထွန်းလူနှင့်တာဝန်ရှိသူတို့က သွားရောက်ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)



ကာကွယ်ရေးဦးစီးချုပ်(ရေ)ကိုယ်စား ရေတပ်လေ့ကျင့်ရေးဌာနချုပ် ဌာနချုပ်မှူး ဗိုလ်ချုပ်ထွန်းလူ တပ်မတော်(ရေ) ဗဟိုအဆင့် စစ်သည်တော်ကျင့်ဝတ်ပြိုင်ပွဲ ဖြေဆိုနေမှုကို ကြည့်ရှုအားပေးစဉ်။

# စစ်ကိုင်းမြို့နယ်အတွင်း၌ လူငယ်များကို ပေါ်တာဆွဲဖမ်းဆီးမှုများ လုပ်ဆောင်နေကြောင်း ပြည်သူများအထင်အမြင်လွဲမှားစေရန် သတင်းတုသတင်းမှားများ မဟုတ်မမှန်ရေးသားပြီး ဝါဒဖြန့်ဝေလျက်ရှိ

နေပြည်တော် မတ် ၄

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့နယ်နှင့် မန္တလေးမြို့သို့ ဆက်သွယ်ထားသည့် ရတနာပုံမြစ်ကူးတံတားအနီးတွင် လူငယ်များကို ပေါ်တာဆွဲဖမ်းဆီးမှုများ လုပ်ဆောင်နေကြောင်း အများပြည်သူ အထင်အမြင်လွဲမှားစေရန်အတွက် တရားမဝင်ပြည်ဖျက်မီဒီယာများက သတင်းတု၊ သတင်းမှားများ မဟုတ်မမှန်လုပ်ကြံရေးသားပြီး ဝါဒဖြန့်ဝေလျက်ရှိသည်ကို တွေ့ရှိရသည်။

အဆိုပါသတင်းနှင့် ပတ်သက်၍ စစ်ကိုင်းမြို့ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး အဖွဲ့မှ တာဝန်ရှိသူတစ်ဦးထံ ဆက်သွယ်မေးမြန်းခဲ့ရာ ၎င်းသတင်းမှာ မှန်ကန်မှုမရှိကြောင်း၊ PDF အမည်ခံအကြမ်းဖက်သမားများက မြို့ရွာများတည်ငြိမ်အေးချမ်းမှုပျက်ပြားစေရန်အတွက် အကြမ်းဖက်လုပ်ငန်းများ လုပ်ဆောင်လျက်ရှိသည့်အတွက် သက်ဆိုင်ရာလုံခြုံရေးတာဝန်ရှိသူများနှင့် ဒေသခံပြည်သူများ ပူးပေါင်း၍ လှည့်ကင်းပတ်ကင်းများ ဆောင်ရွက်ခြင်း၊ လုံခြုံရေးအရ စစ်ဆေးခြင်းများ ဆောင်ရွက်လျက်ရှိသည်ကို တရားမဝင်ပြည်ဖျက်မီဒီယာများက သတင်းတု၊ သတင်းမှားများဖြင့် မဟုတ်မမှန်လုပ်ကြံရေးသားပြီး လှုံ့ဆော်ဝါဒဖြန့်ဝေနေခြင်းသာဖြစ်ကြောင်း သိရှိရသည်။ (၅၀၁)




**လျှပ်စစ်မီတာခ သက်သာဖို့ LED ပစ္စည်း သုံးကြစို့။**




## ၂၀၂၅ ခုနှစ် မတ် ၄ ရက် ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ တစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်း ၅၄၅၀၀၀၀ကျပ်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

## "ပြည်သူ့ကြားက ပြည်သူ့စကား"အစီအစဉ်

မျက်မှောက်ကာလတွင်ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ရင်တွင်းခံစားချက်စကားသံများကို သဇင် FM ၏ **"ပြည်သူ့ကြားက ပြည်သူ့စကား"**အစီအစဉ်မှ **"အမေရိကန် နိုင်ငံရေးမူဝါဒအပြောင်းအလဲမှာ ခွက်ပျောက်သွားတဲ့ NUG "** ခေါင်းစဉ်ဖြင့် ၅-၃-၂၀၂၅ ရက်**(ယနေ့)** မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်ပါသည်။ လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **"ယဉ်ကျေးမှုအမွေစောင့်ထိန်းသူများကို အငြိုးထားဘာသာတရားမဲ့တဲ့ ပြည်ဖျက်အကြမ်းဖက် PDF "** ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များ အနေဖြင့် အပတ်စဉ်ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၈၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့်ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ကြောင်းနှင့် ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များကို လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDFအကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ကင်းလွတ်ခွင့်ရသူများ

**ကင်းလွတ်ခွင့်**

၁။ ပြည်သူ့စစ်မှုထမ်းဥပဒေပုဒ်မ-၂၂ တွင် အောက်ပါပုဂ္ဂိုလ်များသည် ပြည်သူ့စစ်မှုထမ်းတာဝန်မှ ကင်းလွတ်စေရမည်ဟု ပြဋ္ဌာန်းထားပါသည်-

(က) သာသနာ့ဝန်ထမ်းများ။

( ခ ) အိမ်ထောင်သည် အမျိုးသမီးများ(အိမ်ထောင်ပျက် သော်လည်း သားသမီးရှိသူ အမျိုးသမီးလည်းပါဝင်သည်)။

( ဂ ) ကိုယ်လက်အင်္ဂါတစ်ခုခု အမြဲတမ်းမသန်စွမ်းသူများ။

(ဃ) တပ်မတော်ဆေးစစ်ဆေးရေးဘုတ်အဖွဲ့က ပြည်သူ့စစ်မှုထမ်းရန် အမြဲတမ်းမသင့်လျော်သူဖြစ်ကြောင်း သတ်မှတ်ထားသူများ။

( င ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က အမိန့်ထုတ်ပြန်၍ ကင်းလွတ်ခွင့်ပြုထားသူများ။

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ကင်းလွတ်ခွင့်ပြုသူများ

(က) ဉာဏ်အရည်အသွေးမမီခြင်းနှင့် အကျင့်စာရိတ္တပျက်ပြားခြင်းတို့ကြောင့် စစ်မှုထမ်းရန် မသင့်လျော်သူများ။

( ခ ) ဆေးစစ်ဆေးခြင်းသတ်မှတ်ချက်အရ စိတ်ပေါ့သွပ်သူဖြစ်ခြင်း(သို့မဟုတ်)စိတ်ပေါ့သွပ်နေသည်ဟု သက်ဆိုင်ရာဥပဒေကပြဋ္ဌာန်းထားသည့်အတိုင်းသတ်မှတ်ခံရသူများ။

( ဂ ) နိုင်ငံ့အတွက် တာဝန်ထမ်းဆောင်နေပြီး အစားထိုးရန်မဖြစ်နိုင်သေးသော အသိပညာရှင်(သို့မဟုတ်) အတတ်ပညာရှင်များ။

(ဃ) တိုက်ပွဲတွင်ကျဆုံးခဲ့သည့် တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်အဖွဲ့ဝင်များ၏ သားသမီးအရင်းအချာများ (ကိတ္တိမသားသမီးများ၊ မွေးစားသားသမီးများမပါ)။

**မှတ်ချက်**။ အကယ်၍ ၎င်းသားသမီးအရင်းများသည် ပြည်သူ့စစ်မှုထမ်းဆောင်ရန် သဘောဆန္ဒအလျောက် ဆန္ဒပြုပါက စစ်မှုထမ်းဆောင်ရန် ခွင့်ပြုနိုင်သည်။

( င ) အာဆီယံအဆင့်၊ အာရှအဆင့်၊ ကမ္ဘာ့အဆင့် အားကစားပြိုင်ပွဲများတွင် နိုင်ငံ့ဂုဏ်ဆောင် ရွှေတံဆိပ်၊ ငွေတံဆိပ်၊ ကြေးတံဆိပ် တစ်ခုခုရရှိသော အားကစားသမားများ။

( စ ) နိုင်ငံ့ဝန်ထမ်းတာဝန် ထမ်းဆောင်နေသော တစ်ဆက်စပ်တည်း လုပ်သက် နှစ်နှစ်နှင့်အထက်ရှိသော ဆရာဝန်နှင့် သူနာပြုများ။

(ဆ) တစ်ဆက်စပ်တည်း လုပ်သက် နှစ်နှစ်နှင့်အထက်ရှိသော တပ်မတော်စစ်သည် အစားခန့်အရပ်သားဝန်ထမ်းများ။

( ဇ ) ကင်းလွတ်ခွင့်ပြုရန် မဖြစ်မနေလိုအပ်နေသူများအဖြစ် ကျိုးကြောင်းခိုင်လုံစွာ တင်ပြနိုင်သူများ။

# မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား ၂၆၅ ဦး ထပ်မံစစ်ဆေးဖော်ထုတ်ထိန်းသိမ်းခဲ့

နေပြည်တော် မတ် ၄

မြန်မာ-တရုတ်-ထိုင်း သုံးနိုင်ငံကြား သုံးပွင့်ဆိုင် ပူးပေါင်းဆောင်ရွက်မှုပုံစံ (Trilateral Cooperation)ဖြင့် အွန်လိုင်းအသုံးပြုလိမ်လည်မှု (Online Scam)နှင့် အွန်လိုင်းလောင်းကစားမှု (Online Gambling) လုပ်ဆောင်နေကြသူများ၊ ပါဝင်ပတ်သက်သူများနှင့် နောက်ကွယ်မှ ကြိုးကိုင်သော ပြည်ပနိုင်ငံသားများကို ပြတ်ပြတ်သားသား စုံစမ်းဖော်ထုတ်ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် မြဝတီမြို့ - ရွှေကုက္ကိုလ်နယ်မြေသို့ တရားမဝင် လမ်းကြောင်းများမှတစ်ဆင့် ဝင်ရောက်နေကြသည့် ပြည်ပနိုင်ငံသား ၂၆၅ ဦးကို ထပ်မံစစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ပြီး သက်ဆိုင်ရာနိုင်ငံများသို့



မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား ၂၆၅ ဦးကို ထပ်မံစစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့မှု မှတ်တမ်းဓာတ်ပုံ။


အမြန်ဆုံးပြန်လည်လွှဲပြောင်းပေးအပ်နိုင်ရေးလိုအပ်သည့်ကိုယ်ရေးအချက်အလက်များနှင့် မှတ်တမ်းများ စာရင်းကောက်ယူခြင်းလုပ်ငန်းများကို ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် နေ့ချင်းပြီးဆောင်ရွက်နေမှုကို ကရင်ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး မင်းသူကျော်က လိုက်လံကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများနှင့်တွေ့ဆုံကာ ပြည်ပနိုင်ငံသားများ၏ ကျန်းမာရေး၊ နေထိုင်စားသောက်ရေး၊ လုံခြုံရေးနှင့် ပြည်နှင်လွှဲပြောင်းရေးကိစ္စရပ်များတွင် နှောင့်နှေးကြန့်ကြာမှုမရှိစေရေး ဆွေးနွေးမှာကြားပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ဇန်နဝါရီ ၃၀ ရက်မှ မတ် ၄ ရက်ထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၃၉၉၂ ဦး စစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ကာ ၎င်းတို့အနက် ၇၅၇ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျလွှဲပြောင်းပေးအပ်ခဲ့ပြီး ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၃၂၃၅ ဦးကို သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာထိန်းသိမ်းထားရှိကြောင်း သိရသည်။

အဆိုပါထိန်းသိမ်းခဲ့သည့် ပြည်ပနိုင်ငံသား ၃၉၉၂ ဦးသည် တရုတ်၊ အင်ဒိုနီးရှား၊ ဗီယက်နမ်၊မလေးရှား၊ပါကစ္စတန်၊အိန္ဒိယ၊ ယူဂန်ဒါ၊ အီသီယိုးပီးယား၊ နီပေါ၊ ထိုင်း၊ ရဝမ်ဒါ၊ ကင်ညာ၊ ကာဇက်စတန်၊ ကမ္ဘောဒီးယား၊ ဂါနာနှင့် တရုတ်(တိုင်ပေ)တို့မှ နိုင်ငံသားများဖြစ်ကြပြီး အများစုမှာ တရုတ်နိုင်ငံသားများ ဖြစ်ကြကြောင်း သတင်းရရှိသည်။

(၅၀၁)

# ပဲခူးမြို့နယ်နှင့် မရမ်းကုန်းမြို့နယ်တို့တွင် ငွေကျပ် ၂၅ ဒသမ ၅၈ ဘီလီယံတန်ဖိုးရှိ အိုက်စ်(မက်သ်အဖက်တမင်း) ကီလို ၇၀၀ နှင့် ဘိန်းဖြူဘလောက်တုံး ၄၈၀၊ အလေးချိန် ၁၆၈ ကီလို ဖမ်းဆီးရမိ




တွင်လည်းကောင်း၊ TOYOTA HILUX SURF မော်တော်ယာဉ်ကို မရမ်းကုန်းမြို့နယ်တွင်လည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် စုစုပေါင်း ဒေသကာလတန်ဖိုးငွေကျပ် ၂၅ ဒသမ၅၈ ဘီလီယံတန်ဖိုးရှိ အိုက်စ်(မက်သ်အဖက်တမင်း)ကီလို ၇၀၀ နှင့်ဘိန်းဖြူဘလောက်တုံး ၄၈၀၊ အလေးချိန် ၁၆၈ ကီလို သိမ်းဆည်းရမိခဲ့ပြီး စစ်ဆေးဖော်ထုတ်ချက်များအရ သိမ်းဆည်းရမိမူးယစ်ဆေးဝါးများကို ရှမ်းပြည်နယ်မှ ကရင်ပြည်နယ်သို့ သယ်ဆောင်ရောင်းဝယ်ခြင်းဖြစ်ကြောင်းသိရှိရသဖြင့် ၎င်းတို့ကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားရှိပြီး မူးယစ်ဆေးဝါးသယ်ဆောင်ရောင်းဝယ်ရာမှရရှိသည့် ငွေကြေးအကျိုးအမြတ်များ၊ ပိုင်ဆိုင်မှုများကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းနိုင်ရေးအတွက် ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေဖြင့် အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

နေပြည်တော် မတ် ၄

ပဲခူးမြို့နယ်နှင့် မရမ်းကုန်းမြို့နယ်တို့တွင် ငွေကျပ် ၂၅ ဒသမ ၅၈ ဘီလီယံတန်ဖိုးရှိ အိုက်စ်(မက်သ်အဖက်တမင်း) ကီလို ၇၀၀ နှင့် ဘိန်းဖြူဘလောက်တုံး ၄၈၀၊ အလေးချိန် ၁၆၈ ကီလို ဖမ်းဆီးရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

တာဝန်သိပြည်သူများ၏ သတင်းပေးချက်အရ တာမွေမြို့မရဲစခန်းမှ မူးယစ်တရားခံပြေး ဇော်မြတ်ထွန်းသည် ရှမ်းပြည်နယ်မှ ရန်ကုန်သို့ မူးယစ်ဆေးဝါးများ သယ်ဆောင်သွားကြောင်း သတင်းရရှိသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ပိတ်ဆို့ရှာဖွေစစ်ဆေးမှုများဆောင်ရွက်နေစဉ် ဖေဖော်ဝါရီ ၁၆ ရက် နံနက် ၁ နာရီတွင် ပဲခူးမြို့နယ် ဘောနတ်ကြီးကျေးရွာအနီး ရန်ကုန်-မန္တလေးအမြန်လမ်း မိုင်တိုင်အမှတ်(၃၉)တွင် သတင်းရရှိထားသည့် ALPHARD ယာဉ်နှင့်အတူ နေမျိုးထက်ကို ဖမ်းဆီးရမိခဲ့ပြီး ၎င်း၏ဖော်ထုတ်ချက်အရ ယင်းနေ့မွန်းလွဲ ၂ နာရီခွဲတွင် ရန်ကုန်-မန္တလေးအမြန်လမ်း မိုင်တိုင်အမှတ် (၃၉/၄)အနီးရှိ ယာဉ်ရပ်နားဝင်းတွင် ရပ်တန့်ထားသည့် ALPHARD မော်တော်ယာဉ်ပေါ်မှ အိုက်စ်(မက်သ်အဖက်တမင်း) ကီလို ၄၄၀ သိမ်းဆည်းရမိခဲ့သည်။

စစ်ဆေးဖော်ထုတ်ချက်အရ ရှမ်းပြည်နယ်(တောင်ပိုင်း) ဝမ်ဟိုင်းမှ ရန်ကုန်မြို့သို့ အိုက်စ်(မက်သ်အဖက်တမင်း)ကီလို ၇၀၀ ကို ငွေကျပ်သိန်း ၁၀၅၀ ဖြင့် တာဝန်ခံသယ်ဆောင်ခဲ့သူ ဇော်မြတ်ထွန်း၊ ကျော်သူရစိုး၊ ကျော်သူဝင်းနှင့် စိုင်းအောင်သူရတင်တို့ကို မင်္ဂလာဒုံမြို့နယ်တွင် WISH မော်တော်ယာဉ်တစ်စီးနှင့်အတူ ဆက်လက်ဖမ်းဆီးရမိခဲ့သည်။ ၎င်းတို့၏ ဖော်ထုတ်ချက်အရ ရန်ကုန်မှ မြဝတီသို့ ပို့ဆောင်မည့်အိုက်စ်ကီလို ၂၆၀ နှင့် ဘိန်းဖြူဘလောက်တုံး ၁၆၈ ကီလိုအား လက်ခံထားရှိသူ အောင်ဇော်ဝင်းကို မရမ်းကုန်းမြို့နယ် ဘုရင့်နောင်ကုန်စည်ကားဝင်းတွင် ဆက်လက်ဖမ်းဆီးရမိခဲ့ပြီး မိတ္ထီလာမှ အမြန်လမ်း(၃၉)မိုင်သို့ မူးယစ်ဆေးဝါးသယ်ဆောင်ခဲ့သူ သူရိန်ထွန်း(ခ)သူရထွန်းကို ကမာရွတ်မြို့နယ်ရှိ ဟိုတယ်တွင်လည်းကောင်း၊ မူးယစ်ဆေးဝါးများသယ်ဆောင်ရာ၌ ပူးပေါင်းပါဝင်သူများဖြစ်သည့် ထက်နိုင်(ခ)ကိုကိုဝင်းသူကို ရပ်စောက်မြို့တွင်လည်းကောင်း၊ ရဲမြင့်သိန်းကို အောင်ပန်းမြို့တွင်လည်းကောင်း၊ အမြန်လမ်း(၃၉)မိုင်မှ ရန်ကုန်မြို့ အမှတ်(၇)လမ်းမကြီးသို့ မူးယစ်ဆေးဝါးများသယ်ဆောင်ပေးသူ ကိုကိုဝင်းကို ရေတာရှည်မြို့နယ်တွင် TOYOTA CROWN မော်တော်ယာဉ်တစ်စီးနှင့်လည်းကောင်း၊ ရန်ကုန်မှ မြဝတီသို့ မူးယစ်ဆေးဝါးများပို့ဆောင်သူ ရင်ပိုက်ဦး(ခ)ရန်ပိုင်(ခ)လွှမ်းပိုင်ကို ပုသိမ်မြို့၌လည်းကောင်း အသီးသီးဖမ်းဆီးရမိခဲ့သည်။

မူးယစ်ဆေးဝါးများ သယ်ဆောင်ခဲ့သည့် Grand Tiger Double Cab ယာဉ်အား မိတ္ထီလာမြို့နယ် အိုင့်ကျေးရွာ



ဝတ္ထုတိုကလျာ

# ကျွန်တော်ချစ်မိ အပြစ်မရှိပါ

မောင်နိုင်လင်း(ရိုးရှာ)



(၁)

စိုးဦးသည် လမ်းဘေးကဖုန်းဆိုင်ရှေ့တွင် ဆိုင်ကယ်ကို ထိုးရပ်ပေးလိုက်၏။ စိုးဦးဆိုင်ကယ်ပေါ်တွင် သူငယ်ချင်းဖြစ်သူ အောင်ကျော်ပါလာခဲ့သည်။ အောင်ကျော်ကမွေးရာပါ ခြေတစ်ဖက်မသန်သူဖြစ်သဖြင့်သူသွားလေရာ ချိုင်းထောက်ကို အားကိုးပြုပြီး သွားလာနေရရှာသည်။

အောင်ကျော်ကဆိုင်ထဲသို့ အရင်ဦးဆုံးဝင်သွား၏။ ဆိုင်ထဲသို့ဝင်လျင်ဝင်ချင်း ဆိုင်ပိုင်ရှင်၏ မျက်နှာကိုမြင်သည်နှင့် အောင်ကျော် ချက်ချင်းပဲ လှည့်ထွက်သွား၏သည်။ အောင်ကျော်သည် နှင်းခက်ဝေဆိုသည့်မိန်းကလေးကို မြင်ရတာ သူ့ရင်ထဲနေလို မီးလိုပူသည်။ သူ့ဘဝကို အစိပ်စိပ် အမြွှာမြွှာအပိုင်းပိုင်းချိုးဖျက်ခဲ့သော မိန်းကလေးဖြစ်သောကြောင့် ဘဝပျက်မတတ် ခံစားခဲ့ရသည်။ အောင်ကျော် ဘာမှမပြောဘဲ လှည့်ထွက်တာ မြင်သည်နှင့် ကျွန်တော်လှမ်းခေါ်လိုက်၏။

"အောင်ကျော် သူငယ်ချင်း ခဏနေပါအုံး"

ခေါ်သံကြောင့် အောင်ကျော်ခြေလှမ်းများ ရပ်တန့်သွား၏။

"မင်း ငါ့ကိုသူငယ်ချင်းလို့မခေါ်နဲ့ သက်နိုင်။ ငါ့မှာ မင်းလိုယုတ်မာတဲ့ ကောက်ကျစ်တဲ့သူငယ်ချင်းမရှိဘူး။ စည်းမစောင့်တဲ့ လူယုတ်မာ ကဲကွာ"

အောင်ကျော်က ကျွန်တော့်မျက်နှာကိုလက်သီး ဖြင့်ထိုးလေ၏။

"မင်း ဘာလုပ်တာလဲ"

လေးဖေက ထိုမြင်ကွင်းကိုမြင်ကာ ကျွန်တော့် ရှေ့သို့ပြေးဝင်လာပြီး အောင်ကျော်ကိုထိုးဖို့ရောက်လာ၏။ ကျွန်တော်က လေးဖေကို အချိန်မီဆွဲထား၏။

"မလုပ်နဲ့ လေးဖေ ဒါကျွန်တော့်သူငယ်ချင်း အောင်ကျော်ပါ။ သူစိမ်းမဟုတ်ပါဘူး"

" အောင်ကျော်ဆိုတာ မင်းကိုး ဖယ်စမ်း သက်နိုင်။ ဟိုတုန်းကတည်းက မင်းကိုသတ်ချင်နေတာ လူယုတ်မာ။ ငါ့တူမအချစ်ကို ကလိမ်ကကျစ်ကျပြီး ယူတဲ့ကောင်"

လေးဖေကိုကျွန်တော်က ဆွဲထားပြီး နှင်းခက်ဝေက အောင်ကျော်နှင့်စိုးဦးကိုဇွတ်ပင်ပြန်ခိုင်းလိုက်၏။

" မင်းရဲ့ သည်းခံခွင့်လွှတ်တယ်ဆိုတာ အချိန်အတိုင်းအတာတစ်ခုထိ ကောင်းတယ် သက်နိုင်။ ဒီကောင်ကြောင့် ငါတူမလေး နှင်း ဘယ်လောက်ထိ အရှက်ရသလဲဆိုတာ မင်းအသိဆုံး။ အခုအချိန်ထိ မင်းမိဘတွေက အမွေဖြတ်စွန့်လွှတ်တာလဲ သူ့ကြောင့်ပဲ။ ဒီလိုကောင်မျိုးကို လောကကြီးမှာ မထားသင့်ဘူး"

လေးဖေက ကြိတ်မနိုင်ခဲမရ ကျွန်တော်နှင့်နှင်းကို မကျေမနပ်ဖြစ်ကာ အနားကထွက်သွား၏။

လေးဖေ ယခုလိုမျိုး ဒေါသမထွက်ဖူးပေ။ ကျွန်တော်တို့သာ ဆွဲမထားလျှင် တကယ်ပဲ ခြေလွန်လက်လွန်ဖြစ်နိုင်သည်။ နှင်းက ကျွန်တော်ဒဏ်ရာကို ကြပ်ထုပ်ထိုးပေးရင် ငိုနေ၏။

"နှင်း အချစ်ကို ညာယူခဲ့တုန်းက ရှက်တဲ့စိတ်နဲ့ ပါးရိုက်မိရုံကလွဲပြီး ကိုအောင်ကျော် နှင်းအပေါ် အရင်ကဘယ်လိုပဲလှည့်စားပါစေ သူ့ဘဝ သူ့အကြောင်းကိုသိတဲ့နောက်မှာ ခွင့်လွှတ်ပေးခဲ့တယ်။ ကိုသက်ကို ကိုယ်ထိလက်ရောက်တော့ မလုပ်သင့်ဘူး။ လေးဖေ ပြောသလို အဓိက တရားခံကသူ"

"ရည်းစားလူလု အူနုကျွဲခတ်တဲ့ ကိုသက်က သူချစ်သူ့နှင်းကိုမှ လုမိခဲ့တာကိုး"

"မလုပါဘူး ကိုသက်ရယ်။ ဖူးစာမှန်လို့ ညားတာပါ"

နှင်းက ကျွန်တော်လက်ကိုဆုပ်ကိုင်ပြီး ပြုံးပြလေ၏။ ကျွန်တော့် မျက်ဝန်းအိမ်ထဲတွင် ဟောင်းနွမ်းကြာပြီဖြစ်သည့် ပုံရိပ်ဟောင်းတချို့ကို ပြန်မြင်ယောင်နေမိသည်။

(၂)

"အောင်ကျော်ကို အစစအရာရာ ကူညီစောင့်ရှောက်ပါ သားရယ်။ သူ့ခမျာ ငွေကြေးဥစ္စာပြည့်စုံပေမဲ့ ဘဝပေးအခြေအနေ မကောင်းရှာဘူး မဟုတ်လား"

"သားသိပါတယ် အမေရယ် ဒါကြောင့်မို့ သားအတတ်နိုင်ဆုံး အောင်ကျော်ကို ကူညီပေးနေတာပေါ့"

အောင်ကျော်က မွေးရာပါ ခြေတစ်ဖက်မသန်ရှာ။ ချိုင်းထောက်ကို အားကိုးပြုပြီး သွားလာ လှုပ်ရှားနေရ၏။

ငယ်စဉ်က ကလေးဘဝကတည်းက ကျောင်းသွား ကျောင်းပြန် ကစားဖော်ကစားဖက်အောင်ကျော် အနွံတာခံပြီး ပေါင်းသင်းတာဆိုလို့ ကျွန်တော်နှင့် စိုးဦးသာရှိသည်။အောင်ကျော်မိဘများက ရွာတောင်ဖျားတွင် ကုန်စုံဆိုင်ကြီးဖွင့်ထားသည်။ အတော်လည်း ချမ်းသာသည်။

သို့သော်လည်း အောင်ကျော်က ဘဝအခြေအနေ မကောင်းခဲ့သူမို့ သူသွားချင်သည့်နေရာကို သူများ လိုက်ပို့ပေးမှသွားရသည်။ တစ်ဦးတည်းသောသား လေးလည်းဖြစ်အောင်ကျော်မိဘများကလည်း ပြည့်စုံကြွယ်ဝချမ်းသာ ကြသည်မို့ အောင်ကျော်ကို ဘာဆို ဘာမျှမခိုင်း။ သူ့အလုပ်ကလည်း ဖုန်းတစ်လုံးနှင့် ဂိမ်းဆော့ လိုင်းသုံးရုံသာရှိသည်။

ကျွန်တော်မိဘများက လှည်းလုပ်ကြသည်မို့ ကျောင်းထွက်ကတည်းက လှည်းပညာသင်ခဲ့သည်။ ကျွန်တော့်မွေးရပ်ဇာတိမြေက ရိုးရှာကျေးရွာ။ မန္တလေးတိုင်းဒေသကြီး ဝမ်းတွင်းမြို့နယ် သဲတောမြို့အရှေ့ဘက်ရိုးရှာဟု အသံကြားသည်နှင့် တစ်ရွာလုံး နီးပါး လက်မှုပညာဖြစ်သည့် လှည်းလုပ်ငန်းကိုယ်သာ အဓိကထား အသက်မွေးဝမ်းကျောင်းပြုကြလေ၏။

"နင်ဖုန်းဆိုင်မှာ အလုပ်လုပ်ရတာ အဆင်ပြေလား ချိုသဲ"

"ပြေပါတယ်ဟာ"

ချိုသဲနှင့်ကျွန်တော်က မောင်နှမဝမ်းကွဲတော်သည်။ အမေ့ညီမ၏ သမီး။ ချိုသဲက သဲတောမြို့ ဘောလုံး ကွင်းတောင်ထိပ်က ဖုန်းဆိုင်တွင် အရောင်းစာရေးမ လုပ်နေသည်။

"ဆိုင်ပိုင်ရှင်က လူပျိုကြီး၊ သဘောလဲကောင်းတယ်။ သူ့နာမည်က ဦးလေးဖေတဲ့ သူ့မှာတူမရှိတယ်။ သူတူမလေး နှင်းကိုငဲ့ပြီ အခုထိမိန်းမမယူဘူး။ နှင်းလို့သာ ချစ်စနိုးနဲ့ခေါ်ကြတာ သူ့နာမည်အပြည့်အစုံက နှင်းခက်ဝေတဲ့"

"နှင်းခက်ဝေ ဟုတ်လား"

"နင်သူ့ကို သိလို့လား"

"မသိပါဘူးဟာ အောင်ကျော်ကောင်မလေးကလဲ နှင်းခက်ဝေပဲ ချိုသဲ။ နာမည်သွားတူလို့ အံ့သြသွားတာပါဟာ"

"သူ့အကြောင်းပဲ ပြောမနေနဲ့ နင်လဲ အရွယ်လဲ မငယ်တော့ဘူး။ နှစ်ဆယ်ကျော်ပြီ။ သက်နိုင် နှင်းခက်ဝေက နာမည်တင်လှတာမဟုတ်ဘူး။ လှုပါလှတယ်။ နင်စိတ်ဝင်စားရင်ငါပြောပေးမယ် သက်နိုင် နှင်းက မာနမကြီးဘူး။ သူ့ကိုမြင်ရင် နင်ကြွေကို ကြွေသွားစေရမယ်"

ကျွန်တော် ချိုသဲအပြောကို သဘောကျစွာပြုံးလျက်နားထောင်နေ၏။

(၃)

ချိုသဲ နှင်းခက်ဝေဖုန်းထဲက ပုံကို မြင်ရခိုက်တွင် အံ့သြမှင်သက်သွား၏။ ချိုသဲ အမြင်မမှားနိုင်ပေ။ ဓာတ်ပုံပိုင်ရှင်က သက်နိုင်မှသက်နိုင်အစစ်။ ချိုသဲ သိချင်စိတ်ကိုမမျိုသိပ်နိုင်တော့ဘဲ-

" နှင်း ဒါ သက်နိုင်ပုံ မဟုတ်လား နင်နဲ့သူက"

ချိုသဲအမေးကြောင့် နှင်းခက်ဝေ အံ့သြစွာနှင့် ကြည့်နေ၏။ ချိုသဲကို ဓာတ်ပုံပိုင်ရှင်သည် ဘယ်သူဘယ်ဝါဖြစ်ကြောင်း ပြောပြထားခြင်းမျိုးမရှိခဲ့ပေ။ သိနေသည့်အတွက် ထူးဆန်းနေ၏။

"ဖြေလေ နှင်း သူနဲ့က ဘယ်လို ပတ်သက်မှုရှိလဲ"

" ချိုသဲ နင်ကိုသက်ကိုသိတယ်။ ဒါ ငါ့ချစ်သူ။လိုင်းပေါ်မှာတွေ့ကြတာ တစ်နှစ်လောက်ရှိပြီ"

ထို့စဉ် သီရိကအနားသို့ရောက်လာပြီး-

"သူ့က လူကြောက်ကြီးပါ ချိုသဲရယ်။ နှင်းက အပြင်မှာ တွေ့ဖို့ချိန်းတော့လဲ မအားဘူးချည်းပဲ ပြောနေတာ။ လူကို မြင်ဖူးချင်လို့ဗီဒီယိုကောခေါ်တော့လဲ မကိုင်ဘူး။ နှင်းကိုဖြတ်လိုက်လို့ ပြောတော့လည်း လက်မခံဘူး"

"သီရိရယ် ငါ ကိုသက်ကိုချစ်ခဲ့တာ ရင်ထဲအသည်းထဲက ချစ်ခဲ့တာ။ ချိုသဲ နင်သူ့ကို သိလား"

"သိတာပေါ့ သူနဲ့ငါ အမျိုးတော်တယ်"

"တကယ်"

နှင်းရင်ထဲ အတိုင်းမသိဝမ်းသာသွား၏။

အောင်ကျော် မက်ဆင်ဂျာနှင့် ဖေ့စ်ဘွတ်ခ်အကောင့်လော့ကိုသိထားသူမို့ ချိုသဲကို ကျွန်တော်ဖွင့်ပြလိုက်၏။ ထိုအထဲတွင် အောင်ကျော်နှင့် နှင်းခက်ဝေတစ်ယောက်နှင့်တစ်ယောက် အပြန်အလှန်ပို့တဲ့ဓာတ်ပုံနှင့် စာတွေဖတ်ပြီး ဒေါသတွေထွက်နေသူက ချိုသဲပင်။ အောင်ကျော်က လိုင်းပေါ်တွင် ကျွန်တော့်ဓာတ်ပုံနှင့် ကျွန်တော်နာမည်သုံးပြီး နှင်းခက်ဝေအချစ်ကို လိမ်ညာယူခဲ့သည်။

"ငါ သိနေတာ ကြာပြီ ချိုသဲ။ အောင်ကျော် ဘာကြောင့်အခုလို လုပ်သလဲဆိုတာ စိုးဦးပြောပြလို့ သိပြီးပြီ။ အောင်ကျော်က နှင်းကိုသိပ်ချစ်တာ ချိုသဲ။ သူ့ဘဝအမှန်ကိုသိရင် နှင်းပြန်မချစ်မှာစိုးလို့ သူ အခုလိုမျိုးလုပ်နေတာ ငါလဲ မထိခိုက်တာမို့ မသိသလိုနေခဲ့တာ"

"နင် နေချင်သလိုနေလို့မရတော့ဘူး သက်နိုင် နင်နဲ့နှင်း တွေ့မဲ့ရက်ကို ချိန်းလိုက်ပြီ ရက်က"

ချိုသဲ စကားတောင်မဆုံးခင် ဒေါက်ခနဲ ကြားလိုက်ရသည့်အသံကြောင့် နှစ်ယောက်သား အသံလာရာသို့ကြည့်မိလေ၏။ ထို့နောက် မျက်လုံးများပြာဝေသွား၏။ ဒေါက်ခနဲ့ အသံက အောင်ကျော်၏ ချိုင်းထောက်အသံပင်ဖြစ်နေခဲ့သည်။

(၄)

အဖေသည် အပြင်က ပြန်လာပြီ ဘာမပြော။ ညာမပြောနှင့် ဆိုင်ကယ်ပေါ်ကဆင်းဆင်းချင်း အမေနှင့်လွှခွဲနေသည့် ကျွန်တော်ကိုဆွဲထိုးလေ၏။ ထိုးချက်က ပြင်းလွန်းလှသည်မို့ နှုတ်ခမ်းကွဲကာ သွေးများပင် စီးကျလာ၏။

"ကိုကျော်လွင် သားမှာ ဘာအပြစ်ရှိလို့ ထိုးရတာလဲ "

"ထိုးရုံတင်မကဘူး သတ်ကိုသတ်ပစ်သင့်တာ လူစိတ်မရှိတဲ့ကောင် နွားတိရစ္ဆာန်ကောင် စည်းမစောင့်တဲ့ကောင်"

စာမျက်နှာ ၂၅ သို့ ➤

# စစ်ကိုင်းမြို့နယ်တွင် ဝါသီးနှံ ရာနှုန်းပြည့်သိမ်းဆည်းပြီးစီး တစ်ဧကလျှင် ၄၃၃ ပိဿာကျော် ထွက်ရှိသဖြင့် အထွက်နှုန်းကောင်းမွန်



**စစ်ကိုင်း မတ် ၄**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် စစ်ကိုင်းမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သည့် ဝါသီးနှံရာနှုန်းပြည့်သိမ်းဆည်းပြီးစီးပြီး အထွက်နှုန်းကောင်းမွန်ကြောင်း စစ်ကိုင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

စစ်ကိုင်းမြို့နယ်တွင် မိုးသီးနှံ စိုက်ပျိုးရာသီ၌ ဝါသီးနှံဧက ၁၅၆၃၀ ထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါစိုက်ပျိုးထားသောဝါသီးနှံများကို ၂၀၂၄ခုနှစ် ဒီဇင်ဘာလမှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့ထိ ရာနှုန်းပြည့် သိမ်းဆည်းပြီးစီးပြီး တစ်ဧကလျှင် ၄၃၃ ဒသမ ၆၀ ပိဿာ ထွက်ရှိခဲ့ကြောင်း သိရသည်။

"စစ်ကိုင်းမြို့နယ်မှာ ဝါသီးနှံ ဧက ၁၅၆၃၀ ထိစိုက်ပျိုးထားပါတယ်။အဲဒီစိုက်ပျိုးထားတဲ့ ဝါသီးနှံတွေကို အခုလက်ရှိ ဧကအားလုံး ရာနှုန်းပြည့်သိမ်းဆည်းပြီးစီးပြီဖြစ်ပါတယ်။အထွက်နှုန်းအနေနဲ့ ကောင်းမွန်ကြပါတယ်။ ဝါသီးနှံများ စိုက်ပျိုးထုတ်လုပ်ရာမှာ မျိုးကောင်း၊ မျိုးသန့်တွေ တောင်သူတွေလွယ်ကူစွာ စိုက်ပျိုးရာသီအမီ စိုက်ပျိုးသွားနိုင်ဖို့ ဝါမျိုးစေ့တွေ ပံ့ပိုးပေးခဲ့ပါတယ်" ဟု စစ်ကိုင်းမြို့နယ် စိုက်ပျိုးရေး ဦးစီးမှူး မြို့နယ်ဦးစီးမှူး ဦးမျိုးသန့်အောင်က ပြောပြသည်။

ဝါသီးနှံစိုက်ပျိုးမှုအနေဖြင့် ဝါသီးနှံတစ်ဧကလျှင် ငွေကျပ် သုံးသိန်းခွဲ ကုန်ကျစရိတ်ရှိကြောင်း၊ ဝါသီးနှံစိုက်ပျိုးရာတွင် အခြားသီးနှံများဖြစ်သည့် ကြက်သွန်နီဖြင့် သီးကြိုစိုက်ပျိုးခြင်းနှင့်ပဲစင်းငုံဖြင့် သီးညှပ် စိုက်ပျိုးနိုင်သည့်အတွက် သီးနှံ တစ်မျိုးမျိုးရရှိမည် ဖြစ်ပြီး ဝင်ငွေတိုးပွားစေမည်ဖြစ်သည်။

ဝါသီးနှံကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း သုံးစွဲမှု ဖူလုံစေရုံမျှမက ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ မိုပိုတိုးတက် လာမည်ဖြစ်ရာ ဝါသီးနှံကို ပိုမိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း စစ်ကိုင်းမြို့နယ် စိုက်ပျိုးရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးသန့်အောင်က ဆက်လက်ပြောပြ၍ သိရသည်။ (၂၀၆)

---

➤ **စာမျက်နှာ ၂၄ မှအဆက်**

အဖေ့စွပ်စွဲချက်တွေများလှ၏။

"ကျွန်တော် ဘာလုပ်လို့လဲ အဖေရာ အား ကျွတ် ကျွတ် နာလိုက်တာ"

"မင်း လုပ်တာ မင်းမသိဘူးလား။ မရှက်ဖူးလား။ အောင်ကျော် ရည်းစား နှင်းခက်ဝေကို လု ယူသွားတယ်ဆို"

"ဗျာ"

အဖေ့စကားကြောင့်ကျွန်တော့်မှာ အံ့သြသွား၏။

"အဖေ့ကို ဘယ်သူပြောလဲ"

"ဘယ်သူရှိရမှာလဲ အောင်ကျော်ပဲပြောတာ မင်းမှာ ချစ်စရာမိန်းမ ဒီလောက်တောင်ပဲရှားသလားကွာ"

"မဟုတ်ဘူး အဖေ ကျွန်တော်မလုဘူး"

"ဘာမလုရမှာလဲ သူ့ချစ်သူက ကိုသက်လို့ပြောပြီး ရက်ရက်စက်စက် ငါ့သားပါးကိုယ်လဲ ရိုက်တယ် အတွေ့မခံတော့လို့ ငါ့သားအသည်းတွေကွဲပြီ အရက်တွေ သောက်နေတာ နင့်ကြောင့် "

"ဘုရား ဘုရား"

မတင်လှစကားကြောင့် အမေသည် ရင်ဘတ်ဖိကာ မျက်လုံးစိမ်းနှင့်ကျွန်တော်ကိုကြည့်နေ၏။ ကျွန်တော်ရှင်းပြဖို့ ကြိုးစားနေချိန်တွင် အောင်ကျော်အမေ ဒေါ်တင်လှ ရောက်လာသည်မို့ ရှင်းပြခွင့် မရလိုက်ပေ။

"နင်ငါ့အိမ်ကို လာစရာမလိုတော့ဘူး။ လူမဆန်တဲ့ကောင် အယုတ်တမာ ငါ့သားအသည်းကိုခွဲတဲ့ကောင် "

"ကျွန်တော် မလုပါဘူးဗျာ ကျွန်တော်ကိုရှင်းပြခွင့်တော့ပေးပါအုံး"

"မရှင်းနဲ့မကြားချင်ဘူး"

အားလုံးက ကျွန်တော်ရှင်းပြတာကိုလက်မခံဘဲ လှည့်ထွက်သွားကြလေ၏။ ကျွန်တော်လည်း ဘယ်လိုမှ မရှင်းပြတတ်သည်မို့ စိတ်ပျက်လက်ပျက်နှင့် လှည့်ထွက်လာစဉ် နောက်ကနေ အရာဝတ္ထုတစ်ခုနှင့် ကျွန်တော့်ခေါင်းကို ရိုက်ခြင်းခံရသည်မို့ မူးမေ့လဲကျသွား၏။

ကျွန်တော် သတိရချိန်တွင် ခေါင်းမှာပတ်တီးအဖွေးသားနှင့်ဖြစ်နေ၏။အောင်ကျော်က သူ၏လက်ဆွဲတော်ချိုင်းထောက်နှင့် ရိုက်သည်မို့ ဆယ်ချက်တောင် ချုပ်လိုက်ရသည်။

(၅)

နှင်းက ကျွန်တော်အခုလိုဖြစ်တာသူ့ကြောင့်ဆိုပြီး သတင်းမေးဖို့ ချိုသဲက ဦးဆောင်ပြီး နှင်းကို ခေါ်လာသည်။

နှင်းကို မြင်ခိုက်တွင် ကျွန်တော်ရင်တွေ ထိန်းမရအောင် လှုပ်ခတ်နေ၏။နှင်း၏အလှက တစ်ခါမြင်ဖူးရုံနှင့် တစ်သက်စွဲစေနိုင်သည့် ရုပ်မျိုး။ ဆံပင်ရှည်ရှည် အရပ်မြင့်မြင့်မိန်းကလေး ။ သူလိုအဘက်ဘက်က ပြည့်စုံလွန်းသည့်မိန်းကလေးက အောင်ကျော်လို မွေးရာပါ ချို့ယွင်းချက်ရှိသူတစ်ယောက်ကို ငြင်းတာမဆန်းပေ။

နှင်းကကျွန်တော်ကို အချစ်ရိပ်လွှမ်းခြံသော မျက်ဝန်းများနှင့် ရွှန်းဝေစွာကြည့်နေ၏။ အကြည့်ဆုံ ရင်ခုန်နေစဉ်ဝယ် အဖေက ဖြုန်းဆိုရောက်လာပြီ နှင်းခက်ဝေကို အိမ်အရိပ်တောင်နင်းခွင့်မပေး။ လှည်းလုပ်ရာတွင်အသုံးပြုသည့်ဓားနှင့် ခုတ်ဖို့ပြင်နေ၏။ အမေက အချိန်မီဆွဲထား၏။

"တော်ကလေ အရာရာဒေါသချည်းပဲ။ တစ်ဆိတ်ရှိ ခုတ်မယ်၊ ဖျက်မယ် သတ်မယ်ချည့်ပဲ။ ဒီမှာ မိန်းကလေး နင်ပြန်ပါ။ နင် ငါ့သားနဲ့ မပတ်သတ်ပါနဲ့ ငါတို့ နင့်ကိုအလိုမရှိဘူး"

"နင်လို အကျင့်သိက္ခာမဲ့တဲ့မိန်းကလေး၊ လှေနံနှစ်ဖက်နင်းတဲ့ မိန်းကလေးကို ငါ့သားနဲ့ မပေးစားနိုင်ဘူး ထွက်သွား"

ကိုသက် အဖေနှင့်အမေစကားများက အတော်လေး ရင့်သီးလွန်းလှ၏။ ချိုသဲလဲ ကြားထဲက နှင်းကို အားနာနေ၏။နှင်းဘက်က ရိုးရိုးသားသား သတင်းမေးချင်ရုံသက်သက်နှင့် လေးဖေဆီက ခွင့်တောင်းပြီ လိုက်လာခဲ့၏။ ကိုသက်တို့ အသိုင်းအဝိုင်းက နှင်းအပေါ်သည်လောက်ထိ မုန်းနေလိမ့်မည်ဟုမထင်မှတ်ခဲ့ပေ။

" အဖေနဲ့အမေ နှင်းကို ဒီလောက်ထိ မပြောသင့်ဘူးဗျာ။ နှင်းက ကျွန်တော့်ချစ်သူ"

ကိုသက်ဆီက ထွက်လာသည့်စကားသံကြောင့် နှင်းမှာ အံ့သြမှင်သက်စွာကြည့်နေ၏။

"လူလိမ် မင်းပြောတော့ ဘာမှမပတ်သတ်မှုမရှိဘူးဆို ချစ်အုံးကွာ ချစ်အုံး"

အဖေကကျွန်တော့်ကို ပြောပြောဆိုဆိုဆွဲထိုး၏။ အမေကလည်း ကျွန်တော်ကိုရိုက်သည်။

"ငါတို့ အတန်တန်တားတဲ့ကြား နင်ဒီမိန်းကလေးနဲ့ ပတ်သက်တယ်။ မိဘစကားနားမထောင်ဘဲ ထင်ရာစိုင်းတော့မယ်ပေါ့ ဟုတ်လား။ နင့်မျက်နှာငါမကြည့်ချင်ဘူး။ သွား ထွက်သွား သွား။ ဒီမိန်းကလေးနောက် လိုက်သွား။ ဒီနေ့ ဒီအချိန်ကစပြီး မင်းဟာ ငါ့သား မဟုတ်တော့ဘူး။ သားအဖြစ်က စွန့်လွှတ်လိုက်ပြီ"

ကျွန်တော်မှာရွေးချယ်စရာလမ်းတစ်ခုပဲ ရှိတော့သည်။ကျွန်တော် နှင်းနောက်သို့ လိုက်လာခဲ့မိသည်။ နှင်း၏ဦးလေး လေးဖေက ကြည်ကြည်ဖြူဖြူလက်ခံခဲ့၏။ မင်္ဂလာပွဲကို ခမ်းနားကြီးကျယ်စွာ လုပ်ပေးခဲ့သည်။

မင်္ဂလာပွဲကိုတက်ရောက်ဖို့ ဖိတ်ခေါ်သော်လည်း အဖေနှင့်အမေ အပါအဝင် ရွာမှာရှိသည့်သူငယ်ချင်းမိတ်ဆွေ အပေါင်းအသင်းများ တစ်ယောက်မှရောက်မလာခဲ့ကြပေ။

ကြာခဲ့ပြီဖြစ်သော်လည်း အောင်ကျော်ကိုမြင်မှ ဒဏ်ရာဟောင်းကအသစ်တစ်ဖန်ဖြစ်လို့နေ၏။ တကယ်ပဲ နှလုံးသားရှိသူတိုင်း ချစ်တတ်သူတိုင်းကို တိုင်တည်ပြီ မေးလိုက်ချင်သည်။ ကျွန်တော်နှင်းကိုချစ်တာ ယခုအချိန်ထိ အပြစ်မရှိဘူးဆိုတာ ယုံကြည်နေဆဲပင်ဖြစ်သည်။

---

## ရေလှူကြစို့

\- အညာမြေ အပူပိုင်း
ဖုန်လှိုင်းများ ထနေသည်၊
ရေလှူရန် စေတနာပွား
ကြိုးစားကြမည်၊
ရေအသက် တစ်မနက်တည်
စုပေါင်းညီ သယ်ပိုး၊
စေတနာရှင် ကုသိုလ်လှမ်း
ရွှင်လန်းကောင်းကျိုး။

\- သောက်သုံးရေ အလုံအလောက်
ထောက်ပံ့လို့ ပေးလှူရန်၊
တောရပ်ရွာ လုပ်အားပေး
တွေးဆလျက်ကြံ၊
နွေဥတု ပူပြင်းဒဏ်
ရေလိုအမှန် ဖြည့်ဆည်း၊
ဆယ်ပါးဂုဏ် ရေအကျိုး
ကြိုးစားခရီး။

\- ပေးလှူကာ ဝမ်းသာရသမို့
ကုသိုလ်လှ မွန်မြတ်ပေ၊
ကိုယ်ချင်းစာ စိတ်ဓာတ်မွေး
အေးချမ်းမည်လေ၊
နွေရက်များ သောက်သုံးရေ
စုဆောင်းနေ လှူဒါန်းဖို့၊
ပံ့ကိုယ်စီ အပြည့်ဖြည့်ကာ
ရေထည့်လေ ရေရှားအရပ်ကို
မွန်မြတ်လှူစို့။ ။

ဖြိုးထက်(ရေစကြို)

---

## ဒေးဒရဲမြို့နယ် ရွာတန်းရှည်ကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း စစ်ဆေး

**ဒေးဒရဲ မတ် ၄**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဒေးဒရဲမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရွာတန်းရှည်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အတိုးရငွေဖြင့် ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို မတ် ၃ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဒေးဒရဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်သီသီအောင်၊ စီမံကိန်းတာဝန်ခံနှင့် ဝန်ထမ်းများက မြစိမ်းရောင် ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင် များ၊ ကျေးရွာသူ၊ ကျေးရွာသားများနှင့် တွေ့ဆုံကာ ရွာတန်းရှည်ကျေးရွာ၌ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်း လုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လမ်းကို ရေရှည်တည်တံ့အောင် ထိန်းသိမ်းစောင့်ရှောက်ကြရန် ဆွေးနွေးမှာကြားခဲ့သည်။

ရွာတန်းရှည်ကျေးရွာ၌ လမ်းအရှည် ပေ ၅၀၀၊ အကျယ် ကိုးပေ၊ အမြင့် ခြောက်လက်မရှိ ရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အတိုးရငွေကျပ် ၁၀ ဒသမ ၈သန်း အသုံးပြု၍ ဒေးဒရဲမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများ ကိုယ်တိုင် ယခုနှစ် ဇန်နဝါရီလ ဒုတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဒေါ်သီသီအောင် ထံမှ သိရသည်။

မင်းမြင့်မိုရ်

# လေးဆူဓာတ်ပျော် ရွှေဆံတော်စေတီတော်မြတ်ကြီး တောင်ဘက်စောင်းတန်းကို ရှေးမူမပျက် မြန်မာမှုလက်ရာများဖြင့် ပြုပြင်မွမ်းမံရန်နှင့် စက်လှေကားထည့်သွင်းတပ်ဆင်သွားရန် စီမံဆောင်ရွက်နေ



ပဲခူး မတ် ၄

ပဲခူးတိုင်းဒေသကြီး ပြည်မြို့နယ်ရှိ လေးဆူဓာတ်ပျော် ရွှေဆံတော်စေတီတော်မြတ်ကြီး တောင်ဘက်စောင်းတန်းကို ရှေးမူမပျက် မြန်မာမှုလက်ရာများဖြင့် ပြုပြင်မွမ်းမံရန်နှင့် စက်လှေကားထည့်သွင်းတပ်ဆင်သွားရန် စီမံဆောင်ရွက်နေကြောင်း လေးဆူဓာတ်ပျော် ရွှေဆံတော် စေတီတော်မြတ်ကြီး ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့မှ သိရသည်။

လက်ရှိတွင် လေးဆူဓာတ်ပျော် ရွှေဆံတော်စေတီတော်မြတ်ကြီးတွင် သာသနိကအဆောက်အအုံများကို အဆင့်မြှင့်တင်ပြင်ဆင်ခြင်းနှင့် တည်ဆောက်ခြင်းများ ဆောင်ရွက်လျက်ရှိရာ ရင်ပြင်တော်ပေါ်ရှိရွှေဆံတော်စေတီတော် ဗုဒ္ဓပြတိုက်ကို အဆင့်မြှင့်တင်ပြုပြင်ခြင်း၊ ရင်ပြင်တော် တိုးချဲ့ခြင်းနှင့် လေးထပ်ဓမ္မာရုံကြီးတည်ဆောက်ခြင်းတို့ကို ဆောင်ရွက်ထားကြောင်း သိရသည်။

ထို့ပြင် စေတီတော်ကြီးတောင်ဘက်စောင်းတန်းကို ပြန်လည်ပြုပြင်မွမ်းမံသွားမည့်အပြင် စက်လှေကား ထည့်သွင်းတပ်ဆင်သွားမည်ဖြစ်ကြောင်း ရွှေဆံတော်စေတီတော်မြတ်ကြီး ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့ဝင် ဦးမိုးဇင်ထံမှ သိရသည်။

"စေတီတော်ကြီးမှာ ဆက်လက်ပြုပြင်မွမ်းမံတည်ဆောက်ဖို့ ရှိနေတာကတော့ တောင်ဘက်စောင်းတန်းဖြစ်ပါတယ်။ တောင်ဘက်စောင်းတန်းကို ပြုပြင်မွမ်းမံဖို့ စီစဉ်ဆောင်ရွက်နေပါတယ်။ စောင်းတန်းကြီးမှာ စက်လှေကားကိုလဲ တပ်ဆင်သွားမှာဖြစ်ပြီး စက်လှေကားအလှူရှင်လဲ ရှိနေပြီးတော့ စက်လှေကားလဲ ရောက်ရှိနေပါပြီ။ စောင်းတန်းကြီး မြန်မာမှုလက်ရာ တွေအတိုင်း ရှေးမူမပျက်ပြုပြင်မွမ်းမံတဲ့နေရာမှာ အလှူရှင်တွေလဲ ကုသိုလ်ပြု လှူဒါန်းနိုင်ပါကြောင်း ဖိတ်ခေါ်ပါတယ်။ စေတီတော်ကြီးမှာ အလှူခံဌာနလဲ ဖွင့်လှစ်ထားပါတယ်"ဟု ဦးမိုးဇင်က ပြောပြသည်။

လေးဆူဓာတ်ပျော် ရွှေဆံတော် စေတီတော်မြတ်ကြီးသို့ အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးပြည်သူများ နေ့စဉ်လာရောက်ဖူးမြော် ကြည်ညိုလျက်ရှိပြီး နေ့စဉ်ဘုရားဖူးပြည်သူဦးရေ ၄၀၀ ခန့်ရှိနေပြီး ရုံးပိတ်ရက်များတွင် ဘုရားဖူးပြည်သူ ဦးရေ ၈၀၀ ထိရှိကာ အခါကြီး ရက်ကြီးများတွင် ဘုရားဖူးပြည်သူ ဦးရေ ၁၀၀၀ ခန့်ထိ လာရောက်ဖူးမြော်ကြည်ညိုလျက်ရှိကြောင်း သိရသည်။

ASH

# Tristar ၏ The Breadwinner ကို ဒါရိုက်တာ အားရစ်အက်ပယ်လ် ရိုက်ကူးမည်

နယူးယောက် မတ် ၄

Tristar Pictures ရုပ်ရှင်ကုမ္ပဏီ၏ The Breadwinner ဇာတ်ကားကို ဒါရိုက်တာ အားရစ်အက်ပယ်လ်က တာဝန်ယူရိုက်ကူးမည်ဖြစ်ကြောင်း မတ် ၃ ရက် သတင်းများအရ သိရသည်။

The Breadwinner ဇာတ်ကားတွင် ဟာသလူရွှင်တော် နာတီဘာဂတ်ဇီက အဓိကဇာတ်ကောင်တစ်ဦးအဖြစ် ပါဝင်သရုပ်ဆောင်မည်ဖြစ်သည်။

အဆိုပါဇာတ်ကားအတွက် ဝတ္ထုဇာတ်ညွှန်းကို မင်းသား ဘာဂတ်ဇီနှင့် ဇာတ်ညွှန်းရေးဆရာ ဒန်းလာဂါနာတို့က ရေးသားပေးထားကြောင်း သိရသည်။

လက်ရှိအချိန်တွင် The Breadwinner ဇာတ်ကား၏ ဇာတ်လမ်း ဇာတ်အိမ်အသေးစိတ်ကို ထုတ်ဖော်ပြောကြားခြင်းမရှိသေးကြောင်း သိရသည်။

The Breadwinner ဇာတ်ကားသည် အမေရိကန် ဟာသလူရွှင်တော် ဘာဂတ်ဇီအတွက် ပထမဆုံး ရုပ်ရှင်ဇာတ်ကားဖြစ်ကြောင်း သိရသည်။

လက်ရှိအချိန်တွင် The Bread Winner ဇာတ်ကားရုံတင်ပြသမည့်ရက်ကို Tristar Pictures ကုမ္ပဏီက ကြေညာခြင်းမရှိသေးကြောင်း သိရသည်။

Ref : Russia Today

Trs : KKO





# တေးသံရှင် စန္ဒီမြင့်လွင်နှင့် ထက်ယံတို့၏ တေးဂီတဖျော်ဖြေပွဲကို မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ Judson Entertainment Bar တွင် ပြုလုပ်မည်




ရန်ကုန် မတ် ၄

တေးသံရှင် စန္ဒီမြင့်လွင်နှင့် တေးသံရှင် ထက်ယံ တို့၏ တေးဂီတဖျော်ဖြေပွဲကို ရန်ကုန် မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ Judson Entertainment Bar တွင် ပြုလုပ်သွားမည်ဖြစ်ကြောင်း တေးသံရှင် ထက်ယံက ပြောပြ၍ သိရသည်။

အဆိုပါတေးဂီတဖျော်ဖြေပွဲကို ရန်ကုန် မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ Judson Entertainment Bar ၌ မတ် ၈ ရက်တွင် A Fusion of Generations on One Stage! အမည်ဖြင့် ပြုလုပ်သွားမည်ဖြစ်ပြီး တေးသံရှင်များ၏ သီဆိုဖျော်ဖြေတင်ဆက်မှုများကို Judson Band တေးဂီတအဖွဲ့က အကောင်းဆုံး ပံ့ပိုးတီးခတ်ပေးမည်ဖြစ်ကြောင်း သိရသည်။

"မတ် ၈ ရက် စနေနေ့ညမှာတော့ လွန်ခဲ့တဲ့ ဆယ်စုနှစ်ကျော် ( MP4 ခေတ် ) ကတည်းက ပရိသတ်တွေ အလွတ်ရနေတဲ့ မစန္ဒီရဲ့ သီချင်းတွေနဲ့အတူ ည ၆ နာရီကတည်းက တေးချစ်သူတွေကို ဖျော်ဖြေဖို့ အသင့်ရှိနေမှာဖြစ်ပါတယ်"ဟု တေးသံရှင် ထက်ယံက ပြောပြသည်။

အဆိုပါတေးသံရှင်စန္ဒီမြင့်လွင်နှင့် တေးသံရှင် ထက်ယံ တို့၏ တေးဂီတဖျော်ဖြေပွဲကို Judson Entertainment Bar တွင် မတ် ၈ ရက် ည ၆ နာရီမှ စတင်ကာ ဖျော်ဖြေတင်ဆက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ASH

# ဒါရိုက်တာရှောင်ဘေကာ၏ Anora ဇာတ်ကား ထိပ်တန်းအော်စကာဆု ငါးဆုထိ ရရှိ

နယူးယောက် မတ် ၄

၉၇ ကြိမ်မြောက် အော်စကာဆုပေးပွဲ၏ ထိပ်တန်းအော်စကာဆု ငါးဆုကို Anora အမည်ရှိ ဇာတ်ကားက ရရှိခဲ့ကြောင်း မတ် ၃ ရက် သတင်းများအရ သိရသည်။

မတ် ၂ ရက်တွင် ကျင်းပခဲ့သည့် ၉၇ ကြိမ်မြောက် အော်စကာဆုပေးပွဲတွင် Anora ဇာတ်ကားသည် အကောင်းဆုံးရုပ်ရှင်ဇာတ်ကားဆု၊ ဒါရိုက်တာဆု၊ မူလဇာတ်ညွှန်းဆု၊ မင်းသမီးဆုနှင့် တည်းဖြတ်ဆုများကို ရရှိခဲ့ကြောင်း သိရသည်။

Anora ဇာတ်ကားသည် The Brutalist၊ Conclave၊ Emilia Perez ကဲ့သို့ နာမည်ကြီး ဇာတ်ကားများကို ကျော်ဖြတ်၍အထက်ပါ အော်စကာဆုများကိုရရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

Anora ဇာတ်ကားကို ဒါရိုက်တာ ရှောင်ဘေကာက ရိုက်ကူးခဲ့ပြီး မင်းသမီး မစ်ကီမက်ဒီဆင်က ခေါင်းဆောင်မင်းသမီးအဖြစ် သရုပ်ဆောင်ထားသည်။

၉၇ ကြိမ်မြောက် အော်စကာဆုပေးပွဲ၏ အကောင်းဆုံးအမျိုးသား သရုပ်ဆောင်ဆုကို မင်းသား အက်ဒရီယန်ဘရော့ဒီက The Brutulist ဇာတ်ကားဖြင့်ရရှိခဲ့ပြီး အကောင်းဆုံး အမျိုးသားဇာတ်ပို့ဆုကို မင်းသား ကလီရန်းကူကင်က A Real Pain ဇာတ်ကားဖြင့်လည်းကောင်း၊ အကောင်းဆုံး အမျိုးသမီးဇာတ်ပို့ဆုကို မင်းသမီး ဇိုးဆယ်ဒါနာက Emilia Prerz ဇာတ်ကားဖြင့် ရရှိခဲ့ကြောင်း သိရသည်။

Ref : Sputnik News

Trs : KKO



# အောင်ခေတ်မင်း ရုပ်ရှင်ထုတ်လုပ်ရေးမှ ရိုက်ကူးထုတ်လုပ်သည့် မာန်ရုပ်ရှင်ဇာတ်ကား Family Show ကျင်းပ

ရန်ကုန် မတ် ၄

အောင်ခေတ်မင်း ရုပ်ရှင်ထုတ်လုပ်ရေးမှ ရိုက်ကူးထုတ်လုပ်သည့် မာန် ရုပ်ရှင်ဇာတ်ကား Family Show ကို ရန်ကုန် မရမ်းကုန်းမြို့နယ်ရှိ နဝဒေးအဆင့်မြင့် ရုပ်ရှင်ရုံတွင် မတ် ၃ ရက်က ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

မာန် ရုပ်ရှင်ဇာတ်ကား၏ ဇာတ်လမ်းကို ညီရဲမင်းက ရေးသားထားကာ ဒါရိုက်တာ သန်းထိုက် (ရွှေရိပ်)က ဇာတ်ညွှန်းရေးထားပြီး အောင်ခေတ်မင်း ရုပ်ရှင်ထုတ်လုပ်ရေးအတွက် တာဝန်ယူရိုက်ကူးထားကြောင်း သိရသည်။

"ဒီဇာတ်ကားက အိမ်ထောင်ရေးဇာတ်လမ်းလေးပါ။ မိသားစုတွေစုဝေးပြီး ကြည့်ရှုလို့ရနိုင်မဲ့ အိမ်ထောင်ရေးပညာပေးကားစစ်စစ်ပါ။ ၂၀၂၄ ခုနှစ်က ရိုက်ကူးခဲ့တဲ့ ဇာတ်ကားလေးပါ။ ဒီဇာတ်ကားမှာ ဝါရင့်ဇာတ်ပို့ ကိုကိုဦးရဲ့သား သီဟအောင်ရယ်၊ ခင်ဇာခြည်ကျော်ရဲ့သမီး ထင်သစ္စာတို့ ပွဲဦးထွက်အနေနဲ့ ပါဝင်ထားပါတယ်" ဟု အဆိုပါ ဇာတ်ကားတွင် ပါဝင်သရုပ်ဆောင်ထားသူ ကျော်ထက်ဇော်က ပြောပြသည်။

အဆိုပါ မာန် ရုပ်ရှင်ဇာတ်ကားတွင် သရုပ်ဆောင် ကျော်ထက်ဇော်၊ သီဟအောင်၊ မင်းပိုင်၊ မေမြင့်မိုရ်၊ ထင်သစ္စာ၊ မြတ်ကေသီအောင်၊ လင်းဇာနည်ဇော်၊ မျိုးမျိုးခိုင်၊ အေးခက်ခက်ပိုင်၊ ပပသင်း၊ မျိုးမျိုးနဲ့ အနုပညာရှင်များစွာအပြင် ဧည့်သည်သရုပ်ဆောင် သူရိယတို့ ပါဝင်ထားကြကြောင်း သိရသည်။

ASH

# နည်းဗျူဟာမြောက်ဒုံးကျည်များဖြန့်ကြက်သွားမည့် တောင်ကိုရီးယားနိုင်ငံ

မောင်စိန်အို(နဘဲမြေ)




တောင်ကိုရီးယားနိုင်ငံ၏ နည်းဗျူဟာမြောက် မြေပြင်မှမြေပြင်ပစ်ဒုံးကျည်(KTSSM) အမျိုးအစား ဘန်ကာဖျက်ဒုံးကျည်သည် သမားရိုးကျတိုက်ခိုက်ရေးစွမ်းဆောင်ရည်များ မြှင့်တင်ပေးနိုင်မည်ဖြစ်ပြီး နျူကလီးယား ဟန့်တားမှုစွမ်းဆောင်ရည်ကိုလည်း တဖြည်းဖြည်းမြှင့်တင်ပေးနိုင်မည်ဖြစ်သည်။ ၎င်းဒုံးကျည်ဖြန့်ကြက်မှုသည် မဟာဗျူဟာမြောက် အပြောင်းအလဲဖြစ်စေပြီး သမားရိုးကျနှင့် နျူကလီးယား ရပ်တည်ချက်တို့ကြား ကွာဟချက် တဖြည်းဖြည်း လျှော့ချနိုင်စေမည်ဖြစ်သည်။

တောင်ကိုရီးယားနိုင်ငံသည် နည်းဗျူဟာမြောက် မြေပြင်မှမြေပြင်ပစ်ဒုံးကျည်(KTSSM)ကို တပ်ဖြန့်ချထားကြောင်း၊ ၎င်းဒုံးကျည်ကိုမြောက်ကိုရီးယားနိုင်ငံ၏မြေအောက်အမြောက်ဘန်ကာများထားရှိမှုအတွက် ချေမှုန်းရန်ဒီဇိုင်းရေးဆွဲထားကြောင်း ယွန်ဟော့သတင်းအေဂျင်စီကဆိုသည်။

တောင်ကိုရီးယား၏နည်းဗျူဟာမြောက် မြေပြင်မှမြေပြင်ပစ်ဒုံးကျည်(KTSSM)သည် ရုတ်ခြည်းတိကျစွာတိုက်ခိုက်နိုင်သောကြောင့် မြောက်ကိုရီးယား၏ တာဝေးပစ်အမြောက်များကို ပစ်မှတ်ထားလျက်ရှိသည်။ ကီလိုမီတာ ၁၈၀ ထိရောက်ရှိပစ်ခတ်နိုင်သော ၎င်းဒုံးကျည်သည် တင်းမာမှုမြင့်တက်နေသည့်အချိန်တွင် တောင်ကိုရီးယားနိုင်ငံ၏ဟန့်တားမှုစွမ်းဆောင်ရည်ကို မြှင့်တင်ပေးနိုင်မည်ဖြစ်သည်။ တောင်ကိုရီးယား ပူးတွဲစစ်ဦးစီးချုပ်ရုံး(JCS)က ဒုံးကျည်ဖြန့်ကြက်မှုသည် စစ်ဘက်ကိုအရေးပေါ်အခြေအနေတွင် ရန်သူ၏နေရာများကိုဖျက်ဆီးနိုင်သည့်စွမ်းဆောင်ရည်များ ပံ့ပိုးပေးမည်ဖြစ်ကြောင်း အလေးထားပြောကြားခဲ့သည်။

၂၀၁၀ ပြည့်နှစ်တွင် ယွန်ပြောင်ကျွန်းကိုမြောက်ကိုရီးယား၏ဗုံးကြဲတိုက်ခိုက်မှုပြီးနောက် နည်းဗျူဟာမြောက် မြေပြင်မှမြေပြင်ပစ်ဒုံးကျည်(KTSSM) ကို ပထမဆုံးသုတေသနပြုတည်ဆောက်ခဲ့ခြင်းဖြစ်သည်။ ၎င်းဒုံးကျည်သည် နီးကပ်သောနေရာတွင် တိကျစွာ ပစ်ခတ်နိုင်သော်လည်း အမေရိကန်ကြည်းတပ်၏ နည်းဗျူဟာမြောက်ဒုံးကျည်စနစ်(ATMCMS)နှင့် အလားသဏ္ဌာန်တူညီသော နည်းဗျူဟာမြောက်ပဲ့ထိန်းစနစ်ဖြစ်ကြောင်း Global Security က ဖော်ပြထားသည်။

၎င်းဒုံးကျည်သည် မူကွဲနှစ်မျိုးရှိပြီး KTSSM-1 သည် မြောက်ကိုရီးယားနိုင်ငံ၏ M1978/ M1989 Kosan အမျိုးအစား ၁၇၀ မီလီမီတာ ဟောင်ဝစ်ဇာနှင့် M1985/M1991 အမျိုးအစား ၂၄၀ မီလီမီတာဘက်စုံသုံးလောင်ချာ(MRL) တို့ကို တိုက်ခိုက်ရန်ရည်ရွယ်တည်ဆောက်ထားပြီး KTSSM-2 သည် မြောက်ကိုရီယား၏ KN-09 အမျိုးအစား ၃၀၀ မီလီမီတာ MRLs နှင့် KN-02 အမျိုးအစား တာတိုတစ်ပစ်ထိန်းဒုံးကျည်(SRBM)တို့ကိုတိုက်ခိုက်ရန် ဒီဇိုင်းရေးဆွဲထားသည့် ပဲ့ထိန်းဒုံးကျည်အမျိုးအစားဖြစ်သည်။

သမားရိုးကျကျည်များဖြင့်ပစ်ခတ်နိုင်သောမြောက်ကိုရီးယားနိုင်ငံထုတ် Koksan အမျိုးအစား ဟောင်ဝစ်ဇာအမြောက်၏ ပစ်ခတ်ရောက်ရှိနိုင်မှုအကွာအဝေးသည် ဒုံးကျည်အထောက်အကူပြုကျည်ထိပ်ဖူးဖြင့် အကွာအဝေး ၄၀ ကီလိုမီတာမှ ၆၀ ကီလိုမီတာထိရောက်ရှိနိုင်ပြီး ၂၄၀ မီလီမီတာ MRLs သည် အလားတူအကွာအဝေးထိ ရောက်ရှိပစ်ခတ်နိုင်သည်။ KN-09 တာတိုပဲ့ထိန်းဒုံးကျည်သည် ၂၀၀ ကီလိုမီတာထိ ရောက်ရှိပစ်ခတ်နိုင်ပြီး KN-02 တာတိုပဲ့ထိန်းဒုံးကျည်သည် ကီလိုမီတာ ၁၂၀ မှ ၁၇၀ ထိ ရောက်ရှိပစ်ခတ်နိုင်သည်။

KTSSM 1 သည် အပူဒဏ်ခံကျည်ထိပ်ဖူးတစ်ခုပါဝင်ပြီး KTSSM 2 သည် ပေါက်ကွဲအားပြင်းကျည်ထိပ်ဖူးပါဝင်သည်။ တောင်ကိုရီးယားနိုင်ငံသည် နည်းဗျူဟာမြောက် မြေပြင်မှမြေပြင်ပစ်ဒုံးကျည်(KTSSM) ကို တပ်မကြီးအဆင့်၌တပ်ဖြန့်ချထားပြီး ကြည်းတပ်ကွပ်ကဲမှုဌာနချုပ် Hyunmoo နှင့်အမေရိကန်ကြည်းတပ်၏ နည်းဗျူဟာမြောက်ဒုံးကျည်(ATACMS) စနစ်များကို ထိန်းချုပ်ဆောင်ရွက်သည်။

မြောက်ကိုရီးယားနိုင်ငံ၏ ကြံ့ကြံ့ခံနိုင်သော အမြောက်များပစ်ခတ်သည့်နေရာများသည် သိသာထင်ရှားသည့် ခြိမ်းခြောက်မှုအဖြစ်ဆက်လက်တည်ရှိနေပြီး စစ်မဲ့ဇုန်မြောက်ဘက်ရှိ တောင်တန်းများပေါ်တွင် အမြောက်ပစ်ခတ်သည့်နေရာ ၂၀၀ မှ ၅၀၀ ကြားတွင် တပ်ဖြန့်ချထားသည်။

အဆိုပါအမြောက်များသည် ပစ်ခတ်ပြီး ကျည်ဖြည့်နိုင်ရေး တောင်များပေါ်တွင် ပြန်လည်ဆုတ်ခွာနိုင်သည်။ မြောက်ကိုရီးယားနိုင်ငံသည် ကျူးကျော်တိုက်ခိုက်ရန်၊ သို့တည်းမဟုတ် တောင်ကိုရီးယားကို ဗုံးကြဲတိုက်ခိုက်ရန် အမြောက်ပစ်ခတ်သည့်နေရာများကိုအသုံးချသွားမည်ဖြစ်သည်။ ထို့ပြင် ဓာတုနှင့် နျူကလီးယားလက်နက်များအပေါ်မှီခိုရန် မလိုဘဲ အမေရိကန်နှင့်တောင်ကိုရီးယားတို့ကို ခြိမ်းခြောက်တိုက်ခိုက်ရန်နည်းလမ်းအဖြစ် အမြောက်လက်နက်များကို အသုံးပြုသွားမည်ဖြစ်သည်။

မြောက်ကိုရီးယားနိုင်ငံသည် ပေါက်ကွဲအားပြင်းယမ်းများနှင့် တောင်ကိုရီးယားပြည်သူများကို တိုက်ခိုက်နိုင်စွမ်းရှိသော ဒုံးကျည်နှင့်အမြောက်ကျည် ၆၀၀၀ ခန့် ပိုင်ဆိုင်ထားရှိကြောင်း၊ အချိန်အတိုအတွင်း တိုက်ခိုက်သည့်တိုင်အောင် တိုက်ခိုက်ခံရသည့်နေရာများတွင် ပျက်စီးဆုံးရှုံးမှုများနိုင်ကြောင်း RAND ကော်ပိုရေးရှင်းက ခန့်မှန်းထားရှိသည်။

အဆိုပါအမြောက်တပ်ရင်းများက တစ်နာရီခန့် ပစ်ခတ်မည်ဆိုလျှင် အမြောက်ကျည် ၁၀၀၀၀၀ ခန့်သည် စက်မှုလုပ်ငန်းများကို တိုက်ခိုက်နိုင်သဖြင့် တောင်ကိုရီးယား၏စီးပွားရေးကို ပျက်စီးဆုံးရှုံးမှုများစွာဖြစ်ပေါ်စေမည်ဖြစ်ကြောင်း၊ ရုတ်ခြည်းတိုက်ခိုက်မှုသည် အမေရိကန်နှင့်တောင်ကိုရီးယားတို့ကို ပျက်စီးဆုံးရှုံးမှုများနှင့်ပြည်သူများကို ကာကွယ်ပေးနိုင်ရန် အခက်အခဲဖြစ်ပေါ်စေမည်ဖြစ်ကြောင်း RAND ကော်ပိုရေးရှင်းက သတိပေးထားသည်။

၎င်းဆန်းစစ်ချက်များသည် ခြိမ်းခြောက်မှုပမာဏကို မီးမောင်းထိုးပြသလျက်ရှိသည့်အတွက် အခြားသောကျွမ်းကျင်ပညာရှင်များက မြောက်ကိုရီးယား၏ အမြောက်စွမ်းဆောင်ရည်များနှင့်စပ်လျဉ်း၍ ကြိုတင်ခန့်မှန်းတွက်ချက်မှုများအပေါ် သတိပေးလျက်ရှိသည်။ မြောက်ကိုရီးယား၏ အမြောက်လက်နက်သည် စွမ်းဆောင်မှုမြင့်မားလျက်ရှိသော်လည်း ပုံဖော်ထားသည့်အတိုင်း ပြိုင်ဘက်ကင်းမဟုတ်ကြောင်း ခေတ်မီစစ်ဆင်ရေးအင်စတီကျူတွင် ဖော်ပြထားသည်။ မြောက်ကိုရီးယားနိုင်ငံသည် တောင်ကိုရီးယားနိုင်ငံသို့ ပစ်ခတ်ရောက်ရှိနိုင်သည့် ၁၇၀ မီလီမီတာ ပဲ့ထိန်းအမြောက် ၁၀၀ လက်နှင့် ၂၄၀ မီလီမီတာ MRLs အမြောက် ၂၀၀ လက်ခန့် ပိုင်ဆိုင်ထားသည်။

သို့သော် မြောက်ကိုရီးယားအမြောက်လက်နက်များသည် တိကျမှုနှင့်ထိရောက်မှု နည်းလျက်ရှိကြောင်း၊ ၂၀၁၀ ပြည့်နှစ်တွင် ယွန်ပြောင်ကျွန်ကိုဗုံးကြဲတိုက်ခိုက်ရာတွင် မြောက်ကိုရီးယားနိုင်ငံသည် အမြောက်ကျည်ဆန် ၄၀၀ ခန့်ပစ်ခတ်ခဲ့သော်လည်း ကျည်ဆန် ၈၀ ခန့်သာ ပစ်မှတ်ကို ထိမှန်ခဲ့ပြီး ကျည်ဆန် ၃၂၀ သည် ပင်လယ်တွင်းသို့ကျရောက်ခဲ့ကြောင်း၊ ပစ်မှတ်ကိုထိမှန်ခဲ့သော ကျည်ဆန် ၈၀ အနက် ၂၀ သည်ပေါက်ကွဲခဲ့ခြင်းမရှိကြောင်း ခေတ်မီစစ်ဆင်ရေးအင်စတီကျူ၌ ဖော်ပြထားသည်။

တောင်ကိုရီးယားနိုင်ငံ၏မြို့ပြပုံစံသည် ပြန့်ကြဲမှု၊ ကွန်ကရစ်အဆောက်အအုံများနှင့် အားဖြည့်တည်ဆောက်ထားခြင်းနှင့် မြောက်ကိုရီးယားခဲယမ်းများ၏ထိရောက်မှုမတိကျခြင်းတို့ကြောင့် တိုက်ခိုက်မှုများအတွင်းဖြစ်ပေါ်လာသော ပျက်စီးဆုံးရှုံးမှုများသည် မျှော်မှန်းထားသလောက်ရှိမည်မဟုတ်ချေ။

မြောက်ကိုရီးယား၏ နျူကလီးယားလက်နက်များသည် ဟန့်တားမှုစွမ်းဆောင်ရည်များ မြင့်တက်နေသည့်အချိန်တွင် မြေပြင်မှမြေပြင်ပစ်ဒုံးကျည်ကဲ့သို့သော သမားရိုးကျလက်နက်များတွင် တောင်ကိုရီးယား၏ရင်းနှီးမြှုပ်နှံမှုသည် နျူကလီးယားမဟုတ်သော စွမ်းဆောင်ရည်ဆက်လက်တိုးမြှင့်မှုကို ပြသလျက်ရှိသည်။ အမေရိကန်၏ နျူကလီးယားထီးရိပ်အပေါ် တောင်ကိုရီးယားနိုင်ငံ၏မှီခိုအားထားမှုသည် မြောက်ကိုရီးယားနိုင်ငံ၏အကန့်အသတ်ဖြင့် ဆောင်ရွက်နေသော ကျူးကျော်တိုက်ခိုက်မှုများနှင့် အန္တရာယ်မြင့်တက်လာမှုတို့အပေါ် တုံ့ပြန်ရန် လုံလောက်မှုရှိမည်မဟုတ်ချေ။

သို့သော် နျူကလီးယားအရှိန်မြင့်တက်လာခြင်းသည် စီးပွားရေး၊ နိုင်ငံရေး၊ လူသားတို့နှင့်စံနှုန်းများဆိုင်ရာပေးစပ်ရမှုကြီးမားသောကြောင့် သမားရိုးကျလက်နက်များဖြင့် တုံ့ပြန်ခြင်းကိုသာ ဦးစားပေးလုပ်ဆောင်လျက်ရှိသည်။ ဟန့်တားမှုအတွက် နျူကလီးယားလက်နက်မျာအပေါ် မှီခိုအားထားခြင်းသည် ဖိအားပေးမှုအတွက် အခွင့်အလမ်းအနည်းငယ်သာရရှိပြီး မဟာဗျူဟာမြောက်ကန့်သတ်ချက်များကိုသာ ဖြစ်ပေါ်စေလျက်ရှိသည်။

ဆိုရလျှင် အမေရိကန်အနေဖြင့် ကိုရီးယားကျွန်းဆွယ်သို့ နျူကလီးယားလက်နက်များ တပ်ဖြန့်ချသွားဖွယ်ရာမရှိပေ။ တပ်ဖြန့်ချထားသည့်တိုင်အောင် လက်တွေ့တာဝန်ထမ်းဆောင်မှုတွင် ကန့်သတ်ချက်များဖြစ်ပေါ်နေဖွယ်ရာရှိသည်။ ထို့ပြင် အမေရိကန်အနေဖြင့် နျူကလီးယားလက်နက်ကို တောင်ကိုရီးယား၏ လိုလာချက်အတိုင်း အသုံးပြုသွားဖွယ်ရာမရှိပေ။

အဆိုပါကန့်သတ်ချက်များကြောင့် တောင်ကိုရီးယားနိုင်ငံ၏ နည်းဗျူဟာမြောက် မြေပြင်မှမြေပြင်ပစ်ဒုံးကျည်သုတေသနပြုတိုးတက်ထုတ်လုပ်မှုသည် သမားရိုးကျ တန်ပြန်တိုက်ခိုက်မှုနှင့် သမားရိုးကျမဟာဗျူဟာတို့နှင့် ကိုက်ညီလျက်ရှိသည်။ အဆိုပါစွမ်းဆောင်ရည်များကို တောင်ကိုရီးယားနိုင်ငံ၏ ဆက်လက်ဆောင်ရွက်မှုသည် နျူကလီးယားဟန့်တားမှုစွမ်းဆောင်ရည်မြှင့်တင်နိုင်ရန် ကြိုးပမ်းမှုကို ထင်ဟပ်ပေါ်လွင်စေလျက်ရှိသည်။

အမေရိကန်ပြည်မကြီးထိ တိုက်ခိုက်နိုင်သည့် မြောက်ကိုရီးယား၏ တိုက်ချင်းပစ်ပဲ့ထိန်းဒုံးကျည်(ICBM)များသည် တောင်ကိုရီးယားနိုင်ငံကို အကာအကွယ်ပေးသွားမည့် အမေရိကန်၏နျူကလီးယားဟန့်တားမှုစွမ်းဆောင်ရည်ကို ပိုမိုယုတ်လျော့လာစေနိုင်ပေသည်။ ထိုသို့သော မသေချာမရေရာမှုများသည် တောင်ကိုရီးယားနိုင်ငံကို ၎င်း၏အမှီအခိုကင်းသောဟန့်တားမှုစွမ်းဆောင်ရည်များ မြှင့်တင်ရန်စွဲဆောင်မှုဖြစ်နိုင်သည့်အတွက် လိုအပ်ပါက မြောက်ကိုရီးယား၏ နျူကလီးယားလက်နက်ကို ကြိုတင်လက်ဦးမှုရယူတိုက်ခိုက်နိုင်သည့် စွမ်းဆောင်ရည်ကို ထိန်းသိမ်းထားနိုင်မည်ဖြစ်သည်။

ရေတိုကာလတွင် သမားရိုးကျဟန့်တားမှုစွမ်းဆောင်ရည်များအပေါ် တောင်ကိုရီးယားနိုင်ငံ၏ အလေးထားမှုသည် နျူကလီးယားခြိမ်းခြောက်မှုအရှိန်မြင့်တက်မှုမရှိဘဲ မြောက်ကိုရီးယား၏စစ်ဘက်အခြေခံအဆောက်အအုံများကို ခြိမ်းခြောက်နိုင်စွမ်းရှိစေမည်ဖြစ်သည်။ မည်သို့ပင်ဆိုစေ ရေရှည်ကာလတွင် နည်းဗျူဟာမြောက်မြေပြင်မှမြေပြင်ပစ်ဒုံးကျည်ကဲ့သို့သော ဖွံ့ဖြိုးတိုးတက်မှုများသည် တောင်ကိုရီးယားနိုင်ငံကို နျူကလီးယားလက်နက်တပ်ဆင်ရေးအတွက် နည်းပညာပိုင်းဆိုင်ရာအုတ်မြစ်များ ချမှတ်နိုင်မည်ဖြစ်သည်။

တောင်ကိုရီးယားနိုင်ငံ၏ နျူကလီးယားအကာအကွယ်မဟာဗျူဟာသည် သမားရိုးကျနှင့် နျူကလီးယားကျည်ထိပ်ဖူးနှစ်မျိုးစလုံး တပ်ဆင်နိုင်သည့် ဒုံးကျည်စနစ်ကို အခြေခံထားခြင်းဖြစ်သည်။ ဆိုလိုသည်မှာ တောင်ကိုရီးယားနိုင်ငံသည် နျူကလီးယားလက်နက်တည်ဆောက်မှုနှင့်စပ်လျဉ်း၍ဖြစ်ပေါ်လာနိုင်သည့်အန္တရာယ်များနှင့် နိုင်ငံရေးဆိုင်ရာပြဿနာများကိုရှောင်ရှားလျက် နျူကလီးယားဟန့်တားမှုအတွက် အသုံးပြုနိုင်သောစွမ်းဆောင်ရည်များကို သေချာစွာတည်ဆောက်လျက်ရှိသည်။

နည်းဗျူဟာမြောက် မြေပြင်မှမြေပြင်ပစ်ဒုံးကျည်တပ်ဖြန့်ချထားမှုသည် တောင်ကိုရီးယား၏ ပြုပြင်ပြောင်းလဲတိုးတက်လာသည့် လုံခြုံရေးတွက်ချက်မှုများကို ထင်ဟပ်စေလျက်ရှိသည်။ အမေရိကန် နျူကလီးယားထီးရိပ်အောက်၌ပင် သမားရိုးကျအဆင့်မြင့် တိုက်ခိုက်ရေးစွမ်းဆောင်ရည်များတွင် တောင်ကိုရီးယားနိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုသည် မဟာဗျူဟာမြောက်လုပ်ပိုင်ဆုံးဖြတ်ခွင့်အတွက် ထက်သန်သောဆန္ဒကိုထင်ဟပ်စေလျက်ရှိသည်။ တောင်ကိုရီးယားဒုံးကျည်သည် မြောက်ကိုရီးယား၏ အမြောက်လက်နက်ခြိမ်းခြောက်မှုများကို နည်းဗျူဟာမြောက်တုံ့ပြန်ရည်ရွယ်ထားသော်လည်း နျူကလီးယားမဟာဗျူဟာနှင့်စပ်လျဉ်း၍ ပိုမိုကျယ်ပြန့်သောသက်ရောက်မှုများရှိလာနိုင်ပေသည်။

**ကိုးကား**

**- South Korea's new missile both bunker buster and nuclear hedgeBy Asia Times.**

**ကမ္ဘာ့ကျန်းမာရေးလောကရှုခင်း**

# ဖိလစ်ပိုင်နိုင်ငံ၏ HIV /AIDSရောဂါထိန်းချုပ်ရေးဆောင်ရွက်မှုများ

HIV/ AIDS ကူးစက်ပျံ့နှံ့မှုတစ်ကျော့ပြန်များပြားလာသည့်ပြဿနာနှင့်ရင်ဆိုင်နေရသော နိုင်ငံများထဲတွင် ဖိလစ်ပိုင်နိုင်ငံလည်း ပါဝင်နေသည်။ ဖိလစ်ပိုင်နိုင်ငံတွင် ၂၀၁၀ ပြည့်နှစ်မှ ၂၀၂၃ ခုနှစ်ကြား HIV ပိုးကူးစက်ပျံ့နှံ့သူဦးရေ ၅၄၃ ရာခိုင်နှုန်းပိုမိုများပြားလာခဲ့သည်။ AIDS ရောဂါအဆင့်ထိရောက်ရှိပြီး သေဆုံးသူဦးရေမှာလည်း ၆၀၀ ရာခိုင်နှုန်း ပိုမိုများပြားလာခဲ့သည်။ ဖိလစ်ပိုင်နိုင်ငံ၏ မကြာသေးမီက နိုင်ငံရေးအပြောင်းအလဲများနောက်ပိုင်းတွင် HIV/AIDS ရောဂါအပေါ် ပြန်လည်အာရုံစိုက်ပြီး ကိုင်တွယ်ဆောင်ရွက်နေကြပုံများကို လေ့လာကြည့်ကြမည်။

ဖိလစ်ပိုင်နိုင်ငံသည် အရှေ့တောင်အာရှဒေသမှ ကျွန်းစုနိုင်ငံတစ်နိုင်ငံဖြစ်သည်။ ကျွန်းပေါင်း ၇၆၄၁ ကျွန်းဖြင့်ဖွဲ့စည်းထားပြီး လူနေထိုင်သည့် ကျွန်းမှာ ၂၀၀၀ ခန့်ရှိသည်။ လူဦးရေ သန်း ၁၁၀ ကျော်ရှိပြီး ကမ္ဘာ့လူဦးရေအများဆုံးအဆင့် ၁၂ ရှိသည့် နိုင်ငံဖြစ်သည်။ ခရစ်ယာန်ဘာသာဝင် ၉၁ ဒသမ ၅ ရာခိုင်နှုန်း၊ အစ္စလာမ်ဘာသာဝင် ၆ ဒသမ ၄ ရာခိုင်နှုန်းနှင့် ဘာသာမဲ့ နှစ်ရာခိုင်နှုန်းရှိပြီး ခရစ်ယာန်ဘာသာဝင်များထဲမှ ကက်သလစ်ခရစ်ယာန်ဘာသာဝင် ၇၈ ဒသမ ၈ ရာခိုင်နှုန်းဖြစ်သည်။ ၂၀၂၂ ခုနှစ်မှာ နိုင်ငံ့ဂျီဒီပီ၏ ၅ ဒသမ ၅ ရာခိုင်နှုန်းကို ကျန်းမာရေးစောင့်ရှောက်မှုများအတွက် အသုံးပြုသည်။ ၂၀၂၃ ခုနှစ်တွင် ဖိလစ်ပိုင်နိုင်ငံသားတစ်ဦး၏ ပျမ်းမျှသက်တမ်းမှာ ၇၀ ဒသမ ၄၈ နှစ်ဖြစ်သည်။

ကက်သလစ်ခရစ်ယာန်ဘာသာဝင်တို့၏ နိုင်ငံဖြစ်၍ လိင်တူလိင်ပြောင်း LGBT များအပေါ် ပြင်းပြင်းထန်ထန်ခွဲခြားဆက်ဆံလေ့ရှိပြီး လိင်ပိုင်းဆိုင်ရာပညာပေးများ၊ ၁၈ နှစ်အောက်လူငယ်များကြား ကွန်ဒုံးဖြန့်ဝေမှုများနှင့် မူးယစ်ဆေးဝါးသုံးစွဲသူများကြား တစ်ခါသုံးဆေးထိုးအပ်များသုံးစွဲနိုင်ရေး ဆောင်ရွက်မှုများကို အများကလက်မခံကြချေ။ သို့သော် မူးယစ်ဆေးဝါးသုံးစွဲသူများကို အဆုံးစီရင်ခဲ့သည့် သမ္မတဒူတာတေးအလွန် ၂၀၂၂ ခုနှစ်မှာ သမ္မတဖြစ်လာသည့် ဖာဒီနန်မားကို့စ်ဂျူနီယာလက်ထက်တွင် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ပိုမိုဆောင်ရွက်လာနိုင်ကြပြီဖြစ်သည်။

၂၀၂၃ ခုနှစ်တွင် သမ္မတသစ်မားကို့စ် ပြောကြားသည့်မိန့်ခွန်းတွင် HIV/ AIDS နှင့် တီဘီရောဂါများဖြစ်ပွားမှုမြင့်တက်လာခြင်းနှင့်ပတ်သက်ပြီး ဖိလစ်ပိုင်လူ့အဖွဲ့အစည်းတစ်ခုလုံးကို သိစေလိုကြောင်း ထည့်သွင်းပြောကြားခဲ့သည်။ ၎င်းရောဂါများစစ်ဆေးခြင်း၊ စောစီးစွာရောဂါရှာဖွေခြင်းနှင့်ကုသခြင်းလုပ်ငန်းများကို မဟာဗျူဟာစီမံချက်များချမှတ်ဆောင်ရွက်မည်ဟုလည်း ကတိပြုခဲ့သည်။ HIV/ AIDS ရောဂါတိုက်ဖျက်ရေးအတွက် ကျန်းမာရေးမူဝါဒနှင့်အသုံးစရိတ်များ ပြင်ဆင်ရေးဆွဲရုံသာမက ဟိုတယ်ခရီးဝန်ကြီးဌာနနှင့် လူမှုဖူလုံရေးဝန်ကြီးဌာနများကဲ့သို့ အစိုးရဝန်ကြီးဌာနများကပါ ပါဝင်ဆောင်ရွက်လုပ်ကိုင်ကြရန် လိုအပ်ကြောင်း ပြောကြားခဲ့သည်။

၂၀၂၃ ခုနှစ်က ဖိလစ်ပိုင်နိုင်ငံအတွင်းAIDS ရောဂါကြောင့် သေဆုံးသူဦးရေ ၂၀၀၀ ခန့်ရှိခဲ့သည်။ ကိုဗစ် ၁၉ ကပ်ဘေးကြောင့် HIV ပိုးရှိသူများ Antiretroviral Therapy (ART) ဆေးမရနိုင်တော့ဘဲ ပြတ်လပ်မှုများဖြစ်ပေါ်ခဲ့ခြင်းကြောင့်လည်း ထိုသို့သေဆုံးမှုများပြားခဲ့ခြင်းဖြစ်သည်။ ၂၀၂၀ ပြည့်နှစ်နှင့် ၂၀၂၁ ခုနှစ်တို့တွင် AIDS လူနာများထားရှိသည့် ကူးစက်ရောဂါဆေးရုံများတွင် လူနာများပြည့်ကျပ်သွားခဲ့သည်။ သုတေသနများအရ ဖိလစ်ပိုင်နိုင်ငံတွင် ဖြစ်ပွားနေသည့် HIV ပိုးမှာ အုပ်စုခွဲ B မှ အုပ်စုခွဲ CRF01–AE အဖြစ်သို့ပြောင်းလဲနေသည်။ ထို HIV အုပ်စုခွဲ CRF01–AE က ပိုးကောင်ရေတိုးပွားမှုအလွန်လျင်မြန်ပြီး AIDS အဆင့်ကိုမြန်မြန်ရောက်သွားစေနိုင်သည်။ Tenofovir ဆေးကိုလည်း ယဉ်ပါးမှုမြန်စေသည်။

ဖိလစ်ပိုင်အမျိုးသား AIDS ကောင်စီသည် ကမ္ဘာ့ HIV ကာကွယ်ရေးပူးပေါင်းအဖွဲ့သို့ ၂၀၂၃ ခုနှစ်တွင် ဝင်ရောက်ခဲ့သည်။ ထိုအဖွဲ့ကြီးမှာ နိုင်ငံပေါင်း ၄၀ အပြင် UNAIDS အဖွဲ့ကြီး၊ အလှူရှင်များနှင့်လူမှုရေးအဖွဲ့အစည်းများဖြင့်ဖွဲ့စည်းထားသည်။ HIV ပိုး ကာကွယ်ရေးအတွက် ပူးပေါင်းဆောင်ရွက်ကြခြင်းဖြစ်သည်။ ဖိလစ်ပိုင်အစိုးရသစ်လက်ထက်တွင် HIV တိုက်ဖျက်ရေးနှင့်ပတ်သက်ပြီး လူမှုအဖွဲ့အစည်းများကြား အချိုးအကွေ့များ ပြောင်းလဲတိုးတက်မှုများ ဖြစ်ပေါ်လာခဲ့သည်။

**❖Global Fund အဖွဲ့ကြီး၏ ၂၀၂၄-၂၀၂၆ ခုနှစ်အတွက် HIV/AIDS တိုက်ဖျက်ရေးရန်ပုံငွေ အမေရိကန်ဒေါ်လာ ၂၇ သန်း ၏ ၃၀ ရာခိုင်နှုန်းမှာ ဖိလစ်ပိုင်နိုင်ငံအတွက် လျာထားသည်။ ထိုရန်ပုံငွေများဖြင့် HIV ထိန်းချုပ်ရေးစီမံချက်များ ပြုလုပ်ကြမည်ဖြစ်သည်။ ဥပမာ လူငယ်အများစုရှိတတ်သည့် ရုံး၊ ဌာနများ၊ အားကစားကွင်း စသည်တို့မှာ HIV/AIDS ရောဂါအကြောင်း သင်တန်းပေးထားသည့်ဝန်ထမ်းများက ကျန်းမာရေးအသိပညာပေးကြမည်ဖြစ်သည်။ ၂၀၂၃ ခုနှစ်တွင် ဖိလစ်ပိုင်နိုင်ငံ၌ "ကားရပ်ပြီး သွေးစစ်" (Park and test) အမည်ရသည့် HIV ပိုးစစ်ဆေးမှုပုံစံတစ်မျိုးတီထွင်ခဲ့သည်။ ❖**

ကမ္ဘာတစ်ဝန်းလုံးအနေနှင့် ခြုံငုံကြည့်လျှင်HIV ပိုးကူးစက်မှုနှင့် AIDS ရောဂါကြောင့်သေဆုံးမှုများက ကျဆင်းလျက်ရှိသည်။ သို့သော် ဖိလစ်ပိုင်နိုင်ငံတွင် HIV ပိုးကူးစက်မှုမြင့်တက်နေသည်။ ၂၀၂၃ ခုနှစ်တွင် ဖိလစ်ပိုင်နိုင်ငံအတွင်း HIV ပိုးရှိသူဦးရေ ၁၉၀၀၀၀ ရှိခဲ့ပြီး ၂၀၂၄ ခုနှစ်တွင် ဦးရေ ၂၁၅၄၀၀ ဖြစ်လာခဲ့သည်။ လိင်တူဆက်ဆံသူအမျိုးသားများ၊ လိင်လုပ်သားများ၊ အကျဉ်းသားများ၊ အမျိုးသမီးအဖြစ် လိင်ပြောင်းထားသူများ (Transgender women)၊ မူးယစ်ဆေးကို အကြောတွင်းထိုးသွင်းသူများက HIV ပိုးကူးစက်ခံရနိုင်ခြေ အလားအလာပိုများသည်။ ထိုအုပ်စုဝင်များ၏ HIV ပိုးစစ်ဆေးမှုနှုန်းကလည်း ၃၁ ရာခိုင်နှုန်းသာရှိသည်။

HIV ပိုးသည် လိင်ဆက်ဆံရာမှ အဓိကကူးစက်သည့်ရောဂါဖြစ်သည်။ လိင်ဆက်ဆံမှုမပြုသေးသည့် အရွယ်လူငယ်များကို ကျန်းမာရေးနှင့်ကိုက်ညီသည့် လိင်ဆက်ဆံမှုအပြုအမူများကို အသိပညာပေးထားသင့်သည်။ ဖိလစ်ပိုင်နိုင်ငံ၏ အခြေခံပညာကျောင်းများတွင် ကွန်ဒုံးများဖြန့်ဝေခြင်းကို ခွင့်ပြုမထားပေ။ အသက် ၁၅ နှစ်မှ ၁၈ နှစ်ကြား လူငယ်များကို မိဘများ၏ခွင့်ပြုချက်မပါဘဲ HIV ပိုးရှိ၊ မရှိ သွေးစစ်ဆေးခွင့်ကို ၂၀၁၈ ခုနှစ်က ဥပဒေပြဋ္ဌာန်းပြီးခွင့်ပြုခဲ့သည်။ သို့သော် ထိုဥပဒေက လက်တွေ့တွင်အသက်မဝင်ပါ။ ဖိလစ်ပိုင်နိုင်ငံလူ့အဖွဲ့အစည်းက ခွင့်မပြုခြင်းကြောင့်ဖြစ်သည်။

Global Fund အဖွဲ့ကြီး၏ ၂၀၂၄–၂၀၂၆ ခုနှစ်အတွက် HIV/ AIDS တိုက်ဖျက်ရေးရန်ပုံငွေ အမေရိကန်ဒေါ်လာ ၂၇ သန်း၏ ၃၀ ရာခိုင်နှုန်းမှာ ဖိလစ်ပိုင်နိုင်ငံအတွက် လျာထားသည်။ ထိုရန်ပုံငွေများဖြင့် HIV ထိန်းချုပ်ရေးစီမံချက်များ ပြုလုပ်ကြမည်ဖြစ်သည်။ ဥပမာ လူငယ်အများစုရှိတတ်သည့် ရုံး၊ ဌာနများ၊ အားကစားကွင်း စသည်တို့မှာ HIV/ AIDS ရောဂါအကြောင်း သင်တန်းပေးထားသည့်ဝန်ထမ်းများက ကျန်းမာရေးအသိပညာပေးကြမည်ဖြစ်သည်။

၂၀၂၃ ခုနှစ်တွင် ဖိလစ်ပိုင်နိုင်ငံ၌ "ကားရပ်ပြီး သွေးစစ်" (Park and test) အမည်ရသည့် HIV ပိုးစစ်ဆေးမှုပုံစံတစ်မျိုးတီထွင်ခဲ့သည်။ ဆေးခန်းသို့လာရန် ရှက်သူ၊ ကြောက်သူများအတွက် ကားထဲတွင်ထိုင်နေရသည်။ ဆေးခန်းမှ ဝန်ထမ်းတစ်ဦးက ကားဆီအရောက်သွားပြီး လက်ထိပ်ကိုအပ်ဖျားနှင့်ဖောက်ပြီး HIV ပိုးရှိ၊ မရှိသွေးစစ်ဆေးပေးမည့်အစီအစဉ်ဖြစ်သည်။

"Love Yourself" အမည်ရသည့် ဖိလစ်ပီနိုလူမှုရေးအဖွဲ့အစည်းတစ်ခုသည် HIV ပိုးနှင့်ပတ်သက်ပြီး ဆေးစစ်ပေးခြင်း၊ ကုသမှုပေးခြင်းနှင့် နှစ်သိမ့်ဆွေးနွေးပေးခြင်းများကို အခမဲ့ပြုလုပ်ပေးသည့်အဖွဲ့အစည်းတစ်ခုဖြစ်သည်။ ကာယကံရှင်တစ်ဦးတည်း HIV ပိုးစစ်ဆေးနိုင်သည့်Test kits များ အခမဲ့ဖြန့်ဝေပေးသည်။ Pre-Exposure Prophylaxis (PrEP) ခေါ်သည့် HIV ကာကွယ်ဆေးများကိုလည်း အခမဲ့ဖြန့်ဝေပေးသည်။ အခုတော့ PrEP က ထိုးဆေးအဖြစ်ပေါ်လာပြီ။ ထိုးဆေးက သောက်ဆေးကဲ့သို့ နေ့တိုင်းမှီဝဲနေရန်မလိုပေ။ ခြောက်လလျှင်တစ်ကြိမ် ထိုးနှံရုံဖြင့်လုံလောက်သည်။ မိမိအိမ်ထောင်ဖက်တွင် HIV ပိုးရှိနေလျှင် PrEP သောက်ဆေးများကို နေ့စဉ်မှီဝဲခြင်းဖြင့် ကာကွယ်ထားနိုင်ကြသည်။ သို့သော် သောက်ဆေးက ဆေးသောက်ရန်မေ့သွားတတ်သည်။ ဆေးပြတ်လပ်သွားခြင်းမျိုးရှိတတ်သည်။ PrEP ထိုးဆေးတွင် ထိုအခက်အခဲမျိုးမရှိနိုင်ပေ။ ကရိကထနည်းသွားမည်။ ရရှိထားသည့်ရန်ပုံငွေများအရဆိုလျှင် ဖိလစ်ပိုင်နိုင်ငံတွင် မကြာခင် PrEP ထိုးဆေးများရရှိလာနိုင်သည် ဟုဆိုသည်။

ဖိလစ်ပိုင်နိုင်ငံတွင် တစ်ဦးချင်း HIV စစ်ဆေးမှု (Self–test) နှင့်ပတ်သက်ပြီး စစ်တမ်းတစ်ခုပြုလုပ်ခဲ့သည်။ လိင်တူဆက်ဆံသူအမျိုးသားများ၊ အမျိုးသမီးအသွင်သို့ လိင်ပြောင်းထားသည့် အမျိုးသားများ (Transgender Women) ကြား Self–test kit အခု ၃၀၀၀ ဖြန့်ဝေပြီး စစ်ဆေးစေသည်။ ထိုအခါ HIV ပိုးတွေ့ရှိမှုနှုန်းက ခြောက်ရာခိုင်နှုန်းဖြစ်သည်။ ဆေးရုံ၊ ဆေးခန်းများတွင် လာရောက်စစ်ဆေးသူများတွင် HIV ပိုးတွေ့ရှိမှုက နှစ်ရာခိုင်နှုန်းသာရှိသည်။ ထို့ကြောင့် HIV/ AIDS ထိန်းချုပ်ရေးအတွက် လတ်တလောအရေးတကြီးဆောင်ရွက်သင့်သည်က Self–test kit နှင့် PrEP ထိုးဆေးတို့ရရှိနိုင်ရေးဖြစ်သည်။

ဖိလစ်ပိုင်နိုင်ငံတွင် လူနေထိုင်သည့် ကျွန်းပေါင်း ၂၀၀၀ ကျော်ရှိသည်။ ပြင်းထန်သည့်ရာသီဥတုနှင့် သွားလာမှုခက်ခဲခြင်းများကြောင့် ကျန်းမာရေးစောင့်ရှောက်မှုအတွက် စိန်ခေါ်မှုများဖြစ်သည်။ ဖိလစ်ပိုင်နိုင်ငံတွင် တိုင်ဖွန်းမုန်တိုင်းများ မကြာခဏဖြစ်သည်။ ကျန်းမာရေးဌာနများဆီ သွားရောက်နိုင်ရန် ကန့်သတ်ချက်များရှိနေသည်။

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်လက်ထက်တွင် UNAIDS အဖွဲ့ကြီးနှင့် AIDS ရောဂါတိုက်ဖျက်ရေးအတွက် အမေရိကန်သမ္မတ၏ အရေးပေါ်အစီအမံရန်ပုံငွေများလျှော့ချလိုက်သည်။ အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က ကမ္ဘာလုံးဆိုင်ရာပြည်သူ့ကျန်းမာရေးလုပ်ငန်းဆောင်ရွက်ချက်များကို ဦးစားပေးအဆင့်နှိမ့်ချလိုက်ခြင်းဖြစ်သည်။ ယနေ့ ကမ္ဘာ့လူသားများ ကျန်းမာရန်က ကမ္ဘာ့နိုင်ငံများပူးပေါင်းဆောင်ရွက်ကြရမည့်အခြေအနေဖြစ်သည်။ တစ်နိုင်ငံတည်းကွက်ကျန်ရစ်ခဲ့၍မရသကဲ့သို့ တစ်နိုင်ငံတည်းချွန်ပြီးဆောင်ရွက်နေလျှင်လည်း မျှော်မှန်းသလောက်အောင်မြင်မည်မဟုတ်ပါ။ ဖိလစ်ပိုင်နိုင်ငံ၏ HIV/ AIDS တိုက်ဖျက်ရေးကဏ္ဍသည်လည်း အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်၏လုပ်ဆောင်ချက်များကြောင့် ထိခိုက်သွားနိုင်သည်ဟု သုံးသပ်နေကြသည်။

မိမိတို့နိုင်ငံအနေဖြင့်လည်း HIV/ AIDS ရောဂါနှင့်ပတ်သက်ပြီး ကျန်းမာရေးအသိပညာပေးမှု၊ လူမှုအဖွဲ့အစည်းများ၏ ကူညီဆောင်ရွက်နိုင်မှု၊ Self–test kits များ တွင်တွင်ကျယ်ကျယ်ရရှိနိုင်မှု၊ HIV ပိုးကူးစက်ပျံ့ပွားမှုအခြေအနေမှန်နှင့် PrEPဆေးဝါးများ အခမဲ့ရရှိနိုင်မှုအခြေအနေများသည် နိုင်ငံ၏ HIV/ AIDS ရောဂါတိုက်ဖျက်ရေးအတွက် အရေးကြီးသည့် အခန်းကဏ္ဍများဖြစ်သည်။ ဖိလစ်ပိုင်နိုင်ငံ၏ HIV/ AIDS ရောဂါတိုက်ဖျက်ရေးလုပ်ငန်းများကို သင်ခန်းစာဖော်ထုတ်ပြီး မိမိတို့နိုင်ငံအတွက် စံနမူနာကောင်းများရယူနိုင်ကြရန်လိုအပ်ကြောင်း ရေးသားလိုက်ရပါသည်။

**ကိုးကား**

– A new era for HIV in the Philippines? by Sharmila Devi from Lancet Feb,2025

**ဒေါက်တာလွှမ်းမိုးဟန်**

**ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများကို ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportalစာရင်း**

၁။ ကာကွယ်ရေးဝန်ကြီးဌာန (https://www.mod.gov.mm)
၂။ ဥပဒေရေးရာဝန်ကြီးဌာန (https://www.mlis.gov.mm)
၃။ ပြန်ကြားရေးဝန်ကြီးဌာန (https://www.moi.gov.mm)
၄။ Myawady Webportal (https://myawady.net.mm)
၅။ Myanmar National Portal (https://myanmar.gov.mm)

## တောင်အာဖရိကနိုင်ငံနှင့်ဘော့ဆွာနာနိုင်ငံနယ်ခြားတွင် ရေကြီးရေလျှံမှုကြောင့် ဆိပ်ကမ်းငါးခုကို ယာယီပိတ်ထား



**ပရီတိုးရီးယား မတ် ၄**

တောင်အာဖရိကနိုင်ငံနှင့် ဘော့ဆွာနာနိုင်ငံနယ်ခြား ရေကြီးရေလျှံမှု ဖြစ်ပေါ်နေသည့်အတွက် နယ်နိမိတ်ချင်း ထိစပ်နေသော ဆိပ်ကမ်းငါးခုကို မတ် ၃ ရက်မှ စတင်၍ ယာယီပိတ်ထားကြောင်း တောင်အာဖရိကအစိုးရ အေဂျင်စီဖြစ်သည့် Border Management Authority (BMA) အဖွဲ့အစည်းက ထုတ်ပြန်သွားခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

ရေကြီးရေလျှံမှုကြောင့် ရေကြောင်းခရီးစဉ်များ ပြေးဆွဲရေးမှာ အန္တရာယ်ရှိနိုင်သည့်အတွက် ဆိပ်ကမ်းငါးခုကို ယာယီပိတ်ထားခြင်းလည်း ဖြစ်ပြီး ယာယီပိတ်ထားသည့် ဆိပ်ကမ်းငါးခုမှာ ပွန်ဒရစ်ဆိပ်ကမ်း၊ မက်ဂိုဘီစတက်ဆိပ်ကမ်း၊ ဂရိုဘာလာ စဘရစ်ချ်ဆိပ်ကမ်း၊ ဘရေး ဆိပ်ကမ်းနှင့် စတော့ပေါ့ဆိပ်ကမ်း တို့ဖြစ်ကြောင်း၊ ယာယီပိတ်ထားသော ဆိပ်ကမ်းမြို့များတွင် နေထိုင်သည့် ဒေသခံများအတွက် ကယ်ဆယ်ရေး လုပ်ငန်းများနှင့် ကျန်းမာရေးစောင့်ရှောက်မှုအတွက်ကိုလည်း လင်မ်ပိုပိုဒေသရှိ အရေးပေါ်စီမံခန့်ခွဲရေးအဖွဲ့အစည်းကို တာဝန်ပေးထားကြောင်း Border Management Authority (BMA) အဖွဲ့အစည်းက ထုတ်ပြန်သွားခဲ့သည်။

" ရေကြီးရေလျှံမှုကြောင့် ဆိပ်ကမ်းငါးခုမှာ ရေကြောင်းခရီးစဉ်တွေ၊ ကုန်သွယ်မှုတွေအတွက် အန္တရာယ်ရှိနိုင်သလို ဆိပ်ကမ်းကို ပုံမှန်လည်ပတ်ဖို့အတွက် ခက်ခဲနေတယ်။ ဒါကြောင့် ဆိပ်ကမ်းငါးခုစလုံးကို မတ် ၃ ရက်ကနေ ယာယီပိတ်ထားပါတယ်။ စတော့ပေါ့ဆိပ်ကမ်းကတော့ အန္တရာယ်အများဆုံးဖြစ်တဲ့အတွက် ဆိပ်ကမ်းတစ်ခုလုံးကို ကာလရှည်ပိတ်ထားရမဲ့ အခြေအနေဖြစ်နေတယ်" ဟု BMA အဖွဲ့အစည်း၏ ကော်မရှင်နာဖြစ်သူ မာစီယာပါတိုက ပြောကြားသွားခဲ့သည်။

Ref : Russia Today
Trs : Sai Sat

## ဖိလစ်ပိုင်နိုင်ငံတွင် အပူချိန်ပြင်းထန်မှုကြောင့် စာသင်ကျောင်းများကို ပိတ်ထားရ

**မနီလာ မတ် ၄**

ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့တွင် အပူချိန်ပြင်းထန်မှုများ ဖြစ်ပေါ်နေသဖြင့် မတ် ၃ ရက်မှစ၍ စာသင်ကျောင်းများကို ပိတ်ထားရကာ ကျောင်းသားပေါင်း ၂ ဒသမ ၈ သန်းခန့် ကျောင်းတက်ရောက်နိုင်ခြင်းမရှိကြောင်း သက်ဆိုင်ရာ အာဏာပိုင်များ၏ မတ် ၃ ရက် ထုတ်ပြန်ချက်များကို ကိုးကား၍ ယနေ့သတင်းများတွင် ဖော်ပြထားသည်။

အပူချိန်မြင့်တက်လာခြင်းနှင့် ဒေသတွင်းခြောက်သွေ့လာသော အခြေအနေများကြောင့် အပူချိန်ညွှန်းကိန်းသည် အန္တရာယ်ရှိသောအဆင့်သို့ ရောက်ရှိလာသဖြင့် ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့၏ စာသင်ကျောင်းတစ်ဝက်ခန့်ကို မတ် ၃ ရက်တွင် ပိတ်ထားခဲ့ရပြီး အပူကြောင့် ကြွက်တက်ခြင်း၊ ပင်ပန်းနွမ်းနယ်ခြင်းတို့ ဖြစ်ပေါ်နိုင်ကြောင်း အမျိုးသားမိုးလေဝသဌာနက သတိပေးချက်ထုတ်ပြန်ခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

မနီလာမြို့အပူချိန်သည် မတ် ၃ ရက်တွင် ၃၃ ဒီဂရီစင်တီဂရိတ်ရှိခဲ့သော်လည်း တာဝန်ရှိသူများက ကျောင်းသားများ အပူဒဏ်အန္တရာယ်မှ ကာကွယ်ရန် စာသင်ကျောင်းများကို ကြိုတင်ပိတ်ခဲ့ခြင်းဖြစ်ကြောင်း သိရပြီး မာလာဘွန်ခရိုင်တစ်ခုတည်းတွင် စာသင်ကျောင်းပေါင်း ၄၂ ကျောင်းကို ပိတ်ထားခဲ့ပြီး ကျောင်းသား၊ ကျောင်းသူ ၆၈၀၀၀ ကျော် ကျောင်းတက်ရောက်နိုင်ခြင်း မရှိဘဲ ဗာလန်ဇွဲလာခရိုင်တွင်မူ ကျောင်းသားများကို အွန်လိုင်းမှ သင်ကြားခြင်းများ ဆောင်ရွက်ခဲ့ရကြောင်း သိရသည်။

ဖိလစ်ပိုင်နိုင်ငံတွင် ယခင်နှစ်ကလည်း အလားတူအပူချိန်မြင့်တက်မှုကြောင့် စာသင်ကျောင်းများ မကြာခဏပိတ်ရသည့်ဖြစ်စဉ်များဖြစ်ပွားခဲ့ပြီး ၂၀၂၄ ခုနှစ်တွင် ကမ္ဘာ့ တစ်ဝှမ်းရှိကလေးပေါင်း ၂၄၂ သန်း အပေါ် ထိခိုက်မှုများဖြစ်ပေါ်စေခဲ့ကြောင်း ယူနီဆက်၏ အစီရင်ခံစာတစ်စောင်တွင် ဖော်ပြထားကြောင်း သိရသည်။

Ref : Russia Today
Trs : AZH

## ဂျပန်နိုင်ငံတွင် တောမီးလောင်ကျွမ်းမှုကြောင့် ဒေသခံများဘေးလွတ်ရာသို့ ရွှေ့ပြောင်းနေရပြီး မီးသတ်သမား ၂၀၀၀ ကျော်ဖြင့် မီးငြိမ်းသတ်နေ

**တိုကျို မတ် ၄**

ဂျပန်နိုင်ငံမြောက်ပိုင်း အိုင်ဝါတီစီရင်စုရှိ အိုဖူနာတိုမြို့အနီးတွင် လွန်ခဲ့သောသီတင်းပတ်မှ စတင်၍ လောင်ကျွမ်းလျက်ရှိသောတောမီးသည် ဆက်လက်ကူးစက် လောင်ကျွမ်းလျက်ရှိသဖြင့် ဒေသခံအများအပြား ဘေးလွတ်ရာသို့ ရွှေ့ပြောင်းနေရပြီး အစိုးရက မီးသတ်သမား အင်အား ၂၀၀၀ ကျော်ဖြင့် တောမီးငြိမ်းသတ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း မီးသတ်နှင့် သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲရေးအေဂျင်စီက မတ် ၃ ရက် ထုတ်ပြန်ချက်များကို ကိုးကား၍ ယနေ့သတင်းများတွင်ဖော်ပြထားသည်။

အိုင်ဝါတီစီရင်စုတွင် လောင်ကျွမ်းလျက်ရှိသော တောမီးသည် ဆယ်စုနှစ်သုံးခုအတွင်း အကြီးမားဆုံး တောမီးလောင်ကျွမ်းမှုဖြစ်ပြီး လွန်ခဲ့သောသီတင်းပတ် ဖေဖော်ဝါရီ ၂၇ ရက်မှ စတင်လောင်ကျွမ်းလျက်ရှိရာ တောမီးကို ထိန်းချုပ်နိုင်ခြင်းမရှိသေးဘဲ ဧက၅၂၀၀ ကျော်ထိ လောင်ကျွမ်းခဲ့ပြီး လူတစ်ဦး သေဆုံးခဲ့ကြောင်း ဂျပန်နိုင်ငံ မီးသတ်နှင့်သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲရေးအေဂျင်စီ၏ ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။



တောမီးလောင်ကျွမ်းမှု ဆက်လက် ဖြစ်ပေါ်နေသဖြင့် လူပေါင်း ၄၆၀၀ ခန့်ကို ဘေးလွတ်ရာသို့ ရွှေ့ပြောင်းရန် အစိုးရက အမိန့်ထုတ်ပြန်ထားပြီးနောက် လူပေါင်း ၁၂၀၀ ကျော်သည် ကယ်ဆယ်ရေးစခန်းများသို့ ရွှေ့ပြောင်းခဲ့ကြပြီး တောမီးလောင်ကျွမ်းမှုကို ငြိမ်းသတ်ရန် တိုကျိုအပါအဝင် စီရင်စု ၁၄ စုမှ မီးသတ်သမား ၂၀၀၀ ခန့်နှင့် ရဟတ်ယာဉ် ၁၆ စီးထက်မနည်း မီးငြိမ်းသတ်ရေးလုပ်ငန်းများတွင် အသုံးပြုဆောင်ရွက်လျက်ရှိပြီး တောမီးလောင်ကျွမ်းမှုကြောင့် အဆောက်အအုံ ၈၀ ကျော် ပျက်စီးခဲ့ပြီး အသေးစိတ် အချက်အလက်များကို ဆက်လက်စုံစမ်းနေဆဲဖြစ်ကြောင်း မီးသတ်နှင့် သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲရေးအေဂျင်စီ၏ ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

Ref : Sputnik News
Trs : AZH

## ကမ္ဘောဒီးယားနိုင်ငံ ရေထုအရင်းအမြစ်လုံခြုံရေးကို တောင်ကိုရီးယားနိုင်ငံက ကူညီသွားမည်

**ဖနွမ်းပင် မတ် ၄**

ကမ္ဘောဒီးယားနိုင်ငံ၏ ရေထုအရင်းအမြစ် လုံခြုံမှုအတွက် တောင်ကိုရီးယား ရေထုအရင်းအမြစ် ကော်ပိုရေးရှင်းဖြစ်သော (K-water) က ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ် ဟွန်မန်နက်တို့ ဖနွမ်းပင်တွင် တွေ့ဆုံဆွေးနွေးခဲ့ပြီး ပူးပေါင်းဆောင်ရွက်ရန် သဘောတူညီချက် ရရှိခဲ့ကြောင်း ဝန်ကြီးချုပ်ဟွန်မန်နက်က ထုတ်ပြန်သွားခဲ့ကြောင်း ယနေ့သတင်းများတွင် ဖော်ပြထားသည်။

ကမ္ဘောဒီးယားနိုင်ငံတွင် ရာသီဥတုပြောင်းလဲမှုကြောင့် သောက်သုံးရေလုံလောက်မှု မရှိသည့် ပြဿနာဖြစ်ပြီး ရင်ဆိုင်နေရပြီး သောက်သုံးရေအတွက်လည်း မဲခေါင်မြစ်ဝှမ်းကို အားထားနေရကာ မဲခေါင်မြစ်ဝှမ်းမှ ရေအရင်းအမြစ်ကို နိုင်ငံ ၆ နိုင်ငံက ခွဲဝေသုံးစွဲနေရပြီး မဲခေါင်မြစ်ဝှမ်းပေါ် အဓိကမှီခိုနေရသည့် ကမ္ဘောဒီးယားနိုင်ငံအတွက် ရေထုအရင်းအမြစ် လုံခြုံမှုမရှိသည့် အခြေအနေဖြင့် ရင်ဆိုင်နေရကြောင်း၊ ရေထုအရင်းအမြစ်နှင့် ပတ်သက်သည့် သဘာဝဘေးဒဏ်များအတွက် ကာကွယ်ရေး အစီအစဉ်များကိုလည်း ကူညီပေးသွားမည်ဖြစ်ပြီး ရေထုအရင်းအမြစ်နှင့်ပတ်သက်၍ သုတေသနလုပ်ငန်းများဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ တောင်ကိုရီးယား ရေထုအရင်းအမြစ် ကော်ပိုရေးရှင်းဖြစ်သော (K-water) သည် မဲခေါင်မြစ်ဝှမ်း-စတန်ဆန်မြစ်ဝှမ်းရေထုအရင်းအမြစ်လုံခြုံရေးပရောဂျက်ကို တာဝန်ယူဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး ကမ္ဘောဒီးယားနိုင်ငံ၏ ရေထုအရင်းအမြစ် စိန်ခေါ်မှုများကို ဖြေရှင်းပေးသွားမည်ဖြစ်ကြောင်း သိရသည်။

“ကမ္ဘောဒီးယားနိုင်ငံရဲ့ ရေထုအရင်းအမြစ် လုံခြုံမှုအတွက် ကမ္ဘောဒီးယားနိုင်ငံနဲ့ ပူးပေါင်းဆောင်ရွက်သွားမှာဖြစ်ပါတယ်။ မဲခေါင်မြစ်ဝှမ်း-စတန်ဆန်မြစ်ဝှမ်း ရေထုအရင်းအမြစ်လုံခြုံရေးပရောဂျက်ကို အမြန်ဆုံးအကောင်အထည်ဖော်ဆောင်ရွက်သွားမှာပါ” ဟု K-water ၏ အမှုဆောင်အရာရှိချုပ်ဖြစ်သူ ယန်စီယိုဒယ်က ပြောကြားသွားခဲ့သည်။

Ref : Russia Today
Trs : Sai Sat

## အင်ဒိုနီးရှားနိုင်ငံ အနောက်ဂျာဗားပြည်နယ်တွင် ဖေဖော်ဝါရီလအတွင်း ငလျင်အကြိမ်ရေ ၉၈ ကြိမ်ထိ လှုပ်ခတ်မှုဖြစ်ပွား

**ဂျကာတာ မတ် ၄**

အင်ဒိုနီးရှားနိုင်ငံ အနောက်ဂျာဗားပြည်နယ်တွင် ပြီးခဲ့သော ဖေဖော်ဝါရီလအတွင်း ငလျင်အကြိမ်ရေ ၉၈ ကြိမ်ထိ လှုပ်ခတ်မှုဖြစ်ပွားခဲ့ကြောင်း Meteorology, Climatology, and Geophysics Agency (BMKG) က ထုတ်ပြန်သွားခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြသွားခဲ့သည်။

လှုပ်ခတ်ခဲ့သော ငလျင် ၉၈ ကြိမ်တွင် အများစုမှာ ကီလိုမီတာ ၆၀ ထက်နည်းသော အကွာအဝေးမှ ဗဟိုပြုလှုပ်ခတ်ခဲ့ခြင်းလည်း ဖြစ်ပြီး လှုပ်ခတ်ခဲ့သော ငလျင်များအနက် ပြင်းအားအမြင့်ဆုံး ငလျင်မှာ ၄ ဒသမ ၅ မဂ္ဂနီကျူးရှိခဲ့ပြီး အားအပျော့ဆုံးသော ငလျင်မှာ ပြင်းအား ၁ ဒသမ ၁ မဂ္ဂနီကျူးရှိခဲ့ပြီး ဖေဖော်ဝါရီ ၂၀ ရက်တွင် စံချိန်တင် ငလျင်လှုပ်ခတ်မှုအဖြစ် တစ်ရက်တည်း ငလျင် ၈ ကြိမ်ထိ လှုပ်ခတ်ခဲ့ကာပြင်းအား ၄ ဒသမ ၅ မဂ္ဂနီကျူးရှိကြောင်း အင်ဒိုနီးရှား သက်တမ်းတစ်လျှောက် ငလျင်အကြိမ်ရေ အများဆုံးလှုပ်ခတ်ခဲ့သော ဖေဖော်ဝါရီလဖြစ်ခဲ့ကြောင်း Meteorology, Climatology, and Geophysics Agency (BMKG) က ထုတ်ပြန်သွားခဲ့သည်။

“ဖေဖော်ဝါရီလအတွင်း ငလျင် ၉၈ ကြိမ်ထိ လှုပ်ခတ်မှုဖြစ်ပွားခဲ့ပါတယ်။ ငလျင်လှုပ်ခတ်မှုအကြိမ်ရေ အများဆုံးဖေဖော်ဝါရီလဖြစ်ခဲ့ပါတယ်။ လှုပ်ခတ်ခဲ့တဲ့ ငလျင်တွေအနက် ပြင်းအားအများဆုံး ငလျင်ပမာဏမှာ ၄ ဒသမ ၅ မဂ္ဂနီကျူးရှိခဲ့ပြီး ပြင်းအားအနည်းဆုံးငလျင်မှာ ၁ ဒသမ ၁ မဂ္ဂနီကျူးရှိခဲ့ပါတယ်”ဟု BMKG မှ ပြောရေးဆိုခွင့်ရှိသူ တီဂူရာဟာယူက ပြောကြားသွားခဲ့သည်။

Ref : Sputnik News
Trs : Sai Sat

# ကြေညာချက်အား ပြန်လည်ရုတ်သိမ်းခြင်း

ဒေါ်နိုင်မော် (ဘ) ဦးတင်နိုင်(၉/ပကခ(နိုင်)၀၃၅၅၉၃)မှ ပိုင်ဆိုင်သော မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဆ)ရပ်ကွက်၊ အကွက်အမှတ်(၈၈-၃)၊ ဦးပိုင်အမှတ်(၂၅)၊ ဧရိယာ(၄၀x၆၀)ပေအတွင်းမှ မြောက်ဘက်ခြမ်း၊ ဧရိယာ(၁၈x၆၀)ပေ အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ၃-၃-၂၀၂၅ ရက်နေ့တွင် ဦးပြည့်ဖြိုးအောင်(၅/မရန(နိုင်)၁၉၄၆၄၃)အား အပြီးအပိုင်ရောင်းချပြီးဖြစ်ပါသည်။

သို့ပါ၍ ၁၁-၁-၂၀၂၅ ရတနာပုံသတင်းစာ စာမျက်နှာ-၃၁ တွင်ပါရှိသော ကြော်ငြာအား ကျွန်မဒေါ်နိုင်မော်(၉/ပကခ(နိုင်)၀၃၅၅၉၃)မှ ပြန်လည်ရုတ်သိမ်းကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

ဒေါ်နိုင်မော်(၉/ပကခ(နိုင်)၀၃၅၅၉၃)
(၈၈-၄/၅၆၊ (ဆ)ရပ်ကွက်၊
ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။
09-446855959

# အမည်ပြောင်း

မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ်၊ မဟာကိုယ်ပိုင် အထက်တန်းကျောင်း၊ Grade-4 တွင် ပညာသင်ကြားနေသော (ဘ) ဦးထက်အောင်ဝေ၏သား မောင်ဇင်မင်းသန့်အား မောင်သက်ဦးဇော်ဟု အမည်ပြောင်းလဲခေါ်ဆိုပါရန်။

မောင်သက်ဦးဇော်


COVID-19 ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်

ဂရိတ်ဖရုသီးသည် ကင်ဆာဖြစ်စေသောအင်ဇိုင်းကို ဟန့်တားပေးသည်။ ဆေးလိပ်ဖြတ်ပြီးနောက်ပိုင်း အဆုတ်သန့်ရှင်းရေးအတွက် အထူးကောင်းမွန်သည်။




လူကုန်ကူးခံရသူများအနေဖြင့် အကူအညီနှင့်အားပေးမှုများ
လိုအပ်သည်ဟု ခံစားနေရပါက
သတင်းအချက်အလက်မျှဝေရာစင်တာသို့
ဆက်သွယ်နိုင်ပါသည်။

ဆက်သွယ်ရန်လိပ်စာ - လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
ပြန်လည်ထူထောင်ရေးဦးစီးဌာန
အမှတ်(၆၅)၊ ကျိုက်ဝိုင်းဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
ဆက်သွယ်ရမည့်ဖုန်း - ၀၁-၆၆၆၆၁၉ (ရုံးချိန်အတွင်း)

**အဖိုးတန်**
**ရေချိုကို**
**ချွေတာပါ**

# အများပြည်သူသို့ အသိပေးကြေညာချက်

၁။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သည် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးလုပ်ငန်းများကို ထိရောက်စွာအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ကော်မရှင်အပါအဝင် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများတွင် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါသည်။

၂။ ကော်မရှင်အနေဖြင့် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများ၏ ကြီးကြပ်မှုအောက်ရှိ အများပြည်သူနှင့်ဆက်သွယ်ဆောင်ရွက်လျက်ရှိသော ရုံး/ဌာနများတွင် ဝန်ဆောင်မှုရယူခဲ့ကြသော ပြည်သူများ၏ တယ်လီဖုန်းများသို့ Short Code နံပါတ် "1111" အသုံးပြု၍ SMS မှတစ်ဆင့် မေးခွန်းများမေးမြန်းခြင်းနှင့် တုံ့ပြန်မှုရယူခြင်းအစီအစဉ် (Public Feedback Programme-PFP) ကိုအသုံးပြုဆောင်ရွက်လျက်ရှိပါသည်။

၃။ အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်အရ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများထံမှ Short Code နံပါတ် "1111" ဖြင့် ဝန်ဆောင်မှုရယူစဉ်က ကြုံတွေ့ခဲ့ရသည့်အခြေအနေများနှင့်စပ်လျဉ်း၍ ပေးပို့မေးမြန်းလိုက်သော SMS များကို မှန်ကန်စွာပြန်လည်ဖြေကြားပေးခြင်းဖြင့် သက်ဆိုင်ရာဌာနအသီးသီး၏ ဝန်ဆောင်မှုလုပ်ငန်းအရည်အသွေးကို သိရှိနိုင်မည်ဖြစ်ပြီး အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအတွက် လိုအပ်ချက်များကို ပြုပြင်နိုင်မည်ဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ ပြည်သူလူထုအနေဖြင့် ကော်မရှင်နှင့်ပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်းများရှိ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့များက Short Code နံပါတ် "1111" ဖြင့် SMS ပေးပို့မေးမြန်းလိုက်သော မေးခွန်းများကို ပြန်လည်ဖြေကြားပေးခြင်းသည် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးလုပ်ငန်းများတွင် တစ်ဖက်တစ်လမ်းက ပါဝင်ဆောင်ရွက်ခြင်းဖြစ်သဖြင့် အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်ကို

"အဂတိလိုက်စားမှုတားဆီးဖို့ " 1111 " ကိုဖြေကြားစို့"

"ဝန်ဆောင်မှုများကောင်းစေရေး " 1111 " ကိုဖြေကြားပေး"

အတူတကွ ပူးပေါင်းပါဝင်ဆောင်ရွက်စေလိုပါကြောင်း အသိပေးနှိုးဆော်တင်ပြအပ်ပါသည်။

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်

# လေပြင်းဘေးအန္တရာယ်ကြိုတင်ပြင်ဆင်ရေးနှင့်စပ်လျဉ်း၍ ပြည်သူသို့ အသိပေးနှိုးဆော်ချက်

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်
ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန

လေပြင်းဘေးအသိပညာပေးစာစောင်



မြန်မာနိုင်ငံအရပ်ရပ်တွင် နွေကြိုကာလ၊ နွေကာလနှင့် မိုးကြိုကာလများအတွင်း နေ့အပူချိန်များ တဖြည်းဖြည်းမြင့်တက်လာရာမှ အပူရှိန်တက်တိမ်များ ဖြစ်ထွန်း၍ မွန်းလွဲ/ညနေပိုင်းတို့တွင် မိုးတိမ်တောင်များ ဖြစ်ပေါ်နိုင်ပြီး အဆိုပါ မိုးတိမ်တောင်များ ရွေ့လျားရာနေရာတစ်လျှောက်တွင်ဖိုက်ဆင်းလေပြင်းများတိုက်ခတ်ခြင်း၊ လေပြင်းနှင့်အတူ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်းနှင့် နေရာကွက်ကျား မိုးထစ်ချုန်းရွာခြင်း စသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသည်။

၁

**လေပြင်းဘေးအတွက် ကြိုတင်ပြင်ဆင်ရန် အချက်များ**

၁။ မိမိအိမ်၏ကြံ့ခိုင်မှုကို ပုံမှန်စစ်ဆေးပြီး တောင့်တင်းခိုင်မာအောင် ပြုလုပ်ထားပါ။



၂။ လေပြင်းဒဏ် ခံနိုင်စေရေးအတွက် လိုအပ်သည့်နေရာများတွင် ထောက်တန်းများ/ဒေါက်တိုင်များ ထပ်မံအားဖြည့်တပ်ဆင်ပါ။

၃။ မြေဝင်အိမ်တိုင်များအား လိုအပ်လျှင် တိုင်ဖိနပ်ပတ်လည်တွင် မြေဖို့၍ သိပ်သည်းကျစ်လစ်အောင် ဆောင်ရွက်ပါ။

၄။ သွပ်အမိုးဖြစ်ပါက အစွန်းကျသောနေရာများတွင် သွပ်သံစိပ်စိပ်ရိုက်ပါ။ ဓနိ/သက်ကယ်အမိုးဖြစ်ပါက ဝါးရာဇမတ်ကွက်ကြက်နင်းဖြင့် ခိုင်ခံ့စွာ အုပ်ပါ။ သွပ်နန်းကြိုးဖြင့် ခိုင်မြဲစွာ ချည်နှောင်ပါ။



၂

၅။ အိမ်အကာအရံများ၊ တံခါးများ၊ ပြတင်းပေါက်များအား ပိုမိုခိုင်ခံ့စေရန် ကြိုတင်ဆောင်ရွက်ပါ။

၆။ အိမ်အနီးရှိ ကျိုးကျနိုင်သော သစ်ပင်/သစ်ကိုင်းများကို ခုတ်ထွင်ရှင်းလင်းထားပါ။



၇။ အိမ်အတွင်းရှိ ပြိုကျ၊ ပြုတ်ကျ၊ ကွဲရှနိုင်သော ပစ္စည်းများကို အန္တရာယ်မဖြစ်စေရန် မြဲမြံအောင် ပြုလုပ်ထားပါ။ မီးလောင်စေနိုင်သော ပစ္စည်းများကို စစ်ဆေး၍ လိုအပ်သလို ပြင်ဆင်ထားပါ။

၈။ အရေးပေါ် သုံးပစ္စည်းများ၊ စားရေရိက္ခာနှင့်အရေးကြီးစာရွက်စာတမ်းများကို မိမိနှင့်အတူ ထားရှိပါ။

၉။ မိသားစုများ အရေးပေါ်ပြောင်းရွှေ့နိုင်ရန် နေရာ၊ လမ်းကြောင်းများနှင့် မိသားစုဆုံရပ်ကို ကြိုတင်သတ်မှတ်ထားပါ။



၃

**လေပြင်းတိုက်ခတ်နေစဉ် သတိပြုလိုက်နာရန် အချက်များ**

၁။ လေပြင်းတိုက်ခတ်ချိန်တွင် အမှိုက်များနှင့် ပစ္စည်းများ လေနှင့်လွင့်ပါကာ အန္တရာယ်ဖြစ်စေနိုင်သောကြောင့် မလိုအပ်ဘဲ အပြင်သို့ မထွက်ပါနှင့်။



၂။ တံခါးများနှင့် ပြတင်းပေါက်များကို မြဲမြံစွာပိတ်ထားပါ။ မှန်ပြတင်းများအား တိတ်ပြားကြီးများဖြင့် ကန့်လန့်ဖြတ်ကပ်ထားပါ။



၃။ မှန်ပြတင်းပေါက်များနှင့် ဝေးရာတွင် နေထိုင်ပါ။

၄







## စွယ်တော်မြတ်စေတီတော်(မန္တလေး)
## ရွှေသင်္ကန်း၊ ရေဆေး၊ ဆီဆေး၊ သင်္ကန်းတော်များ ကပ်လှူပူဇော်နိုင်ရေးအတွက် အလှူတော်ငွေ လှူဒါန်းကြသည့် အလှူရှင်များစာရင်း

| စဉ် | အလှူရှင်မည် | လှူဒါန်းငွေ |
|---|---|---|
| ၁ | ခရိုင်အုပ်ချုပ်ရေးမှူး ဦးတင်ကိုလင်းနှင့် အမရပူရခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနဝန်ထမ်းများကောင်းမှု | ၁၀၀၀၀၀၀၀ |
| ၂ | ဒုတိယဗိုလ်မှူးကြီးကျော်စွာဦး + ဒေါ်မြမြသွယ်-မိသားစု(ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်-၁) | ၃၀၀၀၀၀ |
| ၃ | ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးကျော်သာဦးနှင့် တပ်ဖွဲ့ဝင်/မိသားစုများကောင်းမှု | ၃၀၀၀၀၀၀ |
| ၄ | မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးညွန့်ဦးနှင့် အမရပူရမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနဝန်ထမ်းများ | ၅၀၀၀၀၀၀ |
| ၅ | အမရပူရမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်(၁) ဗိုလ်မှူးကျော်တေဇ ဇနီးဒေါ်စန်းယုဆွေ သား-မောင်မင်းသုတ မိသားစု | ၅၀၀၀၀၀ |
| ၆ | အမရပူရမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်(၂) ဦးကိုကိုဇော် ဇနီး ဒေါ်အေးအေးစန်းမိသားစု | ၅၀၀၀၀၀ |
| ၇ | စွယ်တော်မြတ်စေတီတော်(မန္တလေး) ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဗိုလ်မှူးကြီးဦးအောင်ကျော်ဦး(ငြိမ်း) ဇနီးဒေါ်မြင့်မြင့်စန်း သားသမီးမြေးတစ်စု | ၁၀၀၀၀၀၀ |
| ၈ | စွယ်တော်မြတ်စေတီတော်(မန္တလေး) ဂေါပကအဖွဲ့ ဒုဥက္ကဋ္ဌ(၁) ဦးစိန်အောင် ဇနီး သုဓမ္မသိင်္ဂီ ဒေါ်ကြည်ကြည်ဝင်း(စိန်သံရည်ကျိုနှင့်သံနန်းဆွဲစက်ရုံ) သားသမီးမြေးတစ်စု | ၅၀၀၀၀၀၀ |
| ၉ | စွယ်တော်မြတ်စေတီတော်(မန္တလေး) ဂေါပကအဖွဲ့ဒုဥက္ကဋ္ဌ(၂)ဦးမျိုးကျော်သူ ဇနီး ဒေါ်အိသဉ္ဇာ (သမာဓိအိမ်ခြံမြေအကျိုးဆောင်လုပ်ငန်း)မိသားစု | ၅၀၀၀၀၀၀ |
| ၁၀ | စွယ်တော်မြတ်စေတီတော်(မန္တလေး) ဂေါပကအဖွဲ့အတွင်းရေးမှူး ဦးစန်းယု ဇနီး ဒေါ်ခိုင်မီထွန်း (လက်ထောက်ကထိက ငြိမ်း)(စန္ဒာမြိုင် ဘော်ဒါဆောင်)မိသားစု | ၃၀၀၀၀၀၀ |
| ၁၁ | စွယ်တော်မြတ်စေတီတော်(မန္တလေး) ဂေါပကအဖွဲ့အတွင်းရေးမှူး(၂) ဦးအောင်အောင် ဇနီးဒေါ်ခင်စန်းမြင့် (မန္တလာ ရွှေသီဟ ကုမ္ပဏီ)မိသားစု | ၃၀၀၀၀၀၀ |
| ၁၂ | စွယ်တော်မြတ်စေတီတော်(မန္တလေး) ဂေါပကအဖွဲ့အတွင်းရေးမှူး(၃) ဦးကျော်ကျော်လွင် (စက်မှုစီးပွားထူးချွန်) ဇနီး ဒေါ်အေးအေးစန်း(ဇွန်ငါးပွင့်စက်မှုလက်မှုလုပ်ငန်း)မိသားစု | ၁၀၀၀၀၀၀ |
| ၁၃ | စွယ်တော်မြတ်စေတီတော်(မန္တလေး) ဂေါပကအဖွဲ့ တွဲဖက်ဘဏ္ဍာရေးမှူး ဦးသောင်းတင် ဇနီး ဒေါ်သူဇာဝင်း(သိန်းသန်းငွေ သံရောင်းဝယ်ရေး)မိသားစု | ၅၀၀၀၀၀၀ |
| ၁၄ | ဦးဝင်းမောင် + ဒေါ်တင်လှ (ရွှေချိန်ခွင်သံနန်းဆွဲလုပ်ငန်း) စက်မှု-၂ | ၁၀၀၀၀၀၀ |
| ၁၅ | ဦးအောင်နိုင်မြင့် + ဒေါ်မြမြ (ထွန်းရောင်ခြည် သံရည်ကျိုလုပ်ငန်း) စက်မှု-၁ | ၅၀၀၀၀၀ |
| ၁၆ | ဦးနိုင်ထွန်းဦး + ဒေါ်ဝင်းရီ (နေလဝင်းသံပြားရောင်းဝယ်ရေးလုပ်ငန်း) စက်မှု-၁ | ၅၀၀၀၀၀ |
| ၁၇ | ဒေါ်ကျင်ရွှေ မိသားစု (ရွှေနန်းတော် သံရည်ကျိုလုပ်ငန်း) စက်မှု-၁ | ၅၀၀၀၀၀ |
| ၁၈ | ဦးသိန်းဦး + ဒေါ်အေးအေးခိုင် (သံရောင်းဝယ်ရေးလုပ်ငန်း) စက်မှု-၁ | ၃၀၀၀၀၀ |
| ၁၉ | ဦးကျော် + ဒေါ်ခင်သန်း(ကျော်ပင်ရင်းလေးခေါင်းနှင့် အဆောက်အဦသုံးပစ္စည်းရောင်းဝယ်ရေး) | ၃၀၀၀၀၀ |
| ၂၀ | ဦးအောင်ကိုတင့် + ဒေါ်အိအိထွန်း(အောင်ကြယ်စင် သံရောင်းဝယ်ရေး) စက်မှု-၁ | ၂၀၀၀၀၀ |
| ၂၁ | ဦးသိန်းဇော်၊ ဒေါ်မြင့်မြင့်သိန်း မိသားစု(ပေါက်ကျိုင်း သံရည်ကျိုလုပ်ငန်း) စက်မှု-၁ | ၁၀၀၀၀၀ |
| ၂၂ | ဦးဆယ်တင် + ဒေါ်ကြူကြူမြင့်(မြေစာရင်းဦးစီးမှူး) | ၃၀၀၀၀၀၀ |
| ၂၃ | သုဓမ္မမဏိဇောတဓရ ဦးအုန်းရွှေ + ဒေါ်ဇင်ဇင်နွယ်(ရွှေမန်းမေတ္တာစက်မှုလက်မှုလုပ်ငန်း) | ၁၀၀၀၀၀၀ |
| ၂၄ | ဒေါ်ညွန့်ရီ (သား) ဦးဝင်းဦး မိသားစု -စည်ပင်ရွာ | ၁၀၀၀၀၀၀ |
| ၂၅ | ဗိုလ်ကြီးအောင်ကိုကိုထွန်း မိသားစု | ၁၀၀၀၀၀ |
| ၂၆ | ဦးထွန်းမြင့် မိသားစု | ၅၀၀၀၀၀ |
| ၂၇ | ဦးသန်းမင်း + ဒေါ်ဘိုမ မိသားစု -ဖျောက်ဆိပ်ကုန်း | ၁၀၀၀၀၀၀ |
| ၂၈ | ဦးမင်းမင်းသိန်း + ဒေါ်ဝေဝေလွင် -ဝဲကြီးဆင်ရွာ | ၁၀၀၀၀၀၀ |
| ၂၉ | ကိုထွန်းဘနော မိသားစု | ၅၀၀၀၀၀ |
| ၃၀ | အမရပူရမြို့နယ် စည်ပင်သာယာရေးဝန်ထမ်း မိသားစု | ၅၀၀၀၀၀ |
| ၃၁ | ဦးဇင်မင်းနောင် + ဒေါ်ဇင်သူမြတ် အမရပူရမြို့ | ၂၀၀၀၀၀၀ |
| ၃၂ | ကိုသိန်းဇော်ထိုက် + မသူဇာထွေး မိသားစု (ဖူးမွန်းမုန့်ဆိုင်) | ၂၀၀၀၀၀ |
| ၃၃ | ဦးဖိုးဖြူ + ဒေါ်ချို (မိဘရိပ် သံရောင်းဝယ်ရေး)စက်မှု | ၃၀၀၀၀၀ |
| | စုစုပေါင်း | ၅၆၈၀၀၀၀၀ |

ဆက်သွယ်လှူဒါန်းရန် ၀၉-၂၅၆၈၂၇၂၂၃၊ ၀၉-၂၀၆၂၂၉၄၊ ၀၉-၅၁၄၇၂၁၂၊ ၀၉-၇၅၇၇၆၈၄၄၃

## အသိပေးကြေညာခြင်း

မိုးကုတ်မြို့၊ ကန်တော်ရပ်နေ ဦးဂိုဘင်ဒါ၏သမီး ဒေါ်လက်ချမီး၏ ယခင်နိုင်ငံသားစိစစ်ရေးကတ်အမှတ်မှာ (၉/မကန(နိုင်)၀၅၆၅၁၈)ဖြစ်ပြီး ယခုအသစ်ထုတ်ပေးသော နိုင်ငံသားစိစစ်ရေးကတ်အမှတ်မှာ(၉/မကန(နိုင်)၁၉၈၆၆၀) ဖြစ်ပါကြောင်း။ **ဒေါ်လက်ချမီး(၉/မကန(နိုင်)၁၉၈၆၆၀)**

## အသိပေးကြေညာခြင်း

မိုးကုတ်မြို့၊ ကန်တော်ရပ်နေ ဦးဂိုဘင်ဒါ၏သား ဦးဒီလာရမ်း၏ ယခင်နိုင်ငံသားစိစစ်ရေးကတ်အမှတ်မှာ (၉/မကန(နိုင်)၀၅၆၉၆၃)ဖြစ်ပြီး ယခုအသစ်ထုတ်ပေးသော နိုင်ငံသားစိစစ်ရေးကတ်အမှတ်မှာ(၉/မကန(နိုင်)၁၉၈၆၅၈) ဖြစ်ပါကြောင်း။ **ဦးဒီလာရမ်း(၉/မကန(နိုင်)၁၉၈၆၅၈)**

## ပျောက်ဆုံးကြောင်း

မန္တလေးတိုင်းဒေသကြီး၊ မိုးကုတ်မြို့နေ မသင်းသင်းမြတ် (ဘ) ဦးရှောက်ဖေ(၉/မကန(နိုင်)၁၇၀၄၈၀)၏ နိုင်ငံကူးလက်မှတ်အမှတ် (မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြား ပေးပါရန်။ ၀၉-၇၉၉၈၀၂၃၆

## ပျောက်ဆုံးကြောင်း

လားရှိုးမြို့၊ ရပ်ကွက်(၁)၊ နယ်မြေ(၈)နေ မောင်ဇော်ဌေး (ဘ) ဦးလောလီ(၁၃/လရန(နိုင်)၂၂၇၇၆၆)၏ နိုင်ငံကူးလက်မှတ်အမှတ် (ME-946438)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်း ကြားပေးပါရန်။ ၀၉-၇၆၆၄၉၃၁၈၇

## ပျောက်ဆုံးကြောင်း

ပြင်ဦးလွင်မြို့၊ ရေချမ်းအိုး (မ) အုပ်စု၊ ရပ်ကွက်ကြီး (၁၂)နေ ဒေါ်အေးအေးမာ (ဘ) ဦးအောင်ငွေ(၁/မကတ(နိုင်)၀၂၅၆၈၉)၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၄၄၂၀၉၀၀၁၆

# တဟုန်ဖန်

(၁) Cashier အမျိုးသမီး (၂)ဦး

(၂) အရောင်းဝန်ထမ်း အမျိုးသမီး (၄)ဦး

(၃) ပစ္စည်းပို့ဝန်ထမ်း အမျိုးသား (၆)ဦး
- (က) လိုင်စင်ရှိရမည်။

(၄) Marketing အမျိုးသား/အမျိုးသမီး (၆)ဦး
- ကိုယ်ပိုင်ဆိုင်ကယ်နှင့် (က)လိုင်စင်ရှိရမည်။

အထက်ပါဝန်ထမ်းများ လျှောက်ထားလိုပါက CV ဖောင် အပြည့်အစုံနှင့် နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ၊ အိမ်ထောင်စု လူဦးရေစာရင်း၊ ထောက်ခံစာနှင့် လူကိုယ်တိုင်လာရောက် လျှောက်ထားနိုင်ပါသည်။

**ဖုန်းနံပါတ်** - 09-783588880၊ 09-783688880၊ 09-257483611

**လိပ်စာ** - ၆၂ လမ်း၊ ၁၁၀ x ၁၁၁ လမ်းကြား၊ မန္တလေးမြို့။

**အိမ်ပြင်ပဌ် ထွန်းသော မီးများကို နေ့အလင်း ရောင်ရှိ ချိန်တွင် ပိတ်ထား ခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ**

❖ **လက်နက်ကိုင်ပဋိပက္ခကို နိုင်ငံရေးနည်းနဲ့ မဖြေရှင်းဘဲ အကြမ်းဖက်တိုက်ခိုက်မှုနဲ့ ဖြေရှင်းနေမှုတွေကို ယဉ်ကျေးတဲ့လူ့အဖွဲ့အစည်းတစ်ခုအနေနဲ့ လုံးဝလက်ခံလို့မရတာကြောင့် ဘုံရန်သူအဖြစ် သတ်မှတ်ပြီး ရှမ်းပြည်နယ်(မြောက်ပိုင်း) ဒေသကိုသာမဟုတ်ဘဲ နိုင်ငံတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းမှုပြန်လည်ရရှိတဲ့အထိ ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမှာဖြစ်ပါတယ်…**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ် ဩဂုတ် ၆ ရက်တွင် နိုင်ငံတော်၏ လုံခြုံရေးဆိုင်ရာအခြေအနေများနှင့်ပတ်သက်၍ ပြောကြားချက်မှ ကောက်နုတ်ချက်)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

**၂။ စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သောစိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်းထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့ တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

**၃။ လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့်ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံးသက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေးဗလငါးတန်နှင့် ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံအစိုးရအဖွဲ့ဝန်ကြီးချုပ် H.E. Mikhail Vladimirovich Mishustim တို့ တွေ့ဆုံဆွေးနွေးစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဝန်ကြီးချုပ် H.E. Mikhail Vladimirovich Mishustim နှင့် တွေ့ဆုံဆွေးနွေး

နေပြည်တော် မတ် ၄

ရုရှားဖက်ဒရေးရှင်းနိုင်ငံ မော်စကိုမြို့သို့ တရားဝင်ချစ်ကြည်ရေးခရီးရောက်ရှိနေသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနိုင်ငံတော်ဝန်ကြီးချုပ်ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့ဒေသစံတော်ချိန်နေ့လယ်ပိုင်းတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံအစိုးရအဖွဲ့ဝန်ကြီးချုပ် H.E. Mikhail Vladimirovich Mishustim နှင့် ရုရှားအစိုးရအဖွဲ့ အိမ်တော်အစည်းအဝေးခန်း၌ တွေ့ဆုံဆွေးနွေးသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် တွေ့ဆုံပွဲပြုလုပ်မည့် ရုရှားအစိုးရအဖွဲ့အိမ်တော်သို့ ရောက်ရှိလာရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံအစိုးရအဖွဲ့ ဝန်ကြီးချုပ်က ကြိုဆိုနှုတ်ဆက်၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကူးပြီး တွေ့ဆုံပွဲကို ကျင်းပပြုလုပ်သည်။

စာမျက်နှာ ၁၇ ကော်လံ ၁ ☆

